# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် ယခင် ဖွဲ့ချိန်ဆိုင်ရာ တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 31 July 2017 (၉၀၀၂)


## ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

### ပင်စင်စားတို့ဘဝ ပျော်ရမည် ဆုတောင်းအိပ်မက်တို့ ပြည့်လေပြီ

စာမျက်နှာ - ၆

### ရတနာတန်းဝင် ဆင်တို့၏ အနာဂတ်

စာမျက်နှာ - ၇

### ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်လျက်ရှိ

စာမျက်နှာ - ၈

### တရုတ်ပြည်သူတို့အတွက် အလုပ်အကျွေးပြုသည့် တပ်မတော်အဖြစ် သမ္မတ ရှီကျင့်ဖျင် ချီးကျူးဂုဏ်ပြု

နိုင်ငံတကာ စာမျက်နှာ - ၄



**ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့တွင် ဒါးကမြစ်ရေမြင့်တက်မှုကြောင့် ကျောင်းသားကျောင်းသူများ ကျောင်းသို့ ခက်ခဲစွာသွားလာနေရစဉ်။**
[မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းရှစ်ကျောင်းလည်း ယာယီပိတ်ထားရကြောင်း သိရသည်။] (သတင်း စာမျက်နှာ - ၈) *ဓာတ်ပုံ-နန်းထိုက်(ပြန်/ဆက်)*

# ပြည်သူလူထု ကျန်းမာရေးလုံခြုံမှုအတွက် တောင်ပြုံးပွဲတော်ကျင်းပမည့်ရက် အရေးပေါ်ရွှေ့ဆိုင်း

နေပြည်တော် ဇူလိုင် ၃၀

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် လတ်တလော H1N1 ရောဂါဖြစ်ပွားမှုအပေါ် မူတည်၍ ပြည်သူလူထု ကျန်းမာရေးလုံခြုံမှုအတွက် တောင်ပြုံးပွဲတော်ကျင်းပမည့်ရက်ကို H1N1 ရောဂါထိန်းချုပ်နိုင်သည့်ကာလအထိ အရေးပေါ်ရွှေ့ပြောင်းလိုက်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ အမိန့်အမှတ် (၃၈/၂၀၁၇) ဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။**

အဆိုပါထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**
**မန္တလေးမြို့**
**အမိန့်အမှတ် (၃၈/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A (H1N1) pdm 2009 ဖြစ်ပွားမှုနှင့်ပတ်သက်၍ (၂၉-၇-၂၀၁၇) ရက်နေ့ သတင်းထုတ်ပြန်ချက် အမှတ်စဉ်(၆)အရ တစ်နိုင်ငံလုံးအတိုင်းအတာအရ H1N1 သံသယလူနာ ၁၃၈ ဦး ဆေးရုံတက်ရောက်ကုသပြီး H1N1 ရောဂါရှိသူ လူနာ ၄၁ ဦး၊ သေဆုံးသူ ခုနစ်ဦးရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ H1N1 ရောဂါပိုးသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်းနှင့် ကူးစက်ပြန့်ပွားမှုလွယ်ကူခြင်းကြောင့် ပြည်သူလူထုကျန်းမာရေးလုံခြုံမှုအတွက် လွန်စွာအန္တရာယ်ကြီးမားကြောင်း သိရှိရပါသည်။

၃။ ၎င်းအပြင် နှစ်စဉ်ကျင်းပလျက်ရှိသည့် တောင်ပြုံးပွဲတော်ကျင်းပသည့်ရက်များမှာ H1N1 ရောဂါ ဖြစ်ပွားနေဆဲကာလအတွင်း ကျရောက်ပြီး ပွဲတော်ရက်မှာ (၃၁-၇-၂၀၁၇)ရက်နေ့မှ (၇-၈-၂၀၁၇) ရက်နေ့အထိ ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း တစ်နိုင်ငံလုံးမှ လာရောက်သည့်ပမာဏမှာ နေ့စဉ် အင်အားတစ်သိန်းဝန်းကျင်ခန့်ရှိသဖြင့် H1N1 ရောဂါဖြစ်ပွားမှုနှင့် ပြန့်ပွားမှုသည် ပြည်သူလူထုတစ်ရပ်လုံးအတွက် အထူးစိုးရိမ်ဖွယ်ရာဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ H1N1 ရောဂါဖြစ်ပွားမှုအပေါ် မူတည်၍ ပြည်သူလူထု ကျန်းမာရေးလုံခြုံမှုအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တောင်ပြုံးပွဲတော်ကျင်းပခွင့်ကို H1N1 ရောဂါထိန်းချုပ်နိုင်သည့်ကာလအထိ ပွဲတော်ရက်ကို အရေးပေါ်ရွှေ့ပြောင်းသင့်သည်ဟု သုံးသပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးရှိ ပြည်သူလူထု၏ ကျန်းမာရေးလုံခြုံမှုရှိစေရေးအလို့ငှာ တောင်ပြုံးပွဲတော် ကျင်းပခြင်းကို (၃၁-၇-၂၀၁၇) ရက်နေ့မှစ၍ H1N1 ရောဂါထိန်းချုပ်နိုင်သည့်ကာလအထိ ရက်ရွှေ့ဆိုင်းလိုက်သည်။

**ဒေါက်တာဇော်မြင့်မောင်**
**ဝန်ကြီးချုပ်**




ကြေးမုံ

# မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့ သုံးသပ်ဆုံးဖြတ်

"မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့သုံးသပ်ဆုံးဖြတ်" ဆိုသည်မှာ နိုင်ငံ့အကျိုးနှင့် ပြည်သူအကျိုးဆောင်ရွက်ရာ၌ ပြည်သူ့ကိုယ်စားလှယ်များ အားထုတ်လုပ်ကိုင်ရမည့် အလုပ်လမ်းညွှန်ချက်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဇူလိုင်လ ၂၇ ရက်နေ့က ပြုလုပ်သော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားခဲ့သော အမှာစကားဖြစ်သည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲယှဉ်ပြိုင်စဉ်ကာလက ပြည်သူလူထုက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သည့် အနိုင်ရပါတီသည် "ပြောင်းလဲချိန်တန်ပြီ"ဟူသော ကြွေးကြော်သံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါ ပြောင်းလဲချိန်တန်ပြီမှာ "စိတ်ဓာတ်ပြောင်းလဲ"ဖို့ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မှန်ပါသည်။ လူတိုင်း၊ လူတိုင်း စိတ်ဓာတ်မပြောင်းလဲလျှင် မည်သည့်အရာကိုမျှ ထိထိရောက်ရောက်ပြောင်းလဲနိုင်မည်မဟုတ်ချေ။

ပြည်သူပြည်သားများ စိတ်ဓာတ်များပြောင်းလဲစေချင်သည်ဆိုလျှင် ပထမဦးစွာ အစိုးရကိုယ်တိုင်က စတင်ပြောင်းလဲဖို့လိုသည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးထားသည်။ အစိုးရဟုဆိုရာ၌ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ပေးလိုက်သည့် ခေါင်းဆောင်များပါဝင်သလို နိုင်ငံ့ဝန်ထမ်းများလည်း ပါဝင်သည်။ အစိုးရဆိုသည်မှာ နှစ်တိုကာလဆောင်ရွက်ကြသူများဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများမှာ နှစ်ပေါင်းများစွာ အမြစ်တွယ်လုပ်ကိုင်လာခဲ့ကြသူများဖြစ်သည်။ နှစ်ပေါင်းများစွာ မပြောင်းမလဲဘဲ နေမြဲ၊ စားမြဲ၊ လုပ်မြဲ၊ ကိုင်မြဲဖြစ်နေ၍ ပထမဦးစားပေး ပြောင်းလဲကြရန်လိုအပ်ပေသည်။

ပြည်သူ့အစိုးရဆိုသည်မှာ ဝန်ထမ်းများအားလုံးပါဝင်သည့် အစိုးရဖြစ်ပြီး ပြည်သူများ၏ သုံးသပ်ဝေဖန်မှုများကို မှန်မှန်ကန်ကန် သတ္တိရှိရှိ ရင်ဆိုင်နိုင်ရမည်ဖြစ်သည်။ ပြည်သူများ၏ ထင်မြင်ယူဆချက်များကို အလေးထားရမည်ဖြစ်သည်။ နိုင်ငံအတွက် ပြည်သူပြည်သားများနှင့် လက်တွဲပြီး တိုးတက်သည်ထက် တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ အားသာချက်၊ အားနည်းချက်များ ရှိမည်ဖြစ်သော်လည်း နိုင်ငံအတွက် မိမိတို့အရည်အချင်းများကို အစွမ်းကုန်ထုတ်သုံးကြရမည်ဖြစ်သည်။ လေ့ကျင့်ပျိုးထောင်ကြရမည်ဖြစ်သည်။

ပြည်သူများထံမှ အမျိုးမျိုးမဲဆွယ်စည်းရုံးခဲ့ပြီး အစိုးရဖြစ်သောအခါ ပြည်သူများ၏ဆန္ဒကို လျစ်လျူရှုခြင်းသည် အစိုးရကောင်းများ၏ အလုပ်မဟုတ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လမ်းကြောင်းကိုထုတ်ပြန်ရာတွင် အများအကြိုက်ကိုလိုက်၍ မဖြစ်နိုင်ဘဲ အများအကြိုက်သည် မှန်သည်၊ မမှန်သည်ဆိုခြင်းကို မိမိတို့ မှန်မှန်ကန်ကန် သုံးသပ်နိုင်ရမည်ဖြစ်ကြောင်း၊ သုံးသပ်ချက်အပေါ် ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်ရမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပွင့်ပွင့်လင်းလင်းပြောကြားထားသည်။

ပြောင်းလဲချိန်တန်ပြီဆိုသည်မှာ အစိုးရတွင်ပါဝင်သည့် ဝန်ထမ်းများက စတင်ပြောင်းလဲကြပြီး ပြည်သူလူထု၏ယုံကြည်မှုကို တည်ဆောက်နိုင်ရမည်ဖြစ်သည်။ ပြည်သူလူထုက အစိုးရအပေါ် ယုံကြည်လျှင် နိုင်ငံ့ပုံရိပ်ကောင်းမွန်လာပြီး နိုင်ငံနှင့်ပြည်သူအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။ ဒီမိုကရေစီစနစ်သည် အများအကြိုက်၊ အများဆန္ဒကို အလေးထားဆောင်ရွက်ရသောစနစ်ဖြစ်သော်လည်း အများအကြိုက်မှာ မှန်၏၊ မမှန်၏ မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်သော အရည်အချင်းများနှင့် ပြည့်စုံအောင် အားထုတ်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်သည် အများဆန္ဒဖြစ်သည်ဆိုတိုင်း မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်ခြင်းမရှိလျှင် အမှားများနှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည်ကို သတိမူရမည်ဖြစ်သည်။

မျက်မှောက်ကာလ စစ်မှန်သောဒီမိုကရေစီနိုင်ငံကို တည်ထောင်နေသောအချိန်ကာလတွင် စိန်ခေါ်မှုများစွာတို့ကို ရင်ဆိုင်ကြုံတွေ့နေရပြီး အများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ကြုံတွေ့လာတိုင်း မှန်မှန်ကန်ကန် သုံးသပ်ကာ ရဲရဲဝံ့ဝံ့ဆုံးဖြတ်လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်းဖြင့် မှန်ကန်သောလမ်းကြောင်းပေါ်သို့ တူရူတက်လှမ်းနိုင်အောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ဝန်ကို ထမ်းဆောင်ကြရာတွင် ဝေဖန်သုံးသပ်မှုများကို ခံနိုင်ရည်ရှိရမည်ဖြစ်သလို မှန်မှန်ကန်ကန်သုံးသပ်ဆုံးဖြတ် လုပ်ကိုင်နိုင်စွမ်းများလည်းရှိအောင် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါကြောင်း။ ။

# ရာသီတုပ်ကွေးရောဂါထိန်းချုပ်ကုသနိုင်ရေးနှင့် မပြန့်ပွားစေရေးအတွက် ကျပ်သိန်း ၅၀၀ နှင့် ရောဂါကာကွယ်ရေးအသုံးအဆောင်ပစ္စည်းစုံ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၀**

လတ်တလော ဖြစ်ပွားနေသော Seasonal Influenza A (H1N1) pdm09 ရာသီတုပ်ကွေးရောဂါကို အမြန်ဆုံးထိန်းချုပ်ကုသနိုင်ရေးနှင့် မပြန့်ပွားစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ အလှူငွေကျပ်သိန်း ၅၀၀ နှင့် ရောဂါကာကွယ်ရေး အသုံးအဆောင်ပစ္စည်းများဖြစ်သည့် Personal Protective Equipment (PPE) အစုံ ၂၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ ကျင်းပရာ အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ ကမ္ဘောဇအုပ်စု၏ အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးညိုမြင့်နှင့် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။




ထို့နောက် အလှူငွေကျပ် သိန်း ၅၀၀ နှင့် ရောဂါကာကွယ်ရေးပစ္စည်း အစုံ ၂၀၀ ကိုလည်းကောင်း၊ SML Medical Center နှင့် OKKAR THIRI Co, Ltd. တို့က အလှူငွေနှင့် Seasonal Influenza A (H1N1) pdm09 ကာကွယ်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအနေဖြင့် ဇူလိုင် ၂၆ ရက်ကလည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် Seasonal Influenza A (H1N1) pdm09 ရာသီတုပ်ကွေးလူနာများကို ကုသပေးနေသည့် ဆရာဝန်၊ သူနာပြုနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအတွက် အရေးပေါ်လိုအပ်နေသော ကာကွယ်ရေးပစ္စည်း (Personal Protective Equipment - PPE) အစုံ ၆၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အပြင် Seasonal Influenza A (H1N1) pdm09 တွေ့ရှိရသည့် ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အခြားလိုအပ်သော ဒေသများကို ဆက်လက်ကူညီပံ့ပိုးနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ပူးပေါင်း၍ ဆက်လက်ကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**(၀၁၀)**

# ရာသီတုပ်ကွေး(H1N1)နှင့် ကြက်ငှက်တုပ်ကွေး(H5N1) ရောဂါဆိုင်ရာသိကောင်းစရာများ အသိပညာပေးရှင်းလင်း

**သထုံ ဇူလိုင် ၂၀**

ရာသီတုပ်ကွေးရောဂါ(H1N1)နှင့် ကြက်ငှက်တုပ်ကွေးရောဂါ(H5N1)ဆိုင်ရာ သိကောင်းစရာအချက်များကို ယနေ့နံနက်က သထုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် တာဝန်ရှိသူများက သထုံမြို့ သုဝဏ္ဏခန်းမ၌ ဒေသခံပြည်သူများအား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်တို့က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသင်းသင်းအိကရာသီတုပ်ကွေးရောဂါ (H1N1) ဖြစ်ပွားပုံနှင့် ကူးစက်မခံရအောင် ဂရုပြုနေထိုင်ရမည့် နည်းလမ်းတို့ကိုရှင်းလင်းပြောကြားကာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမက်အောင်က ကြက်ငှက်တုပ်ကွေးရောဂါ(H5N1)နှင့်ပတ်သက်သည့် ဂရုပြုရန်လိုအပ်သည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

သထုံခရိုင်အတွင်း (H1N1) ရောဂါနှင့် ပတ်သက်သည့် သံသယလူနာများ မရှိသေးသော်လည်း ရှိလာပါက ဆေးရုံ၌ယာယီထားရှိချိန်အတွက် လိုအပ်သော ပြင်ဆင်မှုများကို ပြုလုပ်ထားကြောင်း ရောဂါလူနာများရှိလာပါက သက်ဆိုင်ရာမြို့နယ်ဆေးရုံများတွင် ကုသခြင်းမပြုဘဲ ချက်ချင်းစေလွှတ်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်နှင့် ဘဲမွေးမြူရေးလုပ်ကိုင်သူများနှင့် စိတ်ပါဝင်စားကြသည့် ဒေသခံပြည်သူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြပြီး သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေးခဲ့ကြကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**မိုးမိတ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်တွင် ခရိုင်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီနှင့် မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီတို့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၇ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းမှူး ဦးဝင်းကြိုင်က ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ မိုးမိတ်၊ မဘိမ်း နှစ်မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများကလည်း မိုးမိတ်ခရိုင်အတွင်းရှိ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားတည်ဆောက်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

ရာသီတုပ်ကွေးရောဂါ [Seasonal Influenza A (H1N1) pdm09]ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် သင်ကြားရေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ [Seasonal Influenza A (H1N1) pdm09]နှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ကုသမှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊

ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်သည့် သတင်းများကို ထိမ်ချန်ထားခြင်းမရှိဘဲ သတင်းအမှန်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ဆေးရုံကြီးများ၌ ရာသီတုပ်ကွေးရောဂါသံသယဖြင့် ဇူလိုင် ၁ ရက်မှ ယနေ့အထိ ဆေးရုံတက်ရောက်သူများစာရင်းကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်မှုရှုထောင့်မှ သုံးသပ်လျက်ရှိပါကြောင်း၊

ပညာပေးလက်ကမ်းစာစောင်နှင့် ပိုစတာများကို အမြောက်အမြားထုတ်လုပ်ထားပြီး ဖြန့်ဝေလျက်ရှိပါကြောင်း၊ ယခုလတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုအား အောင်မြင်စွာ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြင့်မားစွာဖြင့် သတိရှိစွာ မိမိကိုယ်ကိုမိမိကာကွယ်စောင့်ရှောက်နိုင်မှု၊ ဝန်ကြီးဌာနမှထုတ်ပြန်ထားသော လိုက်နာရန်အချက်များအတိုင်း လိုက်နာဆောင်ရွက်မှုတို့သည် အလွန်အရေးပါသည်ဖြစ်ပါကြောင်း၊ လိုက်နာရမည့် အချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီ နေ့စဉ်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း၊

GP ဆရာဝန်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း GP အဖွဲ့ငယ်နှင့် ချိတ်ဆက်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ မီဒီယာများအနေဖြင့် ပြည်သူများထံ သတင်းမှန်များ တင်ပြကြရန် လိုအပ်ပါကြောင်း၊ ယခုအချိန်သည် မီဒီယာများ၏ပံ့ပိုးမှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းလိုအပ်ချက်များကို CEU နှင့် CMSD ချိတ်ဆက်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဗဟိုတွင်သာမက တိုင်းဒေသကြီး/ပြည်နယ်များတွင် အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်ကလည်းကောင်း၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ Global Situation နှင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်) ဒေါက်တာသန်းထွန်းအောင်ကလည်းကောင်း၊ ဓာတ်ခွဲခန်းကိစ္စများနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဓာတ်ခွဲ) ဒေါက်တာဌေးဌေးတင်ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။



ထို့နောက် ဆေးတက္ကသိုလ်(၁)ရန်ကုန်ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်လင်းအောင်၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီး(ရန်ကုန်) အဆုတ်နှင့် ရင်ခေါင်းဆေးကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းနိုင်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးချိုနှင့်ဟော်မုန်းရောဂါကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်စောသန်းတို့က ရှင်းလင်းဆွေးနွေးကြပြီး လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံ(ဝေဘာဂီ)သို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက ရာသီတုပ်ကွေးရောဂါဖြင့် ရောက်ရှိလာသောလူနာများ လက်ခံကုသပေးနေမှုအခြေအနေ၊ ကုသမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများအားတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆေးရုံအတွင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## H1N1 ရောဂါ သံသယဖြစ်ပါက ဆေးရုံသို့လာရောက်ပြသလျှင် အသက်ရှင်နိုင်

**ရန်ကုန် ဇူလိုင် ၃၀**

ရာသီတုပ်ကွေး H1N1 ရောဂါဖြစ်နေသည်ဟု သံသယရှိပါက ဆေးရုံသို့လာရောက်ပြသလျှင် အသက်ရှင်နိုင်ကြောင်း ယနေ့မွန်းလွဲပိုင်း၌ ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်တွင် ပြုလုပ်သည့် ရာသီတုပ်ကွေးရောဂါ[(Seasonal Influenza A (H1N1) pdm09]ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

"အခုအချိန်အထိ သုံးသပ်တာအခြေအနေကောင်းပါတယ်။ အဓိကကတော့သေနှုန်းကျဖို့က စောစောစီးစီးဆေးရုံလာဖို့လိုပါတယ်။ သံသယဖြစ်ပြီဆိုတာနဲ့ ဆေးရုံလာရင်ရှင်ဖို့များတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

အဆိုပါ ရောဂါပိုးရှိသူများကိုကုသရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အထူးကြပ်မတ်ကုသဆောင် ခုတင်အရေအတွက် မလုံလောက်သည့်အတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ ဝေဘာဂီကူးစက်ရောဂါကုဆေးရုံသို့ပြောင်းရွှေ့ကုသသွားမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ပြောသည်။

"ဝေဘာဂီဆေးရုံရဲ့ Isolation Ward မှာ လူနာ ၁၅ ယောက်စာအတွက်ရယ်၊ အထူးကြပ်မတ်ဆောင်မှာ လူနာငါးဦးစာ ခုတင်နဲ့ နောက်ထပ်လူနာ ၂၀ အတွက်လည်း ပြင်ဆင်ထားပါတယ်။ ထပ်ပြီးအခန်းကျယ် ၂၃ ခန်းမှာလည်း စီစဉ်ထားပါတယ်" ဟု ဒေါက်တာ သာထွန်းကျော်က ပြောသည်။

**(ဇာနည်မောင်)**

## မကွေးတိုင်းဒေသကြီးတွင် H1N1 သံသယရှိလူနာနှစ်ဦးအား စစ်ဆေးရာ ရောဂါပိုးတွေ့ရှိမှု မရှိ

**မကွေး ဇူလိုင် ၃၀**

ရန်ကုန်ဆေးရုံကြီးတွင် H1N1 စစ်ဆေးတွေ့ရှိရသည့် လူနာနစ်ဦးမှာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ဂွေးကုန်းကျေးရွာတွင် ယခုရက်ပိုင်းတည်းခိုနေထိုင်ခဲ့သည့်သတင်း ကြားသိရ၍ ကျန်းမာရေးဌာနက နတ်မောက်မြို့နယ်အတွင်းမှ ဂွေးကုန်းကျေးရွာ ငါးရွာသို့ နယ်မြေကွင်းဆင်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးထံမှ သိရသည်။

"ကျန်းမာရေးဌာနအနေနဲ့ နယ်မြေကွင်းဆင်းပြီး စုံစမ်းကြည့်တဲ့အခါ ဂွေးကုန်းဆိုတဲ့ကျေးရွာက နတ်မောက်မြို့နယ်မှာ ငါးရွာတောင်ရှိနေတာကြောင့် အဲဒီ ငါးရွာလုံးက အဖျားရောဂါဖြစ်ပွားလူနာတွေအပေါ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ဒီနေ့အထိ H1N1 ပြင်းထန်တုပ်ကွေးရောဂါ လုံးဝမတွေ့ရပါဘူး"ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အထူးရောဂါနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာချမ်းမြေ့အေးသောင်က ပြောသည်။

မကွေးတိုင်းဒေသကြီး ဆေးရုံကြီးသို့ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တုပ်ကွေးဖျားသည့် လူနာ နှစ်ဦးအား H1N1 သံသယရှိသဖြင့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာမှာလည်း စစ်ဆေးပြန်ကြားချက်အရ H1N1 ရောဂါပိုး မတွေ့ရှိရကြောင်း ၎င်းက ဆက်လက်ပြောသည်။

H1N1 ပြင်းထန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး တီဘီဌာနမှ N 95 Mask များအား တိုင်းဒေသကြီးအတွင်း ၂၅ မြို့နယ်ရှိဆေးရုံများသို့ တစ်မြို့နယ်လျှင် အခု ၁၂၀ စီ၊ မကွေးတိုင်းဒေသကြီးဆေးရုံကြီးတွင် အခု ၁၄၈၀၊ သင်ကြားရေးဆေးရုံတွင် အခု ၂၄၀ ဖြန့်ဝေပေးထားကြောင်းနှင့် နတ်မောက်မြို့နယ်မှ အဖျားရောဂါဖြစ်ပွားလူနာများအား စောင့်ကြပ်ကြည့်ရှုစမ်းသပ်နိုင်ရန်အတွက် Non-Contact Thermometer နှစ်ခု ဖြန့်ဝေထားကြောင်း၊ ရောဂါမဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## လျှပ်စစ်ပို့အား ပြည့်မီရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဖြူးမြို့နယ် ဇေယျဝတီမြို့ လျှပ်စစ်ရုံးမှ ဆောင်ရွက်လျက်ရှိ

**ဖြူး ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီမြို့ မြို့လျှပ်စစ်ရုံးမှ မြို့လျှပ်စစ် အင်ဂျင်နီယာ ဦးကျော်ဇေယျနှင့် ဝန်ထမ်းများသည် လျှပ်စစ်ပို့အား ပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် အန္တရာယ် ကင်းရှင်းရေးတို့အတွက် ယနေ့ နံနက် ၉ နာရီမှ စ၍ လမ်းဘေးရှိ လျှပ်စစ်ဓာတ်ကြိုးနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဇေယျဝတီမြို့ မြို့မ(၁)ရပ်ကွက်ရှိ KVA Rating 300 ဗို့အား TRANSFORMER အား လိုအပ်သောဆီများ ထပ်မံဖြည့်ဆည်းခြင်းနှင့် သန့်ရှင်းမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး ၎င်း TRANSFORMER သည် မီတာအလုံး ၈၀၀ ကျော် အသုံးပြုနိုင်ကြောင်း ဇေယျဝတီမြို့ မြို့လျှပ်စစ်ရုံးမှ သိရသည်။

**(ဖြူးမြင့်ဦး)**

## ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**ရန်ကုန် ဇူလိုင် ၃၀**

အင်းစိန်မြို့နယ်ရှိ လူစည်ကားသည့် ဖော့ကန်ရပ်ကွက် အောက်မင်္ဂလာဒုံလမ်းမ ဝါဦးလမ်းထိပ်၊ အောက်မင်္ဂလာဒုံလမ်းမ မင်္ဂလာလမ်းထိပ်နှင့် အောင်သိဒ္ဓိလမ်းအတွင်း စုရပ် သုံးနေရာတို့၌ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက H1N1 ကူးစက်ရောဂါဆိုင်ရာ ကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများကို ရပ်/ကျေး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ ဦးဆောင်ပြီး ပရဟိတအဖွဲ့များ၊ စေတနာရှင်များနှင့် တာဝန်ရှိသူများ ပူးပေါင်းအင်အား ၁၂၀ ခန့်တို့ဖြင့် အခမဲ့ လိုက်လံဖြန့်ဝေပေးခဲ့ကြသည်။

ထိုသို့ ဖြန့်ဝေခဲ့ရာတွင် အမှတ်(၁) (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်၊ ဦးဝေဖြိုးဟန်တို့က လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင် ၆၅၀၀ နှင့် နှာခေါင်းစည်း အခု ၅၀၀၀ တို့ကို လူစည်ကားသည့် စုရပ်သုံးနေရာတို့၌ ပြည်သူများလက်ဝယ်အရောက် အခမဲ့ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**(ညဏ်ဟိန်း)**



# တရုတ်ပြည်သူတို့အတွက် အလုပ်အကျွေးပြုသည့် တပ်မတော်အဖြစ် သမ္မတရှီကျင့်ဖျင် ချီးကျူးဂုဏ်ပြု

**ကျူးရေးဟီ ဇူလိုင် ၃၀**
တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ဆယ်စုနှစ်ကိုးစုကြာမျှ နိုင်ငံတော်နှင့်ပြည်သူတို့အတွက် အလုပ်အကျွေးပြုခဲ့ပြီးဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ချီးကျူးဂုဏ်ပြုလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ သမ္မတရှီသည် ဩဂုတ် ၁ ရက်တွင် ကျရောက်မည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်ခြင်း နှစ် (၉၀) ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျူးရေးဟီစစ်လေ့ကျင့်ရေးအခြေစိုက်စခန်း၌ ပြုလုပ်သည့် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှုဖြင့် ပြည်သူ့တပ်မတော်သည် နှစ်ပေါင်း(၉၀)ကြာမျှ ချီတက်လာခဲ့ပြီးဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ပါတီ၏အောင်လံတံခွန်ဖြစ်ကြောင်း၊ ပြည်သူတို့၏မျှော်လင့်ချက်ကို ထမ်းရွက်သယ်ပိုးခဲ့ကြောင်း၊ နိုင်ငံခြားကျူးကျော်မှုကို အသက်သွေးချွေးဖြင့် တွန်းလှန်ချေမှုန်းခဲ့ကြောင်း၊ ပြည်သူတို့၏အကျိုးစီးပွားကိုသယ်ပိုးကာ ထာဝရရှင်သန်နေမည့် အောင်မြင်မှုကိုရရှိခဲ့ကြောင်း သမ္မတရှီက ချီးကျူးစကားပြောကြားသည်။

တရုတ်နိုင်ငံ၏အကြီးဆုံးသော စစ်ရေးလေ့ကျင့်ရေးကွင်း၌ စစ်ရေးပြအခမ်းအနားကို ကျင်းပခဲ့ရာတွင် သမ္မတရှီက တပ်ကိုကြည့်ရှုစစ်ဆေးခဲ့သည်။ ကျူးရေးဟီအမည်ရှိစစ်ရေးလေ့ကျင့်ရေးကွင်းသည် ဂိုဘီသဲကန္တာရအစွန်အဖျား၌ တည်ရှိသည်။

ဩဂုတ် ၁ ရက်သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ထူထောင်မှု နှစ်ပတ်လည်နေ့ဖြစ်ပြီး စစ်ရေးပြပွဲအပြင် ပျော်ပွဲရွှင်ပွဲများကိုလည်း ပူးတွဲကျင်းပလျက်ရှိသည်။ **ဆင်ဟွာ။**



# ဘိန်းဖြူသယ်ဆောင်လာသော ရေယာဉ်တစ်စင်းကို အိန္ဒိယကမ်းရိုးတန်းစောင့်တပ်ဖွဲ့ ဖမ်းဆီး

**နယူးဒေလီ ဇူလိုင် ၃၀**
အိန္ဒိယအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၏ ကမ်းလွန်ပင်လယ်ပြင်အတွင်း ဘိန်းဖြူသယ်ဆောင်လာသော ရေယာဉ်တစ်စင်းကို ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂူဂျာရတ်ပြည်နယ်ကမ်းလွန်တွင် ဖမ်းဆီးရမိသည့် ဘိန်းဖြူပမာဏမှာ ကီလိုဂရမ် ၁၅၀၀ ခန့်ဖြစ်ပြီး ကာလပေါက်ဈေး ရူပီး ၃၅ ဘီလီယံ (အမေရိကန် ဒေါ်လာ ၅၄၅ ဒသမ ၉၄)တန်ဖိုးဖြစ်ကြောင်း ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဂူဂျာရတ်ပြည်နယ် ပင်လယ်ကမ်းရိုးတန်းဒေသ၏ ကမ်းလွန်တွင် အိန္ဒိယကမ်းရိုးတန်းစောင့်တပ်ဖွဲ့မှ စစ်ရေယာဉ်တစ်စင်းက မူးယစ်ဆေးဝါးသယ်ဆောင်လာသည့် ရေယာဉ်ကို ကြားဖြတ်ဟန့်တားကာ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါရေယာဉ်ကို ပင်လယ်ကမ်းရိုးတန်းဒေသရှိ ပေါ်ဘန်ဒါ ဆိပ်ကမ်းသို့ ခေါ်ဆောင်လာခဲ့ပြီး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

အိန္ဒိယကမ်းရိုးတန်းစောင့်တပ်ဖွဲ့က ယခုဖြစ်ရပ်သည် ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးဝါးသယ်ဆောင်မှုများအနက် မူးယစ်ဆေးဝါးအများဆုံး ဖမ်းဆီးရမိသည့် ဖြစ်ရပ်ဖြစ်သည်ဆို၏။

ယင်းမူးယစ်ဆေးဝါးဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အိန္ဒိယရေတပ်၊ စုံစမ်းရေးမှူးဗျူရို၊ ရဲတပ်ဖွဲ့၊ အကောက်ခွန်နှင့် ကမ်းရိုးတန်းစောင့် တပ်ဖွဲ့တို့က စုံစမ်းစစ်ဆေးမှုများကို အသေးစိတ်ပြုလုပ်သွားရန် စီစဉ်လျက်ရှိကြသည်။

ထောက်လှမ်းရေးသတင်းအရ ဘိန်းဖြူသယ်ဆောင်လာသော ရေယာဉ်တစ်စင်းကို ဇူလိုင် ၂၉ ရက် မွန်းတည့်ချိန်ဝန်းကျင်တွင် ကြားဖြတ်ဟန့်တား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**



# ဘာစီလိုနာ၌ တေးဂီတဖျော်ဖြေပွဲကျင်းပစဉ် မီးလောင်မှုဖြစ်ပွား လူပေါင်း နှစ်သောင်းကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်း

**မက်ဒရစ် ဇူလိုင် ၃၀**
စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ဇူလိုင် ၂၉ ရက် ညက တေးဂီတဖျော်ဖြေပွဲကျင်းပနေစဉ် မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားရာ လူပေါင်း ၂၂၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားကြသည်။

မီးတောက်များထိုးထွက်နေသည့် စင်မြင့်အနီးအပါးမှ ပွဲတော်လာသူများ ထွက်ပြေးလာကြပုံကို ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ဖော်ပြခဲ့သည်။ စပိန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဘာစီလိုနာမြို့၌ အီလက်ထရွန်နစ်တေးဂီတဖျော်ဖြေပွဲကျင်းပစဉ် မီးလောင်မှုဖြစ်ပွားခဲ့ရာတွင် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဖျော်ဖြေပွဲပြုလုပ်ရာ စင်မြင့်ပေါ်၌ မီးရှူးမီးပန်းများ ပစ်ဖောက်ရာမှ မီးလောင်မှုဖြစ်ပွားရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ရေးသားဖော်ပြသည်။

စင်မြင့်ရှိ အသံပိုင်းဆိုင်ရာစနစ်ကို မီးတောက်များက ဝါးမျိုသွားပြီး စက္ကန့်ပိုင်းအကြာတွင် မီးတောက်ကြီးများ ထွက်ပေါ်လာခဲ့ရာ ဂီတပွဲတော်လာ ပရိသတ်များ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ကြကြောင်း အင်တာနက်လူမှုကွန်ရက်သတင်းများအရ သိရသည်။

Tomorrow Land Unite Spain ဟု အမည်ပေးထားသော တေးဂီတပွဲတော်ကို ၁၂ နာရီကြာ ကျင်းပရန် စီစဉ်ခဲ့သည်။ ယင်းပွဲတော်သည် ကမ္ဘာပေါ်ရှိ အီလက်ထရွန်နစ် တေးဂီတပွဲတော်များအနက် အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်ပြီး ဘာစီလိုနာမြို့၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။

**ဆင်ဟွာ။**

■

# အကြမ်းဖက်ဝါဒကင်းစင်ရေးနှင့် အာရှတစ်လွှားတည်ငြိမ်အေးချမ်းရေး ဆွေးနွေး

**မနီလာ ဇူလိုင် ၃၀**
အာရှ-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံခြောက်နိုင်ငံက ဒေသတွင်းလုံခြုံအေးချမ်းမှုရှိစေရန် စစ်သွေးကြွအဖွဲ့များ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ကာ ၎င်းတို့၏ အင်အားကြီးထွားလာမှုကို ထိန်းချုပ်ရန် ရည်ရွယ်ပြီး နိုင်ငံအချင်းချင်း ရရှိသောသတင်းအချက်အလက်များဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ဇူလိုင် ၂၉ ရက်တွင် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ဘက်ပိုင်းရှိ မင်ဒါနာအိုကျွန်းတွင် ဖိလစ်ပိုင်တပ်မတော်နှင့် အိုင်အက်စ်အဖွဲ့ သစ္စာခံစစ်သွေးကြွများအကြား ပြင်းထန်သောတိုက်ပွဲများဆင်နွှဲလျက်ရှိသည်မှာ နှစ်လကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှ စစ်သွေးကြွအဖွဲ့များက ဖိလစ်ပိုင်နိုင်ငံရှိ အိုင်အက်စ်အဖွဲ့ သစ္စာခံစစ်သွေးကြွများနှင့် လာရောက်ပူးပေါင်းကာ ဖိလစ်ပိုင်တပ်မတော်အား တန်ပြန်တိုက်စစ်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများအနက် ဖိလစ်ပိုင်၊ မလေးရှားနှင့် ဩစတြေးလျနိုင်ငံများအပါအဝင် နိုင်ငံခြောက်နိုင်ငံမှ အကြမ်းဖက်တိုက်ဖျက်ရေးတာဝန်ယူထားသော ဝန်ကြီးများက အင်ဒိုနီးရှားနိုင်ငံ ဆူလာဝီဆီကျွန်း၌ ဇူလိုင် ၂၉ ရက်က တွေ့ဆုံခဲ့ကြပြီး ဒေသတွင်းလုံခြုံရေးအတွက် အကြမ်းဖက်အဖွဲ့များအား မည်သို့ကိုင်တွယ်ထိန်းချုပ်ရမလဲဆိုသည့် နည်းလမ်းကောင်းများရရှိရန် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဝန်ကြီးများက ဒေသတွင်းလုံခြုံအေးချမ်းမှုရှိစေရန် အကြမ်းဖက်အဖွဲ့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို နိုင်ငံအချင်းချင်းဖလှယ်ကာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

ဒေသတွင်းနိုင်ငံများအနေဖြင့် အရှေ့တောင်အာရှတွင် အင်အားချဲ့ထွင်လာသည့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ လုပ်ရပ်များကို မျက်ခြည်မပြတ်စောင့်ကြည့်ရန်လိုအပ်ကြောင်းနှင့် ဒေသတွင်းနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း အင်ဒိုနီးရှားဝန်ကြီး ဝီရန်တိုက မီဒီယာသို့ ပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ။**



# ဖက်ဒရယ်ဝါဒဆိုတာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးတဲ့အဆင့်တစ်ခုဖြစ်

## မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး Mr. Nicholas Coppel နှင့် တွေ့ဆုံမေးမြန်းခြင်း

**ဇူလိုင် ၃၀ ရက်ထုတ် The Global New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်အတူ မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးအခြေအနေနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး Mr. Nicholas Coppel နှင့် တွေ့ဆုံမေးမြန်းထားမှုကို ဘာသာပြန်ဆိုဖော်ပြအပ်ပါသည်-**

ဘာသာပြန်- သာစိန်၊ ကျော်ထိုက်စိုး



**မေး။ ။ မြန်မာနဲ့ဩစတြေးလျတို့ဟာ ၁၉၅၂ ခုနှစ်ကစပြီး သံတမန်ဆက်ဆံရေးထူထောင်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးနဲ့စီးပွားရေးပြုပြင်ပြောင်းလဲမှုကြောင့် ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာ နှစ်နိုင်ငံဆက်ဆံရေးဟာ ပိုပြီးရင်းနှီးကျွမ်းဝင်လာခဲ့ကြပါတယ်။ နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာတာနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့ အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးဟာ ၁၉၅၂ ခုနှစ်ကတည်းက တည်ထောင်ခဲ့ကြတာမှန်ပါတယ်။ တပ်မတော်အစိုးရတာဝန်ယူစဉ်မှာလည်း နှစ်နိုင်ငံဆက်ဆံရေးဟာ ဆက်လက်တည်ရှိခဲ့ပါတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ သံရုံးပိတ်ခဲ့တာတို့၊ သံအမတ်ကို ပြန်လည်ရုပ်သိမ်းတာတို့ မရှိခဲ့ပါဘူး။ အချို့နိုင်ငံတွေလို မြန်မာနိုင်ငံအပေါ် ကုန်သွယ်ရေးအရ ပိတ်ဆို့တာမျိုးလည်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့ ဩစတြေးလျဟာ မြန်မာနိုင်ငံနဲ့ဆက်ဆံရာမှာ အခြားနိုင်ငံများနဲ့မတူဘဲ အနည်းငယ်ကွဲပြားတဲ့ ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုခဲ့ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒုက္ခရောက်နေတဲ့ မြန်မာပြည်သူတွေကို ထိခိုက်နစ်နာစေမယ့်လုပ်ရပ်များကို မလုပ်ချင်လို့ပါ။

ကုန်သွယ်ရေးအရ ပိတ်ဆို့အရေးယူမှုတွေ မလုပ်ခဲ့သော်လည်း စစ်ပစ္စည်းတင်ပို့မှု၊ တပ်မတော်နဲ့ထိတွေ့ဆက်ဆံမှုတွေကိုတော့ ကျွန်တော်တို့ ကန့်သတ်မှုတွေလုပ်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ ဖြေလျှော့မှုတွေပြုလုပ်ခဲ့ပြီး မြန်မာအစိုးရရဲ့ ဝန်ကြီးဌာနတွေကတစ်ဆင့် အကူအညီပေးရေးအဖွဲ့တွေကို ဆောလျင်စွာစေလွှတ်ခဲ့ပါတယ်။ ပြောင်းလဲမှုတွေ ရှိလာတာနဲ့အမျှ ကျွန်တော်တို့တွေလည်း ယုံကြည်မှုတွေ တဖြည်းဖြည်းချင်း စတင်တည်ဆောက်ခဲ့ပါတယ်။ လက်ရှိနှစ်နိုင်ငံဆက်ဆံရေးဟာ ယခင်နှစ်များတွေကထက် ပိုပြီးနွေးထွေးလာပြီ ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖက်ဒရယ်ဝါဒ ငြိမ်းချမ်းရေးနဲ့ ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ ဖက်ဒရယ်ဝါဒဆိုတာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးတဲ့အဆင့်တစ်ခုဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံဟာ ဖက်ဒရယ်အစိုးရစနစ်ဖြစ်သလို အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါအစရှိတဲ့ နိုင်ငံတွေမှာလည်း ဖယ်ဒရယ်စနစ်နဲ့ တည်ထောင်ထားခြင်းဖြစ်ပါတယ်။ သို့သော်လည်း တည်ဆောက်ပုံခြင်းက အနည်းငယ်စီကွဲပြားကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအတွက် အရေးကြီးတာက ဖက်ဒရယ်စနစ်ကို ပြောရုံနဲ့မလုံလောက်ပါဘူး။ မြန်မာအစိုးရနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများအနေနဲ့ မြန်မာနိုင်ငံရဲ့အခြေအနေနဲ့ကိုက်ညီတဲ့ ဖက်ဒရယ်ပုံစံကို တည်ဆောက်ကြရာမှာ သဘောတူညီချက်တစ်ရပ် ရရှိဖို့လိုအပ်ပါတယ်။ ဒါဟာငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်တဲ့ မေးခွန်းတစ်ခုဖြစ်ပါလိမ့်မယ်။

**မေး။ ။ လက်ရှိမြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး အဆွေတော်ရဲ့အမြင်ကို သိချင်ပါတယ်။**

ဖြေ။ ။ နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုဟာ ယခင်အစိုးရလက်ထက်ကတည်းက စတင်ခဲ့တာဖြစ်ပြီး နှစ်ခုစလုံးက အရေးကြီးပါတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှု နှစ်ရပ်စလုံးဟာ ပြည်သူ့အသံပါတဲ့အတွက် ပြည်သူတွေက ဝယ်ယူမယ့်ပစ္စည်းအပေါ် ရွေးချယ်နိုင်ခွင့်နဲ့ လုပ်ငန်းရှင်တွေက လုပ်ချင်တာကို ရွေးချယ်နိုင်ခွင့်နဲ့အတူ ပိုပြီးလွတ်လပ်တဲ့ လုပ်ဆောင်နိုင်တဲ့လုပ်ငန်းတွေ ရှိလာမှာဖြစ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုက အဆုံးမရှိနိုင်တဲ့အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ကျင်းပတဲ့ လွတ်လပ်တဲ့ရွေးကောက်ပွဲနဲ့အတူ အလွန်အရေးကြီးတဲ့အဆင့်ကို ရောက်ရှိလာခဲ့ပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့အတူ ရင်းနှီးမြှုပ်နှံမှုဥပဒေအသစ်တွေတွေ့ခဲ့ရပြီး ကုမ္ပဏီဥပဒေအသစ်တွေလည်း မကြာမီပေါ်ပေါက်လာမှာဖြစ်ပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုကလည်း ရှုပ်ထွေးလှတဲ့ ပြုပြင်ပြောင်းလဲမှုအမျိုးအစားဖြစ်တဲ့အတွက် ယခုအချိန်မှာ ပိုမိုခက်ခဲတဲ့အဆင့်ကို ရောက်ရှိလာပါပြီ။ ဒီအဆင့်ဟာ ကြီးမားတဲ့လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ စိတ်ရှည်ဖို့တော့လိုပါတယ်။

**မေး။ ။ ဩစတြေးလျနိုင်ငံဟာ မြန်မာနိုင်ငံဆိုင်ရာ ကုန်သွယ်ရေးကော်မရှင်နာတစ်ဦး ခန့်အပ်လိုက်ခြင်းနဲ့အတူ မြန်မာနဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေးကို မူလအခြေအနေဖြစ်အောင် လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနဲ့အပြိုင် စီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ဆောင်နေတဲ့ မြန်မာနိုင်ငံအပေါ် အဆွေတော်ရဲ့ မှတ်ချက်ကို သိချင်ပါတယ်။**

ဖြေ။ ။ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ဩစတြေးလျသံရုံးမှာ ကုန်သွယ်ရေးကော်မရှင်နာတစ်ဦး ထားရှိပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ဩစတြေးလျနိုင်ငံဟာ မြန်မာနိုင်ငံကို ပို့ကုန်များများစားစားပို့တာ မရှိပါဘူး။ လောလောဆယ်မှာတော့ အပြန်အလှန် ကုန်သွယ်မှုဟာ တစ်နှစ်ကို ဒေါ်လာ သန်း ၂၀၀ ခန့် ရှိနေပါတယ်။ ကျွန်တော်တို့ရဲ့အဓိကပို့ကုန်မှာ ဂျုံမှုန့်၊ ပေါင်မုန့်နဲ့ ခေါက်ဆွဲတွေလုပ်နိုင်တဲ့ ဂျုံ၊ စပါးအစရှိတဲ့ ကုန်ပစ္စည်းတွေ ဖြစ်ပါတယ်။ ဩစတြေးလျတွေဟာ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်က ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းအပြင် သတ္တုတူးဖော်ရေးလုပ်ငန်းတွေမှာ အလွန်ပဲစိတ်ဝင်စားကြပါတယ်။ ဩစတြေးလျကုမ္ပဏီအများစုဟာ သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်လိုတာကြောင့် အဲဒီလုပ်ငန်းတွေသာ လုပ်ဖြစ်မယ်၊ အောင်မြင်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်နဲ့ ပို့ကုန်ဝင်ငွေရရှိရေးကို များစွာအထောက်အကူရရှိမှာ ဖြစ်ပါတယ်။

ဆောက်လုပ်ရေးလုပ်ငန်းနဲ့ဆိုင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဝင်ရောက်လုပ်ကိုင်တဲ့ ဩစတြေးလျကုမ္ပဏီတွေလည်း ရှိနေပါတယ်။ မြန်မာနဲ့ဩစတြေးလျနိုင်ငံတို့ဟာ ပထဝီအနေအထားအရ တူညီမှုအချို့ရှိနေပါတယ်။ စိုက်ပျိုးရေးဟာ ဩစတြေးလျနိုင်ငံရဲ့စီးပွားရေးအတွက် အလွန်ကောင်းမွန်တဲ့ အစီအစဉ်တစ်ရပ်ဖြစ်ပါတယ်။ ရာသီဥတုလည်း သိပ်မကွာလှတဲ့အတွက် ဩစတြေးလျနိုင်ငံက စိုက်ပျိုးရေးလုပ်ငန်းအများစုဟာ မြန်မာနိုင်ငံနဲ့ အလွန်ကိုက်ညီနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံကို နည်းပညာနဲ့ မျိုးစေ့တွေ တင်ပို့ဖို့ အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။

**မေး။ ။ အစိုးရအနေနဲ့ အရည်အသွေးမြင့်ပို့ကုန်ပစ္စည်းထက် ကုန်ကြမ်းပစ္စည်းတွေကိုတင်ပို့ဖို့ အားသန်နေပါတယ်။ ဒါကြောင့်မို့ ကုန်ကြမ်းပစ္စည်းတွေကို အဆင့်မြင့်မြင့် ထုတ်လုပ်နိုင်တဲ့ နည်းပညာတွေလည်း အရေးကြီးတယ်လို့ ထင်ပါတယ်။ အဆွေတော်ရဲ့အမြင်ကို သိလိုပါတယ်။**

ဖြေ။ ။ ဒီနေရာမှာ အရေးကြီးတဲ့နယ်ပယ် နှစ်ခုရှိတယ်လို့ မြင်ပါတယ်။ ပထမအချက်ကတော့ ကုန်ကြမ်းပစ္စည်းတွေကို တန်ဖိုးမြင့်ပစ္စည်းအဖြစ် လုပ်ဆောင်နေတဲ့ နည်းပညာနဲ့ ဒုတိယအချက်ကတော့ ဈေးကောင်းကောင်းရနိုင်ဖို့ပဲ၊ ဆန်စပါးတွေကို အရည်အသွေးမြင့်တင်နိုင်ဖို့ဖြစ်ပါတယ်။

**မေး။ ။ မြန်မာနိုင်ငံဟာ အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့စိန်ခေါ်မှုကိုလည်း ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ဈေးကွက်စီးပွားရေးစနစ်နဲ့အပြိုင် အရည်အသွေးမီ တန်ဖိုးမြင့်ပစ္စည်းတွေထုတ်လုပ်နိုင်ဖို့ ဘာတွေလိုအပ်ပါသလဲ။ အဲဒီအတွက် နည်းပညာအထောက်အပံ့ အများကြီးလိုတယ်လို့ ထင်ပါတယ်။**

ဖြေ။ ။ နိုင်ငံတကာနဲ့ အကျွမ်းတဝင်ဆက်ဆံလာခြင်းဟာ မြန်မာနိုင်ငံအတွက် စီးပွားရေးအရရော ပြည်သူတွေအတွက်ပါ အလွန်ကောင်းမွန်ပါတယ်။ သို့သော်လည်း စီးပွားရေးလုပ်ငန်းမှာတော့ ဖိအားအသစ်တွေနဲ့ ရင်ဆိုင်လာရပါတယ်။ အခြားနိုင်ငံကထုတ်ကုန်တွေ ဝင်ရောက်လာတဲ့အတွက် မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေဟာ ပိုပြီးကြီးမားတဲ့ ယှဉ်ပြိုင်မှုတွေနဲ့ ကြုံတွေ့နေရတယ်။ အာဆီယံစီးပွားရေးအသိုက်အဝန်း သို့မဟုတ် အာဆီယံ၊ ဩစတြေးလျနိုင်ငံတွေနဲ့ လွတ်လပ်တဲ့ကုန်သွယ်မှု သဘောတူညီချက်ကနေ အကျိုးအမြတ်ရလိုတယ်ဆိုရင် အရည်အသွေးမြင့်ကုန်ပစ္စည်းတွေကို ဈေးကောင်းကောင်းနဲ့ ကမ်းလှမ်းနိုင်ဖို့ ယှဉ်ပြိုင်မှုပြင်းထန်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ယခုအချိန်မှာ နည်းပညာအသစ်၊ အတွေးအခေါ်အသစ်၊ ထုတ်ကုန်အသစ်နဲ့ ဒီဇိုင်းအသစ်တွေနဲ့အတူ ပိုမိုလျင်မြန်သွက်လက်ဖို့လိုပါတယ်။ ထုပ်ပိုးပုံစနစ်၊ ဈေးကွက်နဲ့ ကြော်ငြာစနစ်သည်ပင်လျှင် ပိုပြီးခေတ်မီ အဆင့်မြင့်လာဖို့ လိုအပ်ပါတယ်။

**မေး။ ။ ဩစတြေးလျက မြန်မာနိုင်ငံကို ဖွံ့ဖြိုးရေးအကူအညီ ထပ်မံပေးအပ်မယ့်ကိစ္စနဲ့ပတ်သက်ပြီးလည်း သိလိုပါတယ်။ ဩစတြေးလျ-မြန်မာ စီးပွားရေးလုပ်ငန်းအထူးအဖွဲ့နဲ့ ဩစတြေးလျအကူအညီပေးရေးအစီအစဉ် (The Australian Aid)တို့ရှိနေတာ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဩစတြေးလျအကူအညီပေးရေးအစီအစဉ် (The Australian Aid)က အသစ်အဆန်းတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံကို ဆယ်စုနှစ်နဲ့ချီပြီး ဖွံ့ဖြိုးရေးအကူအညီတွေပေးခဲ့ပါတယ်။ လောလောဆယ်မှာတော့ ဩစတြေးလျဒေါ်လာ ၇၅ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၅၉ သန်းခန့်ရှိတဲ့ အပြန်အလှန်အစီအစဉ်လို့ခေါ်တဲ့ အစီအစဉ်မျိုး ရှိနေပါတယ်။ ဩစတြေးလျနိုင်ငံရဲ့ အကြီးမားဆုံးရင်းနှီးမြှုပ်နှံမှုကတော့ မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍပါပဲ။ ပညာရေးဟာ မြန်မာနိုင်ငံရဲ့အောင်မြင်မှုအတွက် အရေးကြီးဆုံးအရာလို့ခံယူပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းတွေကို မိမိရရ ရယူနိုင်ဖို့က အစိုးရ၊ အင်န်ဂျီအိုအဖွဲ့အစည်းနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် ပညာရေးဟာလိုအပ်ပါတယ်။ ပညာရေးအပေါ် အသုံးစရိတ်က တစ်နှစ်ထက်တစ်နှစ် ကျဆင်းသွားခဲ့တာ ကြာခဲ့ပြီဖြစ်သလို အစိုးရဆီကရတဲ့ ဘတ်ဂျက်အနည်းငယ်နဲ့အတူ အသက်ဆက်နေရပါတယ်။ ယနေ့ လူငယ်မျိုးဆက်သစ်တွေဟာ ယခင်ကသူတို့ရဲ့ဘိုးဘွားတွေလို ပညာရေးအဆင့်အတန်းမြင့်မားမှုမရှိတော့တာ တွေ့နေရပါတယ်။

ကျွန်တော်တို့ရဲ့ The Australian Aid အစီအစဉ်ဟာ မြန်မာနိုင်ငံရဲ့ အခြေခံပညာရေးမြှင့်တင်ဖို့ ဦးစားပေးလုပ်ဆောင်နေပါတယ်။ ကလေးငယ်တွေ ကျောင်းတက်နိုင်ဖို့ ပညာသင်ဆုတွေ၊ ထောက်ပံ့ကြေးတွေ ပေးအပ်ခဲ့သလို ကျေးလက်ဒေသက စာသင်ကျောင်းတွေအတွက်လည်း အခြေခံလိုအပ်ချက်တွေကို ဖြည့်စွမ်းပေးခဲ့ပါတယ်။ သင်ရိုးညွှန်းတမ်းနဲ့ ဆရာ၊ ဆရာမတွေအတွက် သင်တန်းပေးဖို့ကတော့ လုပ်ဆောင်စရာတွေများစွာ လိုအပ်နေပါသေးတယ်။ ထို့အတူပဲ ၂၁ ရာစုမှာ မြန်မာနိုင်ငံနဲ့ကိုက်ညီတဲ့ ပညာရေးစနစ်တစ်ရပ် ပေါ်ပေါက်လာဖို့ ကျွန်တော်တို့ ပံ့ပိုးချင်ပါသေးတယ်။

ကျွန်တော်တို့ဟာ ငြိမ်းချမ်းရေး၊ ပူးတွဲရန်ပုံငွေ(Joint Peace Fund)လို့ခေါ်တဲ့ အများထည့်ဝင်လှူဒါန်းတဲ့ ရန်ပုံငွေကနေ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ အကူအညီပေးလျက်ရှိပါတယ်။ ဒီငြိမ်းချမ်းရေးရန်ပုံငွေနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေးနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ ဖြစ်မြောက်ဖို့ ကူညီပံ့ပိုးနေပါတယ်။ ထို့အတူပဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကို လိုအပ်တဲ့အရင်းအမြစ်တွေ ပံ့ပိုးခဲ့သလို ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းက ပဋိပက္ခကြောင့် ဒုက္ခရောက်ခဲ့တဲ့ ဒေသခံတွေနဲ့ အဲဒီဒေသခံတွေကို အကူအညီပေးနေတဲ့ ယူအင်န်လက်အောက်ခံအဖွဲ့အစည်းတွေကိုလည်း လိုအပ်တဲ့ပံ့ပိုးမှုတွေ ပေးအပ်လျက်ရှိပါတယ်။

**မေး။ ။ စီးပွားရေးနယ်ပယ်မှာ မြန်မာအမျိုးသမီးတွေ ပါဝင်ဆောင်ရွက်မှုနဲ့ပတ်သက်လို့လည်း သိလိုပါတယ်။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ဒီနိုင်ငံမှာ ပြင်ပကလာတဲ့သူတစ်ဦးဖြစ်သော်လည်း ဒီနိုင်ငံကိုရောက်တာ နှစ်နှစ်ခွဲရှိပြီဖြစ်လို့ ကျွန်တော့်မှာ လေ့လာထားတာတွေရှိပါတယ်။ တခြားနိုင်ငံတွေထက် မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍမှာ အမျိုးသမီးတွေ ပိုပြီးတော့ ပါဝင်ဆောင်ရွက်တယ်လို့ ဆိုပေမယ့် အမျိုးသမီးတွေ ပါဝင်မှုမရှိတဲ့နယ်ပယ်တွေလည်း ရှိနေပါတယ်။ ဥပမာ မြန်မာနိုင်ငံရဲ့ ဆေးပညာနဲ့ ပညာရေးနယ်ပယ်မှာ အမျိုးသမီးတွေ ကြီးစိုးထားပေမယ့် တပ်မတော်မှာ အမျိုးသမီးတွေ မရှိသလောက်နီးပါးဖြစ်နေပါတယ်။ အစဉ်အလာအရ တပ်မတော်အရာရှိကြီးတွေနဲ့ အစိုးရရဲ့ အဆင့်မြင့်ရာထူးနေရာတွေမှာ အမျိုးသားတွေသာ သီးသန့်ဖြစ်နေခဲ့ပါတယ်။ စီးပွားရေးကဏ္ဍမှာ ထင်ရှားတဲ့ အမျိုးသမီးတွေကို ကျွန်တော်တို့ တွေ့မြင်ရတာကြောင့် အလွန်အားရပါတယ်။

**မေး။ ။ ကျား/မတန်းတူညီမျှမှုက ကျွန်တော်တို့ လုပ်သားထုအတွက် ထပ်မံကြုံတွေ့ရမယ့် စိန်ခေါ်မှုဖြစ်နိုင်ပါသလား။**

ဖြေ။ ။ မြန်မာနိုင်ငံရဲ့ လွှတ်တော်ထဲမှာ ရွေးကောက်ခံကိုယ်စားလှယ်တွေထဲမှာ အမျိုးသမီးအရေအတွက် အများကြီးမရှိခဲ့ပေမဲ့ ယခုအချိန်မှာတော့ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်တွေ ယခင်ကထက် နှစ်ဆပိုရှိလာပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဩစတြေးလျနိုင်ငံရဲ့ လွှတ်တော်ထဲမှာလည်း အမျိုးသမီးကိုယ်စားပြုမှုက ၅၀ ရာခိုင်နှုန်းနီးပါး မရှိပါဘူး။ သို့သော်လည်း အရေးကြီးတာက အမျိုးသမီးတွေအတွက် ပိုမိုကြီးမားတဲ့ တောင်းဆိုချက်တွေ ဖြစ်ပေါ်စေခြင်းပါပဲ။ အဲဒါက နိုင်ငံရေးမှာ အရေးကြီးပါတယ်။

**မေး။ ။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး အခွင့်အလမ်းတွေနဲ့ စိန်ခေါ်မှုတွေအပေါ် ပြောပြပေးနိုင်မလား။**

ဖြေ။ ။ သဘာဝအရင်းအမြစ်တွေ၊ အလွန်ကြီးမားတဲ့ ဓာတ်ငွေ့သိုက်တွေ၊ ငါးဖမ်းလုပ်ငန်း၊ သစ်ထုတ်လုပ်မှုနဲ့ အခြားနယ်ပယ်တွေပေါ်ကြွယ်ဝတဲ့ မြန်မာနိုင်ငံမှာ အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးကြီးတာက စဉ်ဆက်မပြတ် တာဝန်ယူမှုရှိတဲ့ နည်းလမ်းတွေ၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် တည်ဆောက်ပုံတွေ လိုအပ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ အလုပ်သမားအခွင့်အရေးတွေကို

စာမျက်နှာ ၉ သို့ »»

> **မြန်မာနိုင်ငံအတွက်အရေးကြီးတာက ဖက်ဒရယ်စနစ်ကို ပြောရုံနဲ့မလုံလောက်ပါဘူး။ မြန်မာအစိုးရနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများအနေနဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ကိုက်ညီတဲ့ ဖက်ဒရယ်ပုံစံကို တည်ဆောက်ကြရာမှာ သဘောတူညီချက်တစ်ရပ် ရရှိဖို့လိုအပ်ပါတယ်။ ဒါဟာငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်တဲ့ မေးခွန်းတစ်ခုဖြစ်ပါလိမ့်မယ်။**

# ပင်စင်စားတို့ဘဝ ပျော်ရမည် ဆုတောင်းအိပ်မက်တို့ ပြည့်လေပြီ

**"ဝမ်းရေးထက် နေရေးခက်" ဆိုသည့် မြန်မာ့ဆိုရိုးစကားသည် လူသားတိုင်းအတွက် ယေဘုယျမှန်ကန်သော်လည်း ယနေ့ခေတ် အသက် (၆၀) ပြည့်၍ အငြိမ်းစားယူရမည့် အောက်ခြေဝန်ထမ်း ပင်စင်စားကြီးများအတွက်ကား ပို၍ပင်အဓိပ္ပာယ် ပေါ်လွင်လှပေသည်။**


ဦးမောင်မောင်ဝင်း


ဦးကျော်လင်း


ဦးသာဋ္ဌေး


ဦးမင်းသူ

**ရေးသားတင်ပြသူ-မော်စီ၊ မိမိဖြိုး**
**ဓာတ်ပုံ - ရွှေကိုလေး**

ဝန်ထမ်းဘဝဟူသည်ကား တန်ဖိုးရှိလှသည့် အချိန်၊ လွတ်လပ်မှု၊ ပျော်ရွှင်မှုနှင့် ငယ်ရွယ်နုပျိုမှုများကို ခြေစုံပစ်ရင်းနှီးမြှုပ်နှံပြီး တာဝန်ဟူသော ခေါင်းစဉ်အောက်၌ မိမိတို့၏ ဝင်ငွေဖြင့် ခြိုးခြံချွေတာခြင်း၊ ရောင့်ရဲခြင်း၊ တင်းတိမ်ကျေနပ်ခြင်းနှင့် သည်းခံခြင်းတို့ကို တစိုက်မတ်မတ် ကျင့်ကြံ၍ ဖြတ်သန်းခဲ့ရပေသည်။

နိုင်ငံ့ဝန်ထမ်းများ အသက်ပြည့်၍ ပင်စင်ယူပြီးရင် ဘယ်မှာနေရမလဲ၊ ဘာလုပ်ရမလဲ၊ ဘယ်လိုရှေ့ဆက်ရမလဲ စသည့်မေးခွန်းများအတွက် အဖြေသည်ကား အများစုသော ဝန်ထမ်းများအတွက် ရေရေရာရာမရှိခဲ့ပေ။

ယခုအချိန်တွင် နိုင်ငံတော်အစိုးရက အသက်ပြည့်၍ အငြိမ်းစားယူကြမည့် နိုင်ငံ့ဝန်ထမ်းများ ဘဝနေထိုင်ရေးစိတ်အေးစေရန်အတွက် စစ်တမ်းများ ကောက်ယူ၍ ရေတို၊ ရေရှည်စီမံကိန်းများရေးဆွဲပြီး နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်အကောင်အထည်ဖော်လျက်ရှိသည့်သတင်းကို ကြားသိလိုက်ရသဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများထံ သွားရောက်မေးမြန်းခဲ့သည်များကို ပြန်လည်မျှဝေလိုက်ရပါသည်-

**ဦးမောင်မောင်ဝင်း**
**(ဒုတိယဝန်ကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**

**မေး။ နိုင်ငံ့ဝန်ထမ်းတွေ အငြိမ်းစားယူတဲ့အခါ နေထိုင်ဖို့ နိုင်ငံ့ဝန်ထမ်းအိမ်ရာနဲ့ အငှားဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်သွားမယ့် အစီအစဉ်ကို သိလိုပါတယ်။**

ဖြေ။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရား စဉ်ဆက်မပြတ် လည်ပတ်နေတဲ့နေရာမှာ အရေးပါတဲ့သူတွေဖြစ်တဲ့အတွက်ကြောင့် နိုင်ငံ့ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးကိစ္စတွေကို အမြဲတမ်းလိုလိုစဉ်းစားပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံ့ဝန်ထမ်းတွေကို အချိန်သင့်လို့ နိုင်ငံတော်က ဘဏ္ဍာရေးအခြေအနေပေးရင် လစာနှုန်းထားတွေတိုးမြှင့်ပေးဖို့ စဉ်းစားထားတာတွေရှိသလို လောလောဆယ် တိုးမြှင့်မပေးနိုင်သေးတဲ့ ကာလအတွင်းမှာ လစာနှုန်းထားတိုးမြှင့်ပေးခြင်း မဟုတ်တဲ့ အခြားသောသက်သာချောင်ချိရေးကိစ္စတွေ ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါတယ်။

ဒီအစီအစဉ်ထဲမှာ တစ်ခုကတော့ အငြိမ်းစားယူသွားတဲ့အခါမှာ နိုင်ငံ့ဝန်ထမ်းတွေ နေစရာထိုင်စရာ အဆင်ပြေအောင် တန်ဖိုးသက်သာတဲ့ အိမ်ခန်းတွေရောင်းချပေးဖို့ကိစ္စတွေရှိသလို လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းတွေဟာလည်းပဲ အပြင်မှာငှားနေရတဲ့ ဝန်ထမ်းတွေရှိတဲ့အတွက်ကြောင့် နိုင်ငံတော်ကနေစီစဉ်ပေးတဲ့ အိမ်ရာတွေမှာ သက်သာတဲ့ဈေးနှုန်းနဲ့ ငှားပြီး နေထိုင်နိုင်အောင် လုပ်ပေးဖို့အစီအစဉ်တွေရှိပါတယ်။ ဒီအစီအစဉ်တွေရှိတဲ့ အတွက်ကြောင့် နိုင်ငံတော်အနေနဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ ဦးစီးတဲ့ နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးကော်မတီ ဖွဲ့ထားတာရှိပါတယ်။ ဒီကော်မတီရဲ့အောက်မှာ ဘဏ္ဍာရေးဆပ်ကော်မတီဆိုပြီး ဖွဲ့ထားတာရှိပါတယ်။ ကျွန်တော်တို့လုပ်သွားမယ့် အစီအစဉ်က အငှားအိမ်ရာစီမံကိန်းအတွက်ဆိုရင် နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကနေခွဲဝေကျခံပြီး သက်ဆိုင်ရာဌာနရဲ့ငွေကို သုံးစွဲ ရင်းနှီးပေးမယ့်အစီအစဉ်ရှိပါတယ်။

အရောင်းအိမ်ရာကတော့ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေး ဘဏ်ဆိုတာရှိပါတယ်။ မြန်မာနိုင်ငံဘဏ်များအသင်းဝင် ပုဂ္ဂလိကဘဏ်တွေရှိပါတယ်။ ဒီဘဏ်တွေနဲ့ ချိတ်ဆက်ပြီး နှစ်ရှည်အရစ်ကျငွေချေနိုင်တဲ့စနစ်နဲ့ ဝယ်ယူလို့ရအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**မေး။ နိုင်ငံ့ဝန်ထမ်းအိမ်ရာနဲ့ အငှားဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်ခြင်းအားဖြင့် ရရှိမယ့်အကျိုးရလဒ်တွေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ရရှိမယ့် အကျိုးကျေးဇူးတွေကတော့ အများကြီးရှိပါတယ်။ ပထမဆုံး အကျိုးကျေးဇူးခံစားရမယ့်သူတွေကတော့ နိုင်ငံ့ဝန်ထမ်းတွေပဲဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေ အငြိမ်းစားယူတဲ့အခါဖြစ်စေ၊ အငြိမ်းစားမယူခင် ကြိုတင်ပြင်ဆင်နေတဲ့ ကာလတွေမှာဖြစ်စေ ဒီအိမ်ရာတွေကို ရွေးချယ်ပြီးတော့ သင့်တော်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူနေထိုင်ခွင့်ရအောင် စီစဉ်ပေးမှာဖြစ်တဲ့အတွက်ကြောင့် ဝန်ထမ်းတွေကတော့ သေချာပေါက်အကျိုးခံစားခွင့်ရမှာဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်း လုပ်နေတဲ့အချိန်ကာလအတွင်းမှာ ဆောက်လုပ်ရေး လုပ်ငန်းရှင်တွေအနေနဲ့ အလုပ်အကိုင်တွေရရှိမယ်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ ဝင်ရောက်လုပ်ကိုင်မယ့် လုပ်သားတွေလည်း အလုပ်အကိုင်တွေရရှိမယ်၊ မြို့ပြတွေ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုမယ်၊ ဆောက်လုပ်ရေး ပစ္စည်းရောင်းချတဲ့ လုပ်ငန်းရှင်တွေအပိုင်းမှာလည်း အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ နယ်မြေဒေသဖွံ့ဖြိုးမှုကတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ အဲဒီကတစ်ဆင့် ပြည်ထောင်စုတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိစေမှာဖြစ်ပါတယ်။

**ဦးကျော်လင်း**
**(ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန)**

**မေး။ နိုင်ငံ့ဝန်ထမ်းအိမ်ရာနဲ့ အငှားဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်ဖို့ မြေနေရာရရှိမှု၊ ဆောက်လုပ်မယ့် အိမ်ရာပုံစံ၊ ရောင်းချသွားမယ့် အစီအစဉ်နဲ့ အငှားချထားပေးမယ့် အစီအစဉ်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ဝန်ထမ်းအိမ်ရာပဲဆောက်ဆောက်၊ အရောင်းအိမ်ရာပဲဖြစ်ဖြစ် မြေနေရာကအရေးအကြီးဆုံးပါပဲ။ မြေနေရာအတွက် ဝန်ထမ်းတွေကို စစ်တမ်းကောက်ကြည့်တဲ့အခါမှာ ပင်စင်သွားရင် ရန်ကုန်မှာ အခြေချနေထိုင်လိုသူက အများဆုံးဖြစ်ပါတယ်။ ဒုတိယက မန္တလေးဖြစ်ပါတယ်။ နောက်ပြီး နေပြည်တော်ပါ။ ကျန်တဲ့မြို့ကြီးတွေက တတိယအစီအစဉ်တွေ ဖြစ်သွားပါတယ်။ ဒါကြောင့်မို့ ပထမဆုံးအစီအစဉ်အနေနဲ့ ရန်ကုန်မြို့မှာဆိုရင် ဒဂုံ (ဆိပ်ကမ်း) မြို့နယ်မှာ ၁၈၇ ဧက ရှိတဲ့မြေပေါ်မှာ ဝန်ထမ်းအရောင်းအိမ်ရာတွေ စတင်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နေပြည်တော်မှာဆိုရင် မြို့ပတ်လမ်း ပေါ်မှာ ဧက ၁၀၀ ရှိပါတယ်။ ဒီအပေါ်မှာ ဝန်ထမ်းအရောင်းအိမ်ရာတွေ စတင်သွားပါမယ်။ မန္တလေးမှာဆိုရင် မဲကင်းကုန်း ၃၃ ဧကပေါ်မှာ အရောင်း အိမ်ရာတွေ တည်ဆောက်သွားပါမယ်။

လောလောဆယ်မှာ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး ဒီသုံးနေရာကို ဦးစားပေးပါမယ်။ နောက်အစီအစဉ်တွေရှိပါသေးတယ်။ ဘာကြောင့်လဲဆိုတော့ အငြိမ်းစားယူမယ့် ဝန်ထမ်း ၁၀၀၀၀ လောက်က ပင်စင်သွားရင် ရန်ကုန်မှာ နေချင်တယ်ဆိုတော့ အခန်း ၁၀၀၀၀ လောက်လိုအပ်နေတဲ့ သဘောရှိပါတယ်။ ဒါကြောင့်မို့ ဝန်ကြီးဌာနတွေနဲ့ညှိနှိုင်းနေပါတယ်။ ဝန်ကြီးဌာနတွေမှာ အသုံးမပြုတော့ဘဲ ပိုလျှံနေတဲ့ မြေလွတ်တွေရှိပါတယ်။ အဲဒီမြေလွတ်တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ညှိနှိုင်းပြီး ဝန်ထမ်းအိမ်ရာတွေ တည်ဆောက်သွားပါမယ်။

အဲဒီလို တည်ဆောက်တဲ့အခါ မြေရာအသုံးပြုခွင့်ပြုတဲ့ ဝန်ကြီးဌာနရဲ့ ဝန်ထမ်းတွေကို ဝယ်ယူခွင့်ပြုမှာဖြစ်သလို အခြားဝန်ကြီးဌာနတွေရဲ့ ဝန်ထမ်းတွေကိုလည်း ဝယ်ယူခွင့်ပြုသွားပါမယ်။ ဥပမာ-ရန်ကုန်မြို့မှာဆိုရင် မြစ်ကမ်းဘေးတွေမှာ အရင်တုန်းက သစ်စက်တွေရှိပါတယ်။ တချို့သစ်စက်တွေဆိုရင် သုံးဧက၊ ငါးဧက၊ ခုနစ်ဧက စသည်ဖြင့် ရှိပါတယ်။ ဒီလိုနေရာတွေမှာ ဓာတ်လှေကားပါတဲ့ အထပ်မြင့်ဝန်ထမ်းအိမ်ရာတွေ တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ နေပြည်တော်မှာတော့ ငါးထပ်အဆောက်အအုံ ဆောက်မှာ ဖြစ်ပါတယ်။ ရန်ကုန်လိုနေရာမျိုးမှာ ဆောက်မယ်ဆိုရင်တော့ မြေညီထပ်ကို လွှတ်ထားမှာဖြစ်ပါတယ်။ မြေညီထပ်ကိုတော့ အများပြည်သူအသုံးပြုဖို့အတွက် ဖြစ်ပါတယ်။

မြေညီထပ်မှာ နေရာချထားပေးလိုက်ရင် ဆိုင်ဖွင့်တာမျိုးစသည်ဖြင့် တခြားမလိုလားအပ်တာတွေဖြစ်နိုင်တဲ့အတွက် မြေညီထပ်ကတော့ အများပြည်သူသုံးနေရာလေးတွေအဖြစ် ချန်ထားပေးမယ်။ ဒါမှမဟုတ် ကားပါကင်စသည်ဖြင့် ထားပေးမှာဖြစ်ပါတယ်။ မန္တလေးမှာလည်း အတူတူပါပဲ။ မန္တလေးမှာဆိုရင်လည်း နေရာပေါ်မှာမူတည်ပြီး မြေညီထပ်ကိုလွှတ်ထားပါမယ်။

မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့တွေမှာ ငါးထပ်အဆောက်အအုံတွေ တည်ဆောက်သွားပါမယ်။ အရင်တုန်းက ကုန်သွယ်လယ်ယာဂိုဒေါင်ကြီးတွေ၊ အခုပုဂ္ဂလိကကို အငှားချထားတဲ့ဂိုဒေါင်ကြီးတွေပါ။ ဒီနေရာတွေကို စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီးတော့ ဝန်ထမ်းအိမ်ရာတွေ၊ အထပ်မြင့်အိမ်ရာတွေ တည်ဆောက်သွားဖို့ အစီအစဉ်တွေရှိပါတယ်။

ရောင်းချမယ့်အစီအစဉ်တွေကတော့ ဆပ်ကော်မတီတွေအနေနဲ့ သေချာစိစစ်သွားမှာဖြစ်ပါတယ်။ စိစစ်ပြီးတော့ ဝန်ထမ်းအိမ်ရာ တကယ်ကို မရှိတဲ့သူ၊ တကယ်နေမယ့်ဝန်ထမ်းမျိုးကို ရောင်းချသွားမှာဖြစ်ပါတယ်။ အငှားအိမ်ရာလည်း အတူတူပါပဲ။ ဆပ်ကော်မတီအနေနဲ့ သေချာစိစစ်ပြီးတော့ နေရာချပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ဆောက်လုပ်တဲ့အဆောက်အအုံအကျယ်ကို ဘယ်လောက်အထိ ဆောက်လုပ်သွားမယ်လို့ ရည်မှန်းထားပါသလဲ။ အငြိမ်းစားယူမယ့် ဝန်ထမ်းတွေအနေနဲ့ ၃၀ ရာခိုင်နှုန်း မသွင်းနိုင်ဘူးဆိုရင် ဘယ်လိုမျိုးစီစဉ်ပေးသွားဖို့ရှိပါသလဲ။**

ဖြေ။ ပထမဦးဆုံးအိမ်ရာတွေရဲ့ အကျယ်အဝန်းနဲ့ စပြီးပြောရရင်တော့ လောလောဆယ်ဆောက်မယ့်ငါးထပ်အဆောက်အအုံ ဝန်ထမ်းအရောင်း အိမ်ရာဆိုရင် စတုရန်းပေ နှစ်မျိုးရှိပါတယ်။ အိပ်ခန်း သုံးခန်းပါပြီး စတုရန်းပေ ၉၀၀ ရှိတဲ့ အမျိုးအစားနဲ့ အိပ်ခန်း နှစ်ခန်းပါပြီး စတုရန်းပေ ၆၅၀ ရှိတဲ့ အမျိုးအစား နှစ်မျိုးကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ အငှားအိမ်ရာတွေကတော့ စတုရန်းပေ ၂၀၀၊ စတုရန်းပေ ၄၀၀ နှစ်မျိုးတည်ဆောက်သွားမှာ ဖြစ်ပါတယ်။

ဝန်ထမ်းတွေအနေနဲ့ ပင်စင်သွားရင် အငြိမ်းစားဆုကြေးဆိုတာရှိပါတယ်။ အဲဒါရပြီဆိုရင် အနည်းဆုံးတော့ ၃၀ ရာခိုင်နှုန်း သွင်းနိုင်အောင် စီစဉ်ဖို့ လိုပါတယ်။

မေး။ ခန့်မှန်းခြေဈေးနှုန်းအနေနဲ့ သတ်မှတ်ထားတာမျိုးကော ရှိပါသလား။

ဖြေ။ လောလောဆယ် မသတ်မှတ်ရသေးပါဘူး။

မေး။ နှစ်ရှည်ချေးငွေအနေနဲ့ ဝယ်ခွင့်ရမယ်ဆိုတော့ ဘယ်နှနှစ်လောက် သတ်မှတ်ထားပါသလဲ။

ဖြေ။ ဝယ်ချင်တယ်ဆိုရင် အရင်ဆုံး ဝန်ထမ်းတွေအနေနဲ့ ၃၀ ရာခိုင်နှုန်း ကြိုတင်သွင်းရမှာ ဖြစ်ပါတယ်။ ကျန်တဲ့ ၇၀ ရာခိုင်နှုန်းကို ၁၅ နှစ် အဆိုင်းနဲ့ တစ်လချင်း သွင်းသွားရမယ့်စနစ်ဖြစ်ပါတယ်။

**ဦးသာဋ္ဌေး**
**(ဥက္ကဋ္ဌ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း )**

**မေး။ နိုင်ငံ့ဝန်ထမ်းအိမ်ရာနဲ့ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာတွေ ဆောက်လုပ်ရာမှာ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းအနေနဲ့ ဘယ်လိုကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်နေပါသလဲ။**

ဖြေ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းတွေကို ဆောက်လုပ်ရေးနဲ့ဆိုင်တဲ့ ကုမ္ပဏီတွေအားလုံး ပါဝင်ပူးပေါင်းဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့




မဲကင်းကုန်း
နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့်
အငှားအိမ်ရာစီမံကိန်း
မန္တလေးမြို့
(အငှားအိမ်ရာ)
ရှစ်ခန်းတွဲ ငါးထပ်
(၄၃၆ စတုရန်းပေ)
၁၅ လုံး၊ ၄၈၀ ခန်း

## ပြည်တွင်းရေးရာ

○ စာမျက်နှာ ၆ မှ

တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုနဲ့ နေပြည်တော်အပါအဝင် ၁၅ ခုဖွဲ့ပြီးပါပြီ။ ဖွဲ့ပြီးတော့မှ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်ဆိုပြီး တိုးချဲ့ဖွဲ့စည်းလိုက်တာပါ။ ဒီအသင်းကဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ ပြည်သူ့အကျိုးပြုဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ပါဝင်ဖို့လိုပါတယ်။ ဆောက်လုပ်ရေးအနေနဲ့ ပြည်သူတွေ သက်သက်သာသာနဲ့ ဝယ်ယူအသုံးပြုနိုင်အောင် အသင်းကြီးက နိုင်ငံတော်အစိုးရနဲ့ပူးပေါင်းပြီး ဆောင်ရွက်မယ်။ လိုအပ်မယ်ဆိုရင် အသင်းကစိုက်ထုတ်ပြီးတော့ ဆောင်ရွက်မယ်။ ဝယ်တဲ့ပုဂ္ဂိုလ်တွေရဲ့ ပိုက်ဆံရတဲ့အခါကျရင် ပြန်ပြီးတော့ ငွေလည်ပတ်သွားမှာပါ။

ဝန်ထမ်းတွေ စရိတ်ကြီးကြီးနဲ့ ငှားနေရတဲ့အိမ်ရာတွေကို သက်သောင့်သက်သာဖြစ်စေချင်တယ်။ ရန်ကုန်ကျတော့ အိမ်ခန်းငှားခတွေ ဈေးကြီးတယ်။ ဒီဝန်ထမ်းတွေကို သက်သောင့်သက်သာနဲ့ စုစုစည်းစည်းနေနိုင်အောင် အငှားအိမ်ရာဆောက်ပေးရမယ်။ ဒါကိုလည်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းက Private Planning Finance အနေနဲ့ စပြီးတော့ဆောက်မယ်။ လိုအပ်တဲ့ငွေကြေးကို ကြန့်ကြာတာတို့၊ ကြာရှည်မခံတာတို့ဖြစ်ရင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က ဆောက်လုပ်တဲ့သူတွေအတွက် နောက်ကနေ ငွေကြေးပံ့ပိုးပေးမယ်။ ငွေကြေးထောက်ပံ့ပေးမယ်ဆိုတော့ ဆောက်တဲ့သူကလည်း အဆက်မပြတ်ဆက်ဆောက်သွားလို့ရတယ်။

အဲဒီလိုလုပ်ခြင်းအားဖြင့် ပြည်သူ့ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့အငှားအိမ်ရာကို အသင်းအနေနဲ့ စိုက်ထုတ်ဆောင်ရွက်မယ်။ ၃၀ ရာခိုင်နှုန်းပေးသွင်းပြီး ဝယ်ယူမယ့်ပင်စင်စားကျတော့ ၇၀ ရာခိုင်နှုန်းကို ဘဏ်ကဆောင်ပေးလိုက်တော့ ငွေက ၁၀၀ ရာခိုင်နှုန်းပြည့်သွားမှာဖြစ်တဲ့အတွက် ဆောက်မယ့်သူကလည်း ပိုက်ဆံပြန်ရသွားပြီ နောက်ထပ်စဉ်ဆက်မပြတ် နှစ်စဉ်ဖြစ်နေမယ့် ပင်စင်စားတွေအတွက် အရန်သင့်ဖြစ်အောင် ဆက်ပြီးတော့ ဆောက်သွားလို့ရမယ်။ ဒါအသင်းအနေနဲ့ လက်ရှိနိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်နေတာဖြစ်ပါတယ်။

**ဦးမင်းသူ၊ ညွှန်ကြားရေးမှူးချုပ်**
**အခွန်အယူခံခုံအဖွဲ့ရုံး**

**မေး။ အငြိမ်းစားယူမယ့် ဝန်ထမ်းတွေအတွက် အိမ်ရာတွေဆောက်လုပ်ရမှာဖြစ်တဲ့အတွက် နှစ်စဉ်အငြိမ်းစားယူတဲ့ နိုင်ငံ့ဝန်ထမ်းအရေအတွက်နဲ့ အိမ်ရာဝယ်ယူနေထိုင်လိုတဲ့ အရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာသိချင်ပါတယ်။**

ဖြေ။ နိုင်ငံ့ဝန်ထမ်းတွေ အငြိမ်းစားယူတဲ့အခါမှာ ဘဝနေထိုင်ရေးအဆင်ပြေစေဖို့ ဒီစီမံကိန်းကို လုပ်မယ်ဆိုကတည်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးကို ပင်စင်ယူမယ့်ဝန်ထမ်းတွေစာရင်းနဲ့ ပင်စင်ယူပြီးတဲ့အခါမှာ ဘယ်ဒေသမှာ နေထိုင်လိုတယ်ဆိုတာကို စစ်တမ်းကောက်ခဲ့ပါတယ်။ ကောက်တဲ့အခါမှာ အလှည့်လိုက်အားလုံးကောက်ချင်ပေမယ့် အချိန်ကာလကန့်သတ်ချက်ကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ပင်စင်ယူမယ့်ဦးရေ၊ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပင်စင်ယူမယ့်ဦးရေ၊ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ပင်စင်ယူမယ့်ဦးရေဆိုပြီး သုံးနှစ်စာ စစ်တမ်းကောက်ခဲ့ပါတယ်။ တစ်နှစ်တစ်နှစ်ကို ပင်စင်ယူမယ့်ဦးရေကတော့ ပျမ်းမျှနိုင်ငံ့ဝန်ထမ်း ၁၅၀၀၀ လောက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေ အိမ်ရာလိုချင်တဲ့စာရင်းကို ကောက်ခံတဲ့အခါမှာ ပျမ်းမျှတစ်နှစ်ကို ၆၅၀၀ နဲ့ ၇၀၀၀ ကြားက အိမ်ရာတွေကိုလိုချင်တယ်လို့ စာရင်းတက်လာပါတယ်။ ယူမယ့်ဦးရေနဲ့ တက်လာတဲ့စာရင်းက နည်းနည်းတော့ကွာခြားပါတယ်။ ဒါကလည်း တချို့ဝန်ထမ်းတွေက မိမိအိုးအိမ်နဲ့ နေထိုင်ကြတဲ့ဝန်ထမ်းတွေများတဲ့အတွက်လည်း သူတို့အနေနဲ့ မလိုအပ်လို့ မတင်ပြတာလည်း ပါမှာဖြစ်ပါတယ်။ ဝန်ထမ်းထက်ဝက်ကျော်လောက်ကတော့ ဒီအိမ်ရာတွေကို လိုချင်တယ်ဆိုပြီး ဆန္ဒပြုကြတာဖြစ်ပါတယ်။

ဒီလိုဆန္ဒပြုတဲ့အထဲမှာ အများစုကတော့ ရန်ကုန်မှာနေချင်တယ်လို့ စာရင်းတင်ပြကြပါတယ်။ ဒီအင်အားကတော့ ၃၅၀၀ နဲ့ ၄၀၀၀ ကြားမှာရှိပါတယ်။ ဒါတစ်နှစ် တစ်နှစ်ကို လိုချင်တဲ့ ဦးရေဖြစ်ပါတယ်။ ဒုတိယက မန္တလေးဖြစ်ပါတယ်။ မန္တလေးကတော့ ဝန်ထမ်းဦးရေ ၁၂၀၀ နဲ့ ၁၅၀၀ လောက်က လိုချင်တယ်လို့ ဆန္ဒပြုပါတယ်။ တတိယကတော့ နေပြည်တော်ဖြစ်ပါတယ်။ နေပြည်တော်ကတော့ ပျမ်းမျှ ၄၀၀ လောက် နှစ်စဉ်အိမ်ရာ လိုအပ်တယ်လို့ တင်ပြထားတာရှိပါတယ်။ တခြားပြည်နယ်နဲ့တိုင်းဒေသကြီးမှာရှိတဲ့ မြို့ကြီးတွေမှာတော့ ပျမ်းမျှ ၁၀၀ နဲ့ ၂၀၀ ကြား နှစ်စဉ်လိုအပ်တယ်လို့ တင်ပြတာဖြစ်တဲ့အတွက် ဦးစားပေးအနေနဲ့ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်မှာ အရင်စဆောက်မယ်။ ပြီးရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ ဝန်ထမ်းတွေရဲ့ လိုအပ်ချက်အနေအထားအပေါ် မူတည်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာ ပါဝင်နိုင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုလို အငြိမ်းစားယူရမည့် နိုင်ငံ့ဝန်ထမ်းပင်စင်စားများ ဘဝနေထိုင်ရေး စိတ်အေးစေရေး နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုကြောင့် နိုင်ငံ့ဝန်ထမ်း ပင်စင်စားကြီးများ၏ ဘဝနေထိုင်ရေး ဇာတ်ဝင်ခန်းများ တစ်ခန်းရပ်ပြီး ရေရာသေချာသည့် နေရာ၊ ယခင်က အဖြေမရှိခဲ့သည့် မေးခွန်းများအတွက် တိကျသည့်အဖြေကို ပိုင်ဆိုင်ရရှိကြလိမ့်မည်ဟု ယုံကြည်မှုအပြည့်ဖြင့် အားကိုးမျှော်လင့်လျက်---။ ။




**မဲကင်းကုန်း**
**နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့်**
**အငှားအိမ်ရာစီမံကိန်း**
**မန္တလေးမြို့**
**(အရောင်းအိမ်ရာ)**
**လေးခန်းတွဲ ငါးထပ်**
**(၆၅၀ စတုရန်းပေ- အိပ်ခန်း နှစ်ခန်းပါ)**
**လူနေတိုက်အဆောက်အအုံ-ခုနစ်လုံး-၁၁၂ခန်း**

## ကျောက်ပန်းတောင်းမြို့၌ အဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်လှစ်



**ကျောက်ပန်းတောင်း ဇူလိုင် ၃၀**

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်ရုံမရှိသော နယ်မြို့များတွင် အနုပညာရှင်များ၏ သုတ၊ ရသ၊ ဟာသစုံလင်စွာ ပုံဖော်ဖန်တီးမှုများကို ရုပ်ရှင်ချစ်ပရိသတ်များ အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုခံစားရင်း ဘဝအမောတွေ ပြေစေရန်ရည်ရွယ်၍ PARADISO CINEMAS CO.,LTD. မှ မြန်မာနိုင်ငံအတွင်း ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ရုံ ၁၀၀ စီမံကိန်းတွင် အပါအဝင်ဖြစ်သော PARADISO(ကျောက်ပန်းတောင်း) အဆင့်မြင့် 3D ရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့ မြို့ရှေ့ပန်းသီတာဥယျာဉ်အတွင်းရှိ အဆိုပါရုပ်ရှင်ရုံ၌ ကျင်းပသည်။

PARADISO 3D အဆင့်မြင့်ရုပ်ရှင်ရုံကြီးများကို မှော်ဘီ၊ မုံရွာ၊ ဖျာပုံနှင့် အောင်ပန်းမြို့တို့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ရာ ယခုဖွင့်လှစ်လိုက်သော PARADISO (ကျောက်ပန်းတောင်း) အဆင့်မြင့် 3D ရုပ်ရှင်ရုံသစ်မှာ ပဉ္စမမြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဆက်လက်၍လည်း သထုံ၊ ဘိုကလေး၊ မအူပင် အစရှိသည့် မြို့များတွင် မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

“ရုပ်ရှင်ရုံတွေ တိမ်ကောပပျောက်ခဲ့တာကြာပါပြီ။ အခုလို ကျောက်ပန်းတောင်းမှာ ရုပ်ရှင်ရုံဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် ကျွန်တော်အပါအဝင် မြို့သူမြို့သားအားလုံးက ဝမ်းမြောက်ဂုဏ်ယူကြပါတယ်။ ဝန်ဆောင်မှုအနေနဲ့လည်း လာရောက်ကြည့်ရှုတဲ့ပရိသတ်တွေကို စိတ်ကျေနပ်မှုအပြည့်အဝပေးမှာပါ။ ၁၅၀၀၀ အထက် ဝယ်ယူကြည့်ရှုတဲ့သူတွေကို အိမ်တိုင်ရာရောက် လက်မှတ်ပို့ပေးမှာပါ။ 2D, 3D နှစ်မျိုးခွဲခြားထားပြီး လောလောဆယ်မြန်မာကားတွေ ပြသပါတယ်။ နောက်ပိုင်းနိုင်ငံခြားကားတွေလည်း ရုံတင်မှာပါ။ အရင်တုန်းကတော့ ဝင်းဝင်းရုပ်ရှင်ရုံတစ်ရုံရှိခဲ့ပါတယ်။ ရပ်ဆိုင်းထားတာကြာပါပြီ။ အခုလိုဖွင့်လှစ်ပြသလိုက်တဲ့အတွက် ဒီမြို့မှာ ရုပ်ရှင်ချစ်ပရိသတ်တော်တော်များများရှိပါလားဆိုတာကို သိခဲ့ရပါတယ်” ဟု အဆိုပါရုပ်ရှင်ရုံမန်နေဂျာကိုအေးမင်းက ပြောသည်။

အဆိုပါ ရုပ်ရှင်ရုံတွင် ပြသမည့်ပွဲချိန်ဇယားများကို တနင်္လာမှသောကြာနေ့အထိ မွန်းလွဲ-၁၂ နာရီခွဲ၊ ညနေ-၃ နာရီခွဲ၊ ညနေ ၆ နာရီခွဲ၊ ည ၉ နာရီခွဲတို့ သတ်မှတ်ထားပြီး စနေ၊ တနင်္ဂနွေနှင့်အစိုးရရုံးပိတ်ရက်များတွင် နံနက် ၉ နာရီခွဲတစ်ချိန်တိုး ပြသသွားမည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းများအနေဖြင့် 2D-ကျပ် ၁၂၀၀၊ ကျပ် ၁၇၀၀၊ ကျပ် ၂၂၀၀၊ ကျပ် ၅၄၀၀(နှစ်ယောက်ခုံ)နှင့် 3D-ကျပ် ၁၅၀၀၊ ကျပ် ၂၀၀၀၊ ကျပ် ၂၅၀၀၊ ကျပ် ၆၀၀၀ (နှစ်ယောက်ခုံ)တို့ကို ကြည့်ရှုနိုင်ကြောင်း သိရသည်။

ရုပ်ရှင်ရုံဖွင့်ပွဲတွင် Original Gangster-2 ကို ရုံတင်ပြသခဲ့ပြီး “ကျွန်မတို့မြို့မှာ ဒီလိုအဆင့်မြင့် ရုပ်ရှင်ရုံကြီးဖွင့်လှစ်လိုက်တာ ဝမ်းသာပါတယ်။ ရုပ်ရှင်မကြည့်ဖြစ်တာလည်း ကြာပါပြီ။ ရုပ်ရှင်ကြည့်ရတာ ဝါသနာပါတယ်။ အရင်တုန်းကတော့ ရုပ်ရှင်ရုံတစ်ရုံရှိခဲ့ဖူးတယ်။ အခုကတော့ မြို့ကြီးတွေနဲ့တန်းတူ အန်တီတို့မြို့မှာ ရုပ်ရှင်ကြည့်ရင်း အပန်းဖြေလို့ရပြီပေါ့။ ရုပ်ရှင်ရုံကလည်း ပန်းခြံမှာ ဖွင့်လှစ်ထားတာဖြစ်တဲ့အတွက် ကလေး၊ လူငယ်၊ လူကြီးအားလုံး ပန်းခြံမှာအနားယူရင်း ရုပ်ရှင်ရဲ့ အရသာကို တဝကြီးခံစားရတော့မှာပါ”ဟု ရုပ်ရှင်လာရောက်ကြည့်ရှုသူ ဒေါ်တင်ဌေးက ပြောသည်။

ထို့ပြင် PARADISO ရုပ်ရှင်ရုံများတွင် ပြသလျက်ရှိသော ရုပ်ရှင်ဇာတ်ကားများနှင့် အခြား Promotion သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် PARADISO CINEMAS CO.,LTD. page တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ရုပ်ရှင်လက်မှတ်များအား ပိုမိုအဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရန် Online Booking စနစ်ကိုလည်း စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ရုပ်ရှင်ရုံသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ရုပ်ရှင်ချစ်ပရိသတ်အများအပြား တက်ရောက်ခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ပေါက်ကြီး**

## ရတနာတန်းဝင်ဆင်တို့၏အနာဂတ်

နေ့စဉ်ထုတ်သတင်းစာများတွင် သတင်းတစ်ပုဒ် ဖတ်ရှုလိုက်ရပါသည်။ ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှသည်။ သတင်းတွင်ဖော်ပြထားသည်က-

“တိုင်းဧရာတွင် ခြောက်လအတွင်း တောဆင်ရိုင်းရှစ်ကောင် သတ်ဖြတ်ခံရ”ဟူ၍ဖြစ်၏။ ဧရာဝတီတိုင်းဒေကြီးသည် ကျွန်တော်၏ဇာတိမြေဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း တောဆင်ရိုင်းရှစ်ကောင် အသတ်ခံခဲ့ရသည်။ ဒေသခံများက ဆင်သတ်ဂိုဏ်းကို လမ်းပြ၏။ မုဆိုးနောက်လိုက်လုပ်ရင်း အထာသိသွားကြသည့်အခါ ကိုယ်တိုင်သတ်ကြခြင်းဖြစ်ပါသည်။ သုံးမှုကိုဆက်လက်စုံစမ်းဆဲ၊ တစ်မှုကို စုံစမ်းမရတော့၍ အမှုပိတ်လိုက်ရသည်ဟုဆိုသည်။ ဘယ်အချိန်ရောက်မှ အမှုပေါ်မည်မသိနိုင်။ နောက်များမကြာမီ ရေစုန်မျောပြီး အမှုပါဆက်လက်စုံစမ်းတော့မည် မထင်တော့ပါ။

ယခုတောဆင်ရိုင်းကိုသတ်၊ ခေါင်းကိုဖြတ်၊ အစွယ်ကိုယူသည်။ ဒီဘက်နှစ်တွေရောက်သည့်အခါ အစွယ်တင်မက အရေ၊ အမြီးတို့အပြင် ဆင်ကျောရိုးတစ်လျှောက်က အသားကိုဖြတ်လှီးထုတ်လျက် ရိက္ခာအဖြစ်ပါ ယူကုန်ကြသည်။ တရားစွဲဆိုပါက ထောင်ဒဏ်နှစ်နှစ်မှသည် အများဆုံးငါးနှစ်ချမှတ်ခံရနိုင်ပါသည်။ စင်စစ် ယခုထက်တိုး၍ ပြစ်ဒဏ်ကို သတ်မှတ်သင့်ပါသည်။ နောင်ကြဉ်စေရန်လိုပါသည်။ မစို့မပို့ပြစ်ဒဏ်မျှလောက်ကို ဒုစရိုက်သမားများက ဖြုံပင်မဖြုံချေ။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ မှတ်တမ်းမှတ်ရာများအရ ဆင်နှင့်လူတို့ ပဋိပက္ခဖြစ်ကြရာတွင်အကြိမ်ရေ ၁၀၅ ကြိမ်၊ ဆင် ၁၂၉ ကောင် သတ်ဖြတ်ခံရ၍ သေဆုံးရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တောဆင်ရိုင်းကောင်ရေ ၃၀၀၀ ခန့်မျှသာ ကျန်တော့သည်။ သစ်တောဦးစီးဌာနက သိရှိရသည်မှာ သစ်တောဦးစီးဌာနတွင် သစ်ထုတ်လုပ်ရေးအတွက် အသုံးပြုသောဆင်ယဉ် (အလုပ်ဆင်)ကောင်ရေ ၆၀၀၀ ခန့်ရှိသည်ဟု သိရသည်။

မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဒုတိယ ဆင်ကောင်ရေအများဆုံးနိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံက ဆင်ကောင်ရေအများဆုံးနိုင်ငံ ဖြစ်သည်။ မြန်မာတို့က ဆင်ကို ရတနာတစ်ပါးအလား တန်ဖိုးထားကြသည်။ ကုန်းနေတိရစ္ဆာန်အပေါင်းတွင် ခွန်အားဗလ အကြီးဆုံးဖြစ်သည်။ ကိုယ်အလေးချိန်ပေါင် ၁၀၀၀ ကျော်ခန့်ရှိပြီး တစ်နေ့လျှင်အစာပေါင် ၄၀၀ ခန့် စားသောက်သည်။ ယဉ်ပါးလွယ်ကူလျက် သခင့်အပေါ် ကျိုးနွံသည်။ မြန်မာနိုင်ငံရှိဆင်များအနက် ယေဘုယျအားဖြင့် ဟိုင်းဆိုသောဆင်အမျိုးအစားသာများသည်။ အစွယ်ဖြောင့်စင်းကော့ပျံနေသည်။ အရပ်အမြင့် ၁၀ ပေခန့်မျှရှိသည်။ အာဖရိကဆင်များနှင့် လွန်စွာခြားနားသည်။ အာဖရိကဆင်တွေက အရပ်အမြင့် ၁၀ ပေကျော်၊ နှာမောင်း၊ နားရွက်ကြီးမားရှည်လျားသည်။ လူမြင်သမျှ ရန်သူသဘောထားကာ ရက်ရက်စက်စက်တိုက်ခိုက်သတ်ဖြတ်တတ်သည်။ သင်၍မည်သည့်အခါမျှယဉ်ပါးနိုင်သော တိရစ္ဆာန်မဟုတ်ပေ။

မြန်မာနိုင်ငံမှ တောနက်ကြီးများသည် မူလအစကစိမ်းညို့မှိုင်းဝေတောကြီးဟေမာဖြစ်ခဲ့သည်။ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ ပိတောက်၊ တမလန်းစသော သစ်ပင်သစ်တောများထူထပ်လျက်နေပြောက်ပင် မထိုး။ တောရိုင်းတိရစ္ဆာန်တွေ မွေ့လျော်ပျော်နေကြသော စုံတောမြိုင်ခြေဂနိုင်ဘွေဖြစ်ခဲ့ပါသည်။ တောတွေ တစ်စတစ်စပြုန်း၊ တောင်တွေလည်း ကတုံးဖြစ်ကုန်ကြတော့သည်။ တောတွင်းသားကောင်များအတွက် နေစရာ၊ စားစရာ ရှားပါးလာသည်နှင့်အမျှ လူတွေနေထိုင်ရာဒေသသို့ တိုးဝင်လာကြရလေတော့၏။ ဆင်စားကျက်က ငှက်ပျောဥယျာဉ်ဖြစ်သွားသည်။ ထိုအခါ၌မူ လူနှင့်ဆင်တို့၏ နေရာလုပွဲကြီး ဝှဲချီးပေါ်ပေါက်လာလေသည်။ ဆင်တွေက လူနေထိုင်သော ရွာတွေအတွင်းဝင်ရောက်လာသည်။ တဲအိမ်၊ စိုက်ခင်း၊ ပျိုးခင်းများကို ဇွတ်အတင်းဝင်ရောက်လာပြီး စားသောက်နင်းချေဖျက်ဆီးပစ်လိုက်ကြလေသည်။

လူတွေက တောဆင်ရိုင်းများ မလာဝံ့အောင် သံပုံးတွေတီး၊ ဝါးလက်ခုပ်တွေခတ်၊ မီးကွင်းတွေပစ်လျက် တောထုတ်ချောက်လှန့်ကြသည်။ ဆင်တွေဘက်ကလည်း တုံ့ပြန်သည်။ အဖျက်အဆီးများကို တိုးတက်ပြုလုပ်လာသည်။ ရွာစွန်ရှိ လူနေတဲအိမ်မြင်သမျှ ကိုယ်လုံးနှင့်တိုက်လှဲဖြိုချ၊ သောက်ရေတွင်းထဲ ခဲလုံး၊ သစ်တုံးနှင့် အမှိုက်တွေပစ်ချသည်။ ဆင်နှင့်လူ၊ လူနှင့်ဆင်တို့၏ တိုက်ပွဲ ဘယ်တော့များမှ ဆုံးနိုင်တော့မည်မထင်တော့ပါ။ ဆင်တို့၏ ရှေ့ခရီးသာတောင့် သာယာရှိရလေအောင် ကျွန်တော်တို့က ရတနာတစ်ပါးကဲ့သို့ တန်ဖိုးထားရသော ဆင်တို့၏ အနာဂတ်လှပအောင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ တာဝန်ရှိကြသူများအပြင် မိမိတို့ပြည်သူအများကပါ ပါဝင်ကူညီကြိုးပမ်းလုပ်ဆောင်ကြဖို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

ရတနာတစ်ပါး ဆင်သတ္တဝါများကို ကြင်နာပါ။

**ခင်မောင်အေး(မန္တလေး)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်လျက်ရှိ



**ဧရာဝတီ ဇူလိုင် ၃၀**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် သာပေါင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦးက သာပေါင်းမြို့နယ်အတွင်း ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တလုပ်ကုန်းကျေးရွာအုပ်စု နွားတောင်ကျေးရွာရှိ မင်္ဂလာရာမကျောင်းတိုက်သို့ရောက်ရှိကြပြီး နွားတောင်၊ ဘုရားကုန်း၊ ကျိန္တလိ၊ ကမ်းပါးနီကျေးရွာများမှ ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားပြီး ဘုရားကုန်းရွာ၊ ကျိန္တလိကျေးရွာများမှ ရေဘေးသင့်ပြည်သူ ၃၉၉ ဦးအတွက် ဆန်ရိက္ခာတစ်ပတ်စာ တန်ဖိုးငွေကျပ် ၈၃၇၉၀၀၊ မသန်စွမ်း ငါးဦးအတွက် ထောက်ပံ့ကြေး ငွေကျပ် ၁၅၀၀၀၀၊ ရေဘေးသင့်ပြည်သူများ ညပိုင်းလျှပ်စစ်မီး ရရှိရေးအတွက် စက်သုံးဆီဖိုး ငွေကျပ် ၄၇၆၀၀၊ ရေဘေးရှောင် အိမ်ထောင်စု ၁၄၂ စုအတွက် ကုလားပဲ ၁၄၂ ဒသမ ၅ ပိဿာ၊ ကူးစက်ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း ၄၀၀ နှင့် ဆပ်ပြာ အပိုင်း ၂၀၀၊ ကလေးကစားစရာအရုပ်နှင့် အာဟာရမုန့်များကို ထောက်ပံ့သည်။

ထို့ပြင် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ဘက်စုံသုံး အဆောက်အအုံတစ်လုံး ထောက်ပံ့နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့ရှိ မဟာသီရိမင်္ဂလာ ရာမပရိယတ္တိစာသင်တိုက်တွင် ခေတ္တရေဘေးရှောင်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေးကာ ရေဘေးသင့်ပြည်သူ ၇၇၆ ဦးအတွက် ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၁၆၂၉၆၀၀၊ ဖိုက်ဘာစက်တပ်လှေ သုံးစီးနှင့် အသက်ကယ်အင်္ကျီ အထည် ၃၀ အတွက် ငွေကျပ် ၆၉ သိန်း၊ ကူးစက်ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်း ၄၀၀ နှင့် ဆပ်ပြာ အပိုင်း ၂၀၀၊ မိခင်တစ်ဦး အာဟာရဖြည့်တင်းရေးအတွက် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆေးဝါးစက်ရုံ(အင်းစိန်)BPI တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု ဩစတြေးလျနိုင်ငံတောင်ပိုင်း အစိုးရအဖွဲ့ဝန်ကြီး လာရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၃၀**
ဩစတြေးလျနိုင်ငံတောင်ပိုင်းအစိုးရအဖွဲ့မှ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ အသေးစား စီးပွားရေးလုပ်ငန်းများ၊ ကာကွယ်ရေးပစ္စည်းစက်ရုံများနှင့် စစ်မှုထမ်းဟောင်းများရေးရာဝန်ကြီး Mr.Martin Hamilton Smith နှင့်အဖွဲ့သည် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံ (အင်းစိန်) BPI တွင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုကို လာရောက်လေ့လာကြသည်။

Mr.Martin Hamilton Smith နှင့်အဖွဲ့အား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်တို့က မြွေဆိပ်ဖြေဆေးထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဩစတြေးလျနိုင်ငံအစိုးရ၏ ထောက်ပံ့မှုဖြင့် University of Adelaide မှ နည်းပညာပံ့ပိုးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဩစတြေးလျဝန်ကြီးနှင့်အဖွဲ့သည် ဆေးဝါးစက်ရုံ(အင်းစိန်) BPI ရှိ မြွေဆိပ်ဖြေဆေးစက်ရုံမှ မြွေဆိပ်ဖြေဆေးထုတ်လုပ်နေမှုနှင့် ဩစတြေးလျနိုင်ငံ DFAT GPFD Project ၏ အထောက်အပံ့ဖြင့် ဝယ်ယူခဲ့သော မြွေဆိပ်ဖြေဆေး အေးခဲခြောက် (Freeze Dried)ပြုလုပ်သည့်စက်အားကြည့်ရှုပြီး မြွေကန်အဆောက်အအုံတွင် လက်တွေ့ မြွေဆိပ်ထုတ်ယူနေမှုကို ကြည့်ရှုလေ့လာကြသည်။

ဆေးဝါးစက်ရုံ(အင်းစိန်) BPI သည် မြွေဆိပ်ဖြေဆေးများကို နိုင်ငံတော်၏ လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ပေးနေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသများ၌ သာမန်အခန်းအပူချိန်တွင် ထိန်းသိမ်းထားနိုင်သည့် မြွေဆိပ်ဖြေဆေး အေးခဲခြောက် (Freeze Dried) များကို ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း**





# ကန်ကြီးထောင့်မြို့တွင် ဒါးကမြစ်ရေကြီးမှုကြောင့် မိုးစပါး ၁၉၅၄ ဧက ရေနစ်မြုပ်ပြီး စာသင်ကျောင်းအချို့ ယာယီပိတ်ထားရ

**ကန်ကြီးထောင့် ဇူလိုင် ၃၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေကြီးမှုနှင့် မိုးအဆက်မပြတ်ရွာသွန်းမှုတို့ကြောင့် မြို့နယ်အတွင်းရှိ စိုက်ပျိုးပြီး မိုးစပါး ၁၉၅၄ ဧက ရေဝင်နစ်မြုပ်ခဲ့ပြီး အခြေခံပညာကျောင်းအချို့ကိုလည်း ယာယီပိတ်ထားရသည်။

ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ဆပ်ကွင်း၊ ကွင်းယားအရှေ့၊ လဟာကလူ၊ အခလောက်၊ ဒီးဒုတ်၊ ကွမ်းသီးပင်ဆိပ်၊ ဒါးက၊ ဘုရားချောင်း၊ ဆိပ်သာကျေးရွာ အုပ်စုများမှ တောင်သူ ၃၄၀ စိုက်ပျိုးထားသော မိုးစပါးစိုက်ပြီးဧက ၁၂၄၁ ဧကတွင် ၁၉၅၄ ဧကမှာ ရေဝင်နစ်မြုပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ ထို့အပြင် အဆိုပါ မြစ်ရေမြင့်တက်မှုကြောင့် ဇူလိုင် ၂၇ ရက်နှင့် ဇူလိုင် ၂၈ ရက်တို့တွင်လည်း မြို့နယ်အတွင်း အခြေခံပညာကျောင်းများထဲမှ အလက(ခွဲ) ဒါးကမြို့မ၊ အမက-ရေကျော်ကုန်း၊ အမက-ပိုက်သောင်၊ အမက-ဗန်းမော်ချောင်း၊ အမက-ကြိမ်ချောင်းနှင့် ညောင်ချောင်း-မူလွန်ကျောင်းတို့ကို ထပ်မံပိတ်ထားရပြီး ယခင်ပိတ်ထားရသော(အမက)ကျောင်း နှစ်ကျောင်း အပါအဝင် စုစုပေါင်းကျောင်း ရှစ်ကျောင်းအား ယာယီပိတ်ထားရကာ မြစ်ရေပြန်လည်ကျသွားပါက စာသင်ချိန်များကို အဖိတ်နေ့နှင့် တနင်္ဂနွေနေ့များတွင် အစားထိုး သင်ကြားပေးသွားမည် ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။
**နန်းထိုက်(ပြန်/ဆက်)**

# ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သဲအိတ်များဖြင့် တာဖို့ခြင်းများဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၃၀**
ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့် မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက ကန်ကြီးထောင့်မြို့ အမှတ်(၁) ရပ်ကွက် ဈေးထိပ်ဓမ္မာရုံရှေ့၌ မြစ်ရေဝင်ရောက်မှုမရှိစေရေးအတွက် သဲအိတ်များဖြင့် တာဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။
**(ရဲပြန်ကြား)**

# H1N1 ကူးစက်ရောဂါကာကွယ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ကျန်းမာရေးအသိပညာပေးခြင်းနှင့် Mask များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၃၀**
မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဟန်စိန် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၈ ရက် ညနေပိုင်းက H1N1 ကူးစက်ရောဂါနှင့် ပတ်သက်၍ အသိပညာပေး ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောင်လံမြို့ စမ်းချောင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် ရွာထောင်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲတို့တွင် အသိပညာပေး လက်ကမ်းစာစောင်များအားလည်းကောင်း၊ ကျောင်းသား ကျောင်းသူ ၅၁၂၀ တို့အတွက် Mask ၅၁၂၀ တို့အားလည်းကောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။
**(ရဲပြန်ကြား)**

အပင်တစ်သန်း
လူတစ်သန်း
စိုက်လိုက်ကြစမ်း
ပြည်အဝှမ်း
စိမ်းလန်းစိုပြည်
ဒို့မြန်ပြည်
လေပူကအေး
ရေကဖွေး

# မောင်တောဒေသဖွံ့ဖြိုးရေး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မောင်တော ဇူလိုင် ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတင်မောင်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် မြို့သူကြီးကျေးရွာရှိ ငါးသားဖောက်စခန်းကို ကြည့်ရှုစစ်ဆေးပြီး သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်တောမြို့ကို ရေပေးဝေသည့် မြကန်သာ ရေလှောင်ကန် ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေသာမက စိုက်ပျိုးရေပါ ဖြန့်ဖြူးပေးနိုင်ရန် လမ်းညွှန်မှာကြားကာ ရွှေရင်အေးကျေးရွာတွင် ပြည်နယ်အစိုးရအဖွဲ့ကထောက်ပံ့ထားသည့်လယ်ထွန်စက်များဖြင့် လယ်မြေထွန်ယက်မှုနှင့် ကောက်စိုက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းချောင်းကျေးရွာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရွေ့လျားဆေးအဖွဲ့က ကျေးရွာသူကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဆေးကုသပေးနေမှုလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောရဝတီကျေးရွာသို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်အစိုးရထောက်ပံ့ငွေဖြင့် တိုင်းရင်းသားကျေးရွာများ၌ တူးဖော်ထားသည့် မောရဝတီငါးမွေးကန်၌ ရေချိုငါးမျိုး စိုက်ထည့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ငါးမျိုးများ စိုက်ထည့်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းတောင်ကျေးရွာအုပ်စုတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရွေ့လျားဆေးအဖွဲ့က ကျေးရွာသူကျေးရွာသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးကုသပေးနေမှုလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ပန္နူကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် တန်ဖိုးနည်းနေအိမ်အလုံး ၁၀၀ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်းဒင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အင်းဒင်ကျေးရွာ မီးလင်းရေးအတွက် ရပ်ရွာလူထုထံ ဆိုလာပြား၊ အင်ဗာတာ၊ မီးသီး၊မီးချောင်းများ ထောက်ပံ့ပေးအပ်ပြီး ရပ်ရွာလူထုနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



**သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**

# ညောင်တုန်းမြို့နယ်အတွင်းကျေးရွာများသို့ နယ်လှည့်ဆေးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသ

**ညောင်တုန်း ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း ဧရာဝတီမြစ်၊ ပန်းလှိုင်မြစ်နှင့် တာတမံများကြားတွင် နေထိုင်ကြသောကျေးရွာအချို့မှ



ပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်ကြီးထွန်းတင့်ဝေ ဦးဆောင်သောအမှတ်(၆)စစ်မြေပြင်ဆေးတပ်ရင်းနယ်လှည့် ဆေးကုသရေးအဖွဲ့သည် ဇူလိုင် ၂၈ ရက် နံနက်က ရန်ကင်းစံရာကျေးရွာအုပ်စု၊ ရန်ကင်းစံရာရွာမဘုန်းတော်ကြီးကျောင်း၌ အခမဲ့ဆေးကုသမှုများဆောင်ရွက်ပေးသည်။

ဆေးကုသမှုများဆောင်ရွက်ရာတွင် ရေကြောင့်ဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် ဖျားနာသောရောဂါများတွေ့ရှိရပြီးအဆိုပါကျေးရွာပတ်ဝန်းကျင်မှ ပြည်သူ ၁၂၀ ကျော် လာရောက်ဆေးကုသမှုခံယူကြသည်။

အဆိုပါဆေးကုသရေးအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ခလရ(၄၃၅)မှ ဗိုလ်မှူးကြီးသော်ဇင်ဦး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးဦးအောင်ဘော်နှင့် မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွင်းရေးမှူး ဦးသန့်ဇင်ဝင်း (ဦးစီးအရာရှိ-မီးသတ်ဦးစီးဌာန) တို့က သွားရောက်အားပေးကြည့်ရှုပြီး လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**



# ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ရန်ကုန်မြို့ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့နံနက် ၆နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်(မြကျွန်းသာ)ရှေ့၌ကျင်းပသည်။ ရှေးဦးစွာ မြကျွန်းသာရှေ့မှတာထွက်ရာ အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ပြီး မြကျွန်းသာမှ တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းယားလမ်းအတိုင်းစီးပြီး ထို့မှတစ်ဆင့် ပြည်လမ်း၊ ချော်တွင်းကုန်းလမ်းမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း စီးကာ မြကျွန်းသာရှေ့၌ ပြန်လည်ပန်းဝင်ခဲ့သည်။ ယင်းစက်ဘီးစီးပွဲတွင် စက်ဘီးစီးဝါသနာရှင် ၅၀၀ ကျော်ပါဝင်စီးနင်းကြပြီး အချိုရည်များ၊ တီရှပ်များပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

»» **စာမျက်နှာ ၅ မှ**

ကာကွယ်စောင့်ရှောက်ပေးတဲ့၊ အကျိုးသက်ရောက်မှုရှိတဲ့ နစ်နာတဲ့အသိုင်းအဝိုင်းတွေကို လုံလောက်တဲ့ လျော်ကြေးပေးတာတွေ၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ဆောင်ရာမှာ ဆွေးနွေးအကြံဉာဏ်ရယူတာ၊ ပြည်သူအကျိုးအတွက် သင့်တင့်စွာကောက်ခံတဲ့အခွန်စနစ်၊ မှန်ကန်တဲ့စည်းကမ်းနဲ့ ထိန်းသိမ်းနိုင်စွမ်းရှိတဲ့ အစိုးရတစ်ရပ်ဖြစ်ဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။

မြန်မာနိုင်ငံက စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် စိန်ခေါ်မှုတွေကတော့ လုပ်သားအင်အားလို့ ကျွန်တော်ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကြီးမားတဲ့လုပ်သားအင်အားက အခွင့်အလမ်းတစ်ခုလို့ဆိုပေမယ့် အဲဒီလုပ်သားအင်အားရဲ့ ပညာရေးအဆင့်အတန်းတွေကို တိုးတက်အောင် လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ အကြီးမားဆုံး အကန့်အသတ်က ကျွမ်းကျင်လုပ်သားတွေရှာဖွေမှုဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းအချို့မှာ မြေယာနဲ့ပတ်သက်တဲ့ ပြဿနာတွေ ရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ စီးပွားရေးလုပ်ငန်းအများအပြားက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ပြဿနာတွေလည်း ကြုံတွေ့နေရပါတယ်။ တစ်ခါတစ်ရံ အငြင်းပွားမှုတစ်ခုရှိလာရင် တရားရုံးတွေကို သွားဖို့လည်း လိုအပ်ပါတယ်။ လွတ်လပ်မှုရှိတဲ့ တရားစီရင်ရေးစနစ်နဲ့ ပွင့်လင်းမြင်သာမှုရှိတဲ့ တရားစီရင်ရေးစနစ်ဖြစ်အောင်၊ အားကောင်းလာအောင် လုပ်ဆောင်ဖို့လိုအပ်မယ် ထင်ပါတယ်။

**မေး။ ။မြန်မာနိုင်ငံမှာ နိုင်ငံတကာဘဏ်တွေ ဖွင့်လှစ်လာမှုနဲ့ဘဏ္ဍာရေးဆိုင်ရာအခွင့်အလမ်းတွေနဲ့ပတ်သက်ပြီး အသေးစိတ် ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ ဘဏ္ဍာရေးနယ်ပယ်မှာ ကောင်းမွန်တဲ့အခွင့်အလမ်းရရှိဖို့ဆိုတာ အခြားသူတွေဆီက ငွေတိုးယူနေရပြီး တစ်လကို အတိုးနှုန်း ၂၀ ရာခိုင်နှုန်းပေးနေရတဲ့ မြန်မာနိုင်ငံကသာမန်ပြည်သူတွေအတွက် ပြဿနာတစ်ခုဖြစ်နေပါတယ်။ ဒါဟာ အလွန်များတဲ့ အတိုးနှုန်းဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာ အသေးစားချေးငွေလုပ်ငန်းတွေရောက်လာပေမယ့် အခုချိန်ထိ ပြည်သူအများစုဟာ အလွယ်တကူချေးယူခွင့်မရသေးပါဘူး။ ကျေးလက်ဒေသက တောင်သူတွေလည်း သူတို့ရဲ့လယ်ယာလုပ်ငန်းတွေအတွက် ငွေချေးယူရာမှာ အခက်အခဲတွေရှိနေပါတယ်။ ကန့်သတ်မှုများတဲ့ ဘဏ်လုပ်ငန်းလိုင်စင်ကြောင့် ပြည်ပဘဏ်တွေအနေနဲ့ မြန်မာကုမ္ပဏီတွေကို ငွေမချေးနိုင်ပါဘူး။

**မေး။ ။ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတွေ၊ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုကူးမှုတွေလိုကိစ္စရပ်တွေကို ကိုင်တွယ်မှုကိုလည်း အဆွေတော်ရဲ့အတွေ့အကြုံကို မျှဝေပေးစေလိုပါတယ်။**

ဖြေ။ ။ ဒီပြဿနာတွေဟာ အလွန်အရေးကြီးပါတယ်။ ခင်ဗျားတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဩစတြေးလျနိုင်ငံတွေမှာလည်း အလားတူပြဿနာတွေရှိပါတယ်။

ယနေ့အချိန်မှာ မြန်မာနိုင်ငံဟာ ဘိန်းနဲ့ဘိန်းဖြူ ဒုတိယမြောက်အများဆုံး ထုတ်လုပ်တဲ့နိုင်ငံဖြစ်နေဆဲဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံကို ဝင်ရောက်လာတဲ့ ဘိန်းတွေပို့ဆောင်တဲ့ အကြီးမားဆုံးနိုင်ငံလည်းဖြစ်ပါတယ်။

လူကုန်ကူးမှုကိစ္စတွေဟာ လူ့အခွင့်အရေးဆိုင်ရာ အလေးထားရမယ့်ကိစ္စတစ်ခု ဖြစ်ပါတယ်။ လူကုန်ကူးမှုပြဿနာကို တစ်နိုင်ငံတည်း ဖြေရှင်းနိုင်တာကြောင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ၁၉၉၀ ခုနှစ်ကတည်းက ဩစတြေးလျသံရုံးမှာ အလုပ်လုပ်နေတဲ့ ဩစတြေးလျဖက်ဒရယ်ရဲတပ်ဖွဲ့က အေးဂျင့်တစ်ဦးရှိပြီး အဓိကအားဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရာမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အကူအညီပေးနေပါတယ်။

ဩစတြေးလျသံရုံးမှာ ဩစတြေးလျလူဝင်မှုကြီးကြပ်ရေးနဲ့ နယ်စပ်ကာကွယ်ရေးဌာနက နောက်ထပ်ပုဂ္ဂိုလ်တစ်ဦးကိုလည်း ကျွန်တော်တို့ခန့်အပ်ခဲ့ပြီး နယ်စပ်ဒေသထိန်းချုပ်ရေးကိစ္စတွေနဲ့ပတ်သက်လို့ အကောက်ခွန်နဲ့ နယ်ခြားစောင့်တပ်ဖွဲ့တွေကို ကျွန်တော်တို့ အကူအညီပေးနေပါတယ်။ ဒါဟာ အသေးအဖွဲ့အကူအညီတစ်ခုဖြစ်ပေမယ့် ဒီပြဿနာတွေဟာ မြန်မာနိုင်ငံအတွက်သာ ကြုံနေရတာ မဟုတ်တာကြောင့် တစ်နိုင်ငံတည်းဖြေရှင်းနိုင်တဲ့ ပြဿနာတွေမဟုတ်ဘူးဆိုတာကို အသိအမှတ်ပြုဖို့လိုပါတယ်။

**မေး။ ။အကြမ်းဖက်ဝါဒက တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ထင်မြင်သုံးသပ်ချက်တွေ ပြောပေးနိုင်မလား။**

ဖြေ။ ။မှန်ပါတယ်။ အကြမ်းဖက်ဝါဒက မူးယစ်ဆေးဝါးနဲ့ လူကုန်ကူးမှုလိုပါပဲ။ ဘယ်နိုင်ငံမှ အကြမ်းဖက်ဝါဒနဲ့ ကင်းလွတ်လို့မရပါဘူး။ ဒါကြောင့် နိုင်ငံတကာအစိုးရတွေ အတူလက်တွဲဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး သတင်းအချက်အလက်တွေမျှဝေဖို့နဲ့ အကြမ်းဖက်ဝါဒတိုက်ဖျက်ရာမှာ အချင်းချင်းကူညီဖို့ လိုအပ်ပါတယ်။

**မေး။ ။အကောက်ခွန် သို့မဟုတ် လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် နယ်ခြားစောင့်တပ်ဖွဲ့တွေအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးမယ့်အစီအစဉ်တွေရှိတယ်ဆိုတာကို ရှင်းပြပေးပါ။**

ဖြေ။ ။ဒီနယ်ပယ်တွေအားလုံးမှာ ရှေ့ဆက်လုပ်ဆောင်မယ့် အစီအစဉ်တွေ ကျွန်တော်တို့မှာရှိပါတယ်။ ဒီအစီအစဉ်တွေက အလွန်ကြီးမားတဲ့အကူအညီမဟုတ်ပေမယ့် ဗဟုသုတ၊ နည်းလမ်းနဲ့ နည်းပညာအကူအညီတွေဖြစ်ပါတယ်။ အကူအညီအချို့က ငွေအင်အားဖြစ်ပြီး အချို့က ပစ္စည်းကိရိယာအကူအညီဖြစ်ပါတယ်။

**မေး။ ။နှစ်နိုင်ငံဆက်ဆံရေးအားကောင်းလာဖို့ အနာဂတ်အစီအစဉ်တွေကို မျှဝေပေးစေလိုပါတယ်။**

ဖြေ။ ။နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်လာဖို့ ကျွန်တော်တို့မှာ ကြီးမားတဲ့အစီအစဉ်တွေ ရှိပါတယ်။ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဆက်ဆံရေး တိုးတက်လာဖို့ မျှော်လင့်ပါတယ်။ ပညာရေးကဏ္ဍကနေတစ်ဆင့် ပြည်သူအချင်းချင်းဆက်သွယ်မှုကိုမြှင့်တင်ဖို့ ကျွန်တော်တို့ကြိုးစားနေပါတယ်။

ကိုလံဘိုစီမံကိန်းသစ်က ပညာသင်နှစ်ရဲ့နှစ်ဝက်စာသင်ကာလအစီအစဉ်အတွက် မြန်မာနိုင်ငံက တက္ကသိုလ်တွေမှာ ကျောင်းအပ်နှံမှုဖြစ်စေ ရက်တိုသင်တန်းတွေ သို့မဟုတ် လေ့လာရေးခရီးစဉ်တွေကဖြစ်စေ မြန်မာနိုင်ငံမှာ ဩစတြေးလျ ကျောင်းသား ကျောင်းသူတွေ လာရောက်သင်ယူမယ့်အစီအစဉ်ဖြစ်ပါတယ်။ ဩစတြေးလျလူငယ်တွေက အရှေ့တောင်အာရှ၊ မြောက်အာရှနဲ့ပတ်သက်လို့ ပိုမိုစိတ်ဝင်စားလာပြီး ပိုမိုနားလည်မှုရှိလာဖို့ အရေးကြီးပါတယ်။

**မေး။ ။မြန်မာပြည်သူတွေအတွက် အဆွေတော်အနေနဲ့ အခြားမျှဝေပေးလိုတာ ရှိပါသလား။**

ဖြေ။ ။ဩစတြေးလျနိုင်ငံက မြန်မာနိုင်ငံရဲ့ ရေရှည်မိတ်ဆွေနိုင်ငံတစ်ခုဖြစ်ပြီး မိတ်ဆွေနိုင်ငံတွေအဖြစ် ဆက်လက်တည်ရှိနေမယ်လို့ ကျွန်တော်ထင်ပါတယ်။ နိုင်ငံရေးနဲ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေက မြန်မာနိုင်ငံမှာ ပိုမိုဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ကို အထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ အစိုးရ၊ ပြည်သူနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့နဲ့ မြန်မာနိုင်ငံအတွက် ပိုမိုတောက်ပသော၊ ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုတည်ဆောက်ဖို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဘူးသီးတောင်မြို့နယ် သပိတ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်

**ဘူးသီးတောင် ဇူလိုင် ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယမန်နေ့နံနက် ၁၀ နာရီက ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် သပိတ်တောင်ကျေးရွာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်သာမက ပြည်ထောင်စုအစိုးရအဖွဲ့ကပါ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသများဖွံ့ဖြိုးရေးအတွက် အထူးဦးစားပေးဆောင်ရွက်ပေးနေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အစိုးရ၊ ပြည်ထောင်စုအစိုးရ၊ အခြားပုဂ္ဂလိကနှင့် နိုင်ငံတကာမှ ဤဒေသအတွက် အထူးအာရုံစိုက်ပံ့ပိုးကူညီပေးခဲ့ကြောင်း။။

ဘူးသီးတောင်မြို့နယ် သပိတ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် မိမိတို့ထံသို့ တင်ပြလာသည့်အခါ အပြည့်အဝကူညီဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည့်အတွက် ယခုအခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်မှုကြောင့် ဤဒေသဖွံ့ဖြိုးရေးအတွက်ကိုပါ တစ်ဆက်တစ်စပ်တည်း အကျိုးပြုသွားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် လုံခြုံရေးပိုမိုအရေးကြီးကြောင်း၊ မိမိတို့ပြည်သူများအတွက် စိုးရိမ်ကြောင့်ကြမှုများ နည်းပါးအောင် ဖြစ်နိုင်လျှင် စိုးရိမ်ကြောင့်ကြမှုကင်းရှင်းအောင် ဦးစားပေးဆောင်ရွက်နေကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်တို့က ဒေသခံပြည်သူများအား အားပေးစကားပြောကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက သပိတ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို သပိတ်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘူးသီးတောင်မြို့နယ်တွင် ရေနစ်သေဆုံးသွားကြသည့် ရဲတပ်ဖွဲ့ဝင်များ၏ ကျန်ရစ်သူမိသားစုလေးစုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသည့် လူနာများအား လှည့်လည်ကြည့်ရှုကြပြီး ဆေးရုံဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်အဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်း- အေဝမ်းစိုး၊ မျိုးသူဟိန်း**
**ဓာတ်ပုံ- အောင်ကျော်စိန် (ပြန်/ဆက်)**



ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ဂျပန် ODA ချေးငွေဖြင့် ဆည်ရေသောက်စနစ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြောက်နဝင်းလက်ခွဲမြောင်း CL-27 လုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။

**မြင့်နိုင်(ပြည်)**

# မြစိမ်းရောင် အရင်းမပျောက်စီမံကိန်းထပ်တိုးရရှိသဖြင့် ကျေးရွာများတွင် ပထမအကြိမ် စီမံကိန်းမိတ်ဆက်ဆွေးနွေး

**တပ်ကုန်း ဇူလိုင် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တပ်ကုန်းမြို့နယ်အတွင်း မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မှု လုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာလေးရွာ ထပ်တိုးရရှိသဖြင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဖွဲ့စည်းရန်အတွက် ပထမအကြိမ် စီမံကိန်းမိတ်ဆက်ဆွေးနွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက လယ်ဇပင်ကျေးရွာ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးအရာရှိ ဒေါ်နေခြည်ဇာဝေက မြစိမ်းရောင် စီမံကိန်းအဖြစ် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ စီဖြင့် စီမံကိန်းဝင်ကျေးရွာများရှိ ကျေးရွာနေပြည်သူများ စိုက်ပျိုးမွေးမြူရေးနှင့် အခြားစီပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ပြီး လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာအောင် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းတင့်က စီမံကိန်းသဘောသဘာဝနှင့် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၏လုပ်ငန်းတာဝန်များ၊ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ ရွေးချယ်ရာတွင် မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တပ်ကုန်းမြို့နယ်တွင် ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်စီမံကိန်း ကျေးရွာအဖြစ် လယ်ဇပင်ကျေးရွာ၊ သဲချောင်းကျေးရွာ၊ မယ်ဇလီကျင်းကျေးရွာနှင့် ကျီးအင်းကျေးရွာတို့ကို ထပ်တိုးဆောင်ရွက်ခွင့်ရရှိကြောင်း သိရသည်။

**(တင်စိုးလွင်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင် ၁၈ ရက်မှ ဇူလိုင် ၂၅ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ | သန်းဝင်းလှိုင် | ၇၀၀၀ | ကျော်စိုးမိုး |
| ၂ | ပင်လယ်များကို ဖြတ်သန်းခြင်း | တင်မိုး | ၈၀၀၀ | စိတ်ကူးချိုချို |
| ၃ | ရေသောက်မြစ်ကို တူးဖော်ခြင်း | ပန်ဆယ်လို | ၃၅၀၀ | နှစ်ကာလများ |
| ၄ | လူထုဟောပြောနည်းလမ်းညွှန် (စကားပြောခြင်း အတတ်ပညာ) | နေလင်းဝင်း | ၃၀၀၀ | မဇ္ဈိမ |
| ၅ | တရားအားထုတ်မှုလမ်းခရီးမှ တရားအမြင်များ(၁) | ဒေါက်တာသစ်လွင် | ၂၅၀၀ | - |
| ၆ | အမေ့လျော့ခံ အာဇာနည် မိသားစုဝင်များနှင့်ဆုံတွေ့ခြင်း | ဖိုးစိုင်း(ဂျာနယ်လစ်) | ၁၅၀၀ | JournalistPublishing |
| ၇ | ဗိုလ်မှူးချုပ်အယ်လ်ကွန်ဖန်အား လုပ်ကြံခြင်း | ဦးလှဆွေ(ဘုလက်) | ၁၂၀၀ | လွင်ဦး |
| ၈ | မြန်မာတို့တရုတ်ရန်ခုခံကာကွယ် ခဲ့စဉ်က(သို့) တရုတ်-မြန်မာစစ်ပွဲများ | သောင်းဝေဦး | ၄၅၀၀ | မြရတနာစာပေ |
| ၉ | စင်ကာပူကလေးငယ်များ၏ အနှစ်သက်ဆုံးပုံပြင်များ | မမကြီး | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၀ | မြန်မာပြည်၏မြို့နယ်စုံမှဖူးမြော်ခဲ့ရသော ထူးထူးခြားခြား ဘုရားစေတီများ | မြမဉ္ဇူဝေ | ၁၅၀၀ | ရန်အောင် |
| ၁၁ | ပစ္စုပ္ပန်ဟင်းလင်းပြင် | ကိုကိုနိုင် | ၂၅၀၀ | နှစ်ကာလများ |
| ၁၂ | Northern Lights | ကလောင်စုံ | ၂၀၀၀ | ယဉ်မျိုး |
| ၁၃ | ကလာရာဘာတန် စာစဉ် (၇၆) | The Key | ၁၅၀၀ | The Key |
| ၁၄ | ရိုးလင်းစတုန်း စာစဉ် (၇၅) | The Key | ၁၅၀၀ | The Key |
| ၁၅ | ဆံတောက်ပိုးနှင့်အခြားဝတ္ထုတိုများ | မောင်ထင် | ၁၅၀၀ | The Key |
| ၁၆ | ကဗျာဘဝရှာပုံတော် | ဇေယျာလင်း | ၃၀၀၀ | နှစ်ကာလများ |
| ၁၇ | မြန်မာနိုင်ငံကိုချစ်သော ကရင်အမျိုးသားခေါင်းဆောင်များ | နေစိုးထက် | ၁၅၀၀ | စိတ်ကူးသစ် |
| ၁၈ | ငှက်ကလေး | မင်းလူ | ၃၀၀၀ | ငါတို့စာပေ |
| ၁၉ | အဖေအမေဝတ္ထုတိုပေါင်းချုပ် | ဆင်ဖြူကျွန်းအောင်သိန်း | ၅၂၀၀ | စိတ်ကူးချိုချို |
| ၂၀ | ခုတင်ငါးရာအသည်းကွဲလူနာ | ကောက်နွယ်ကနောင် | ၂၀၀၀ | ယဉ်မျိုး |
| ၂၁ | မန်နေဂျာလက်သင်များအတွက် အောင်မြင်ရေးသင်ခန်းစာ ၂၄ခု | အောင်စည်သာ | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၂ | ရခိုင်တို့၏တောင်စဉ်ခုနစ်ခရိုင်သမိုင်း | ဒွါရာဝတီအသျှင်ကုသလ | ၂၅၀၀ | - |
| ၂၃ | လုပ်ငန်းခွင်အတွင်းက စုန်ပြူးများ | ကျော့ကေခိုင် | ၃၀၀၀ | အခွင့်အလမ်း |
| ၂၄ | အဖွဲ့အစည်းများကို အမြဲမေးရမည့် အရေးအကြီးဆုံးမေးခွန်း ၅ ခု | မောင်မောင်မြင့်သိန်း | ၁၇၀၀ | အခွင့်အလမ်း |
| ၂၅ | ပီဇာရီဗော်လူးရှင်း | ဆလိုင်းမြတ်နိုးသူ | ၂၀၀၀ | နှစ်ကာလများ |
| ၂၆ | ဟောဂ်ဝပ်မှော်ကျောင်းတော်မှ တိမ်မြုပ်နေသောဒဏ္ဍာရီများ | ကောင်းမြတ်လွန်းသော် | ၂၀၀၀ | - |
| ၂၇ | နော်ရင်မွှေး | မြသန္တာ | ၄၀၀၀ | စိတ်ကူးချိုချို |
| ၂၈ | စာပေရိပ်မွန်၊ စာပေတာဝန် | မြန်မာ့ဂုဏ်ကျော်မြင့် | ၅၅၀၀ | စိတ်ကူးချိုချို |
| ၂၉ | သဘာဝလောက | မောင်တင်ဦး(ရုက္ခ) | ၃၀၀၀ | စိတ်ကူးချိုချို |
| ၃၀ | အိုရှိုး၏လွတ်လပ်မှုဖြူစင်မှုနှင့်သုည | အောင်မေဃ | ၁၅၀၀ | ယဉ်မျိုး |
| ၃၁ | သွားပါများ၍ ခရီးရောက်ခဲ့သူ | စည်သူကျော် | ၄၀၀၀ | ရန်ကုန်လမ်းမများ |
| ၃၂ | မြေလှျိုးမိုးပျံဂိုဏ်း | မင်းသိခ် | ၂၅၀၀ | ဘုမ္မာဝတီ |
| ၃၃ | လိင်ပိုင်းဆိုင်ရာမညီမျှမှုနှင့် လူမှုရေးဆိုင်ရာတရားမျှတမှု | နောင်ချိုသစ် | ၃၀၀၀ | MKS publishing |
| ၃၄ | ယိုးဒယား----ဗမာစစ်ပွဲသမိုင်း | ကိုကိုလေး | ၄၀၀၀ | ယဉ်မျိုး |
| ၃၅ | အဲလ်ပစ္စပရက်စ်လေ စာစဉ် (၇၈) | The key | ၁၅၀၀ | The key |
| ၃၆ | အယ်လ်တန်ဂျွန် စာစဉ်(၇၇) | The key | ၁၅၀၀ | The key |
| ၃၇ | သတင်းစာဆရာမ | လင်းယုန်မောင်မောင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၈ | ဒါလားဗုဒ္ဓဘာသာ | ဗိုလ်ကလေးအရှင်ပဏ္ဍိတ | ၃၅၀၀ | ကောင်းထွဋ် |
| ၃၉ | မောင်စိန်ကာတွန်းများပေါင်းချုပ် | ကာတွန်းမောင်စိန် | ၈၅၀၀ | စိတ်ကူးချိုချို |
| ၄၀ | ပေးစာ | တောလူ | ၃၀၀၀ | - |
| ၄၁ | မောင်လေးအောင်နှင့် ကဗျာလောကစုစည်းမှု-၂ | ကလောင်စုံ | ၄၅၀၀ | နှစ်ကာလများ |
| ၄၂ | နှုတ်ဆက်ခွင့်ကလေး ပေးသနားပါ | တင့်ဇော် | ၃၅၀၀ | မဇ္ဈိမ |

(ဆက်လက်ဖော်ပြပါမည်)

# ၅၈ ယာဉ်လိုင်းတွင် ယာဉ်အသစ်များဖြင့် စတင်ပြောင်းလဲပြေးဆွဲနေ၍ သွားလာရေးအဆင်ပြေ





**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းတွင် ပုံစံတူယာဉ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲခြင်းကို ဒုတိယမြောက်အဖြစ် ၅၈ ယာဉ်လိုင်းတွင် ဇူလိုင် ၂၈ ရက်က စတင်မြင်တွေ့လာရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဝယ်ယူရောက်ရှိသော ယာဉ်အသစ်အစီး ၁၀၀၀ သည် ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီ (YBPC)နှင့် ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ (YUPT)တို့ လက်အောက်ရှိ ယာဉ်လိုင်းများတွင် ယာဉ်စီးရေ ၅၀၀ စီဖြင့် ပြေးဆွဲမည်ဟု သိရသည်။

ယခင် BRT Lite အမည်ဖြင့် ရှိခဲ့သော YBPC ကုမ္ပဏီသည် မှော်ဘီ- လှည်းကူး- ထောက်ကြန့်တို့မှ ဆူးလေသို့ယာဉ်လိုင်းနံပါတ် ၃၇၊ ဒဂုံတက္ကသိုလ်မှ ဆူးလေသို့ ယာဉ်လိုင်းနံပါတ် အသစ် ၈၇၊ ဒဂုံတက္ကသိုလ်မှ အင်းစိန် GTI သို့ ယာဉ်လိုင်းနံပါတ် အသစ် ၈၈ တို့တွင် ယာဉ်အသစ်များဖြင့် ပြေးဆွဲခြင်းများ မြင်တွေ့ရသည်။

ယခင်ယာဉ်လိုင်း စနစ်ဟောင်းကာလမှ ယာဉ်ပိုင်ရှင်များစုပေါင်းကာ အများပိုင်ကုမ္ပဏီ ဖွဲ့ထားသော (YUPT) ကုမ္ပဏီသည်လည်း မိမိကုမ္ပဏီမှ ပြေးဆွဲနေသောယာဉ်လိုင်း ၂၁ လိုင်းအနက် ယာဉ်လိုင်းခုနစ်လိုင်းတွင် ယာဉ်အသစ်များဖြင့် ထည့်သွင်းပြေးဆွဲရန် စီစဉ်ထားသည်ဟု သိရသည်။ ယနေ့ ယာဉ်အသစ်များဖြင့် စတင်ပြေးဆွဲနေသော ယာဉ်လိုင်းနံပါတ် ၅၈ သည် အဆိုပါယာဉ်လိုင်း ခုနစ်လိုင်းတွင် ပါဝင်သည်ဟု သိရသည်။

မြို့တွင်းပတ် ယာဉ်လိုင်းများသည် မြို့ပြင်မှလာသော ယာဉ်လိုင်းများဖြင့် ချိတ်ဆက်ပြေးဆွဲနေခြင်းသာမက မြို့တွင်းသွားသူများ ရန်ကုန်တစ်ဖက်ကမ်းမှ ကူးတို့ရေယာဉ်များဖြင့် ရန်ကုန်မြို့တွင်း အလုပ်လာဆင်းသူများ အလုပ်သွား၊ အလုပ်ပြန်ချိန်များတွင် စီးနင်းမှု များပြားနေတတ်သည်။

ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါ ယာဉ်အသစ်များ ဆက်တိုက်နီးပါးလမ်းကြောင်းများပေါ် မြင်တွေ့ရသည်။ ဝါစိမ်းနီယာဉ်ကြီးများထက် အနည်းငယ်သေးသော်လည်း ထိုင်ခုံအရေအတွက်မှာ ပုံမှန်သာရှိသဖြင့် ရပ်စီးခရီးသည်အတွက်သာ နေရာနည်းသွားသည်ဟု နေ့စဉ်စီးနင်းနေသူ ကိုနေဝင်းက ပြောသည်။

မြို့တွင်းပတ် ယာဉ်လိုင်းသုံးလိုင်းတွင် ရှေ့ပေါက်ကတက် နောက်ပေါက်ကဆင်းခရီးသည်များ ကားခငွေပုံးထဲသို့ ကိုယ်တိုင်ထည့်စနစ် အသားကျလုနီးပါးရှိလာချိန် ယာဉ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲလာရာ ခရီးသည်များအနေဖြင့် ယခင်နှစ်ကာလတူအချိန်နှင့် နှိုင်းယှဉ်ပါက မြို့တွင်းသွားခရီးစဉ်တွင် မြို့ပြင်မှလာသော ယာဉ်လိုင်းစီးလာသူများ ကားပြောင်းစီးနေရသည့်ဖြစ်စဉ်မှလွဲ၍ အဆင်ပြေလာသည်ဟု မြို့တွင်းခရီးသွားနေရသူ တစ်ဦးက ပြောသည်။

ယာဉ်လိုင်းစနစ်သစ် မတိုင်မီကာလများတွင် မြို့တွင်းခရီးတိုစီးနင်းရာတွင် မော်တင်မှ ပန်းဆိုးတန်းခရီး ယာဉ်စီးခ ကျပ် ၂၀၀ ကျော်လျှင် ကျပ် ၃၀၀ နှုန်းဖြင့် လေအေးပေးစက်ပါ ယာဉ်အမည်တပ်လိုင်းကားများ စီးနေခဲ့ရသည်။ အနော်ရထာလမ်းကြောင်းပေါ်တွင်လည်း လသာကွေ့၊ သိမ်ကြီးဈေးကွေ့စသည်ဖြင့် ယာဉ်လမ်းကြောင်းအဆုံးအထိ မသွားသော လိုင်းကားအများစုကို တွေ့ကြုံစီးနင်းခဲ့ရသည်။

ယခုကာလတွင်မူ မြို့တွင်းပတ်ယာဉ်လိုင်းမှ ယာဉ်များကို ခရီးစဉ်တစ်ပတ်လုံးယာဉ်စီးခ ကျပ် ၁၀၀ ဖြင့် လေအေးပေးစက်ဖွင့် စီးနိုင်ခွင့်ရလာသည်။ ယာဉ်အတွင်း ဦးစားပေးထိုင်ခုံ အချို့ အရောင်ခွဲ သတ်မှတ်ပေးထားခြင်း၊ သံဃာတော်၊ သီလရှင်၊ ကျန်းမာရေးမကောင်းသူ၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်းသူများနှင့် ဆရာ ဆရာမများ၊ မူလတန်း၊ အလယ်တန်းကျောင်းသူကျောင်းသားများကို အခမဲ့ယာဉ်စီးခွင့်ပြုထားသည့် အသိပေးစာများကို မြို့တွင်းပတ် ယာဉ်လိုင်းများမှ ယာဉ်ကြီးများတွင် မြင်တွေ့ရခြင်းမျိုး ရှိလာသည်။

ပြေးဆွဲနေသော ယာဉ်အသစ်များတွင် အရောင်ခွဲဦးစားပေးထိုင်ခုံများ၊ အခမဲ့ယာဉ်စီးခွင့်ပြုသည့် စာတန်းများ၊ အရေးပေါ်မှန်ခွဲနိုင်သည့် တူအနီများကိုလည်း မြင်တွေ့လာရသည်။

နေ့လယ်ပိုင်းပါ ယာဉ်အဆက်မပြတ် ပြေးဆွဲနေသည်ကို တွေ့ရရာ ယာဉ်ပေါ်တွင် ခရီးသည်များ နေ့လယ်ပိုင်းအချိန် ထိုင်စီး၍ရလာပြီး နေ့စဉ်ယင်းကဲ့သို့ပြေးဆွဲပေးစေလိုသည်ဟု ယင်းနေ့ နေ့လယ်ပိုင်းက လမ်း ၅၀ မှ စံပြသို့ စီးလာသူ မသိမ့်က ပြောသည်။

ယာဉ်အသစ်များ ပြေးဆွဲလာသော ယာဉ်လိုင်းများလာသကဲ့သို့ ပြေးဆွဲပေးရန် လိုအပ်နေခြင်းများလည်းရှိနေသေးသည်ဟု ရွှေပြည်သာ ထန်းခြောက်ပင်နေ မမို့က ပြောသည်။

ယာဉ်ပေါ်တွင် အလစ်သုတ်ခြင်းဖြစ်စဉ်အချို့ ရှိတတ်ရာ ယာဉ်အသစ်များပေါ်တွင် ပါရှိသောစောင့်ကြည့်ကင်မရာများ၏ မှတ်တမ်းများ အကူအညီဖြင့် ဖော်ထုတ်နိုင်လိမ့်မည်ဟု ခရီးသည်အချို့က ပြောသည်။

မြို့တွင်းလမ်းမများပေါ် ကြားကားငယ်များ၊ တရားဝင်မဟုတ်သော ယာဉ်လိုင်းများမှ ယာဉ်ကြီးနှင့် မီနီဘတ်ယာဉ်ငယ်အချို့ နံနက်ပိုင်း၊ ညပိုင်း ပြေးဆွဲနေခြင်းများကိုလည်း တားဆီးလျှော့ချ ပေးသင့်သည်ဟု ညစဉ်ကြားကားငယ်များဖြင့် ဘုရင့်နောင်ပွဲရုံတန်းမှ ရန်ကုန်မြို့လယ်သို့ ပြန်နေရသူ ကိုသက်က ပြောသည်။

မေလနောက်ဆုံးပတ်တွင် ဗိုလ်ချုပ်လမ်းအတိုင်းသွား၍ ကုန်သည်လမ်း၊ ကမ်းနားလမ်းအတိုင်း ပြန်သော ၅၆ ယာဉ်လိုင်းတွင် အနီရောင်ယာဉ်အသစ်များဖြင့် ပြောင်းလဲပြေးဆွဲခဲ့ပြီး နှစ်လဝန်းကျင်အချိန် ကမ်းနားလမ်းအတိုင်း၊ မြို့တွင်းသို့သွား အနော်ရထာလမ်းမှပြန်သော ယာဉ်လိုင်း ၅၈ တွင် အဝါရောင်ယာဉ် အသစ်များဖြင့် ပြောင်းလဲပြေးဆွဲလာသည်ဟု ကမ်းနားလမ်း ညဈေးတန်းဈေးသည် ကိုထိုက်က ပြောသည်။

အဆင့်ဆင့်ပြောင်းလဲ လာနေသော်လည်း အဆင်မပြေခြင်းများရှိနေဆဲဖြစ်၍ အရှိန်မြှင့်ပြောင်းလဲလုပ်ဆောင်ပေးခြင်းများကို ခရီးသည်များက မျှော်လင့်နေကြောင်း သိရသည်။

**(မောင်စေအောင်)**

## ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် ကောက်စိုက်ခြင်းများကို စက်များဖြင့် သရုပ်ပြ

**မုံရွာ ဇူလိုင် ၃၀**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးစပါးစိုက်ရာသီတွင် စက်မှုလယ်ယာဦးစီးဌာနပိုင်



ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ၊ ကောက်စိုက်စက်ကြီးများဖြင့် ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းခြင်းများကို လိုက်လံသရုပ်ပြပေးလျက်ရှိကြောင်း သိရသည်။

လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရန်၊ စက်စွမ်းအားကို သိရှိနိုင်စေရန်နှင့် လုပ်သားအင်အားကို လျှော့ချနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများနှင့် ကောက်စိုက်စက်များဖြင့် ထွန်ယက်၊ ရိတ်သိမ်း၊ စိုက်ပျိုးခြင်းကို လိုက်လံသရုပ်ပြသပေးခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ထွန်ယက်၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြွေလှေ့ခြင်းဆိုင်ရာများ သရုပ်ပြသမည့် အစီအစဉ်အဖြစ် ရိတ်သိမ်းခြွေလှေ့ခြင်းအတွက် ၁၈ ကြိမ်လျာထားရာတွင် စစ်ကိုင်းခရိုင်အတွင်း တစ်ကြိမ်၊ ရွှေဘိုခရိုင်အတွင်း တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထွန်ယက်ရေးလုပ်ငန်းများအဖြစ် ၃၂ ကြိမ် လုပ်ဆောင်ပေးမည်ဖြစ်ရာ ယင်းမာပင် ခရိုင်အတွင်း နှစ်ကြိမ်၊ တမူးခရိုင်အတွင်း လေးကြိမ် စုစုပေါင်း ခြောက်ကြိမ်ပြသပေးပြီးဖြစ်ကြောင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးသရုပ်ပြသရန်အတွက် ၁၀ ကြိမ်လျာထားရာ စစ်ကိုင်းခရိုင်အတွင်း တစ်ကြိမ်၊ ရွှေဘိုခရိုင်အတွင်း တစ်ကြိမ်၊ ယင်းမာပင်ခရိုင်အတွင်း နှစ်ကြိမ် စုစုပေါင်း လေးကြိမ် ပြသပေးပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

❖ **ကျောဖုံးမှ**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm 09 နှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကုသမှုပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ရရှိသော ရောဂါဖြစ်ပွားမှုအချက်အလက်များအရ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ ၁၈၂ ဦး ရှိခဲ့ပြီး ၎င်းတို့အနက် Seasonal Influenza A(H1N1) pdm 09 Positive လူနာစုစုပေါင်း ၅၁ ဦး၊ သေဆုံးသူ ၁၀ ဦးဖြစ်သောကြောင့် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာများ၏သေဆုံးမှုနှုန်းမှာ ၅ ဒသမ ၄၉ ရာခိုင်နှုန်းရှိနေကြောင်း သိရသည်။

ယနေ့ မွန်းလွဲ ၂ နာရီ အထိရရှိသော စာရင်းဇယားများအရ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ငါးဦး၊ အထူးကုဆေးရုံ(ဝေဘာဂီ)၌ သုံးဦးနှင့် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၌ တစ်ဦး Seasonal Influenza A(H1N1) pdm 09 အတည်ပြုအတွင်းလူနာအဖြစ် တက်ရောက်လျက်ရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှလည်း တစ်နိုင်ငံလုံးရှိ ဆေးရုံကြီးများ၌ ရာသီတုပ်ကွေးရောဂါ သံသယဖြင့် ဇူလိုင် ၁ ရက်မှ ယနေ့အထိ ဆေးရုံတက်ရောက်သူများစာရင်းအတိအကျကို စုဆောင်းလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်မှုရှုထောင့်မှသုံးသပ်လျက်ရှိကာ ယခုဖြစ်ပေါ်လျက်ရှိသော ရာသီတုပ်ကွေးရောဂါ၏ဖြစ်ပွားမှုအတိမ်အနက်နှင့် ရွေ့အလားအလာကို ခန့်မှန်း၍ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို အရေးတယူလိုက်နာဆောင်ရွက်သွားပါက ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1) pdm09 ဖြစ်ပွားမှု လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ ရာသီတုပ်ကွေးဆန်သော လက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ဆေးကုသမှုခံယူပါက အသက်အန္တရာယ်ဆုံးရှုံးရမှုများမှ ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေး နည်းလမ်းများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC facebook စာမျက်နှာနှင့် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာ သိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း မီးအချက်ပြမှုမှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်ချက်

၁။ ၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ “မော်တော်ယာဉ်တွင် တပ်ဆင်ထားသော မီးများနှင့် ယာဉ်မောင်းသူ၏ လက်ဖြင့်အချက်ပြပုံများ” အခန်း၌ မော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၂။ ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှ ကျော်တက်လိုသော ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ အထူးသဖြင့် ကားကြီးယာဉ်မောင်းအများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏ လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေကြပါသည်။ ထိုသို့ လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ ကျော်တက်ရန် အချက်ပြမှုအမှန်သို့ ချောမွေ့စွာပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးနောက် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲကျင့်သုံးကြရမည် ဖြစ်ပါသည်။

၄။ ထိုသို့ ပြောင်းလဲကျင့်သုံးမှုမတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများ ရှိနိုင်သည့်အတွက် မော်တော်ယာဉ်ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကို သုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်ပါမည်။

၅။ ယာဉ်မောင်းအားလုံးအနေဖြင့် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာ အချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၄ စီး၊ သွင်းကုန် ၅၇၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၅၀၊ သွင်းကုန် ၁၈၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀ ဒသမ ၁၅၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၇၈၈ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆ ဒသမ ၉၄၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၉ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်သုံးစီး၊ Nissan UD ၁၂ ဘီးယာဉ်တစ်စီးနှင့် Fuso ၁၂ ဘီးယာဉ်တစ်စီးတို့ကို သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရေဘော်ထိုးစက် (1 × 4) 20 Pkgs, (1 × 3) 10 Pkgs၊ Bearing ၁၆ ခု၊ Bushing ၁၀ ခု၊ Piston Ring (one set) (1) Pkgs၊ Oil Seal (1 × 10) (1) Pkgs၊ DPTEC မှန် (1 × 40) (3) Pkgs၊ အထိုင်ဖုန်း(1 × 20)(1)Pkgs၊ Car DVD ၅၈ ခု၊ Car ကက်ဆက် အခု ၂၀၊ Car Blackbox အခု ၂၀၊ အဝတ်အထည် ၁၅၇၀၊ Drum Set ၂၅ ခု၊ Digital Volt Meter(1 × 100) 10 Pkgs၊ ဆိုင်ကယ်အပိုပစ္စည်း ၁၀၅ စုံ၊ ပိုက်(1 × 50) ၁၀ စည်းနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၀ ဒသမ ၁၅၈ သန်းခန့်)ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် စံပယ်ပင်ရင်းချောင်းဝမှ စိတ်ကြွဆေးပြား ၁၉၈၅၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၀**

မောင်တောမြို့နယ် စပယ်ပင်ရင်းချောင်းဝ၌ ယမန်နေ့နံနက်ပိုင်းက စိတ်ကြွဆေးပြား ၁၉၈၅၀ သိမ်းဆည်းရမိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ နံနက် ၁ နာရီ ၅၅ မိနစ်ခန့်က စံပယ်ပင်ရင်းချောင်းဝ၌ တစ်ဖက်နိုင်ငံသို့ သွားနေသည့် လက်ခတ်လှေတစ်စင်းအား တွေ့ရှိ၍ လိုက်လံဖမ်းဆီးခဲ့ပြီး စစ်ဆေးရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဂျာနီအာလောင်ပါ နှစ်ဦးနှင့်အတူ ငွေကျပ် ၃၉၇ သိန်းတန်ဖိုးရှိ WY /R စာတမ်းပါ စိတ်ကြွဆေးပြား ၁၉၈၅၀နှင့် တစ်ဖက်နိုင်ငံသုံး လက်ကိုင်ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ ဂျာနီအာလောင်ပါ နှစ်ဦးအား အမှုဖွင့်အရေးယူထားပြီး တစ်ဖက်နိုင်ငံ တာဝန်ရှိသူများအား အကြောင်းကြားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



(၆၇)ကီလိုတန်း ဗိုလ်လုပွဲအဖြစ် ဖိုးလပြည့်(ရွှေဖူး)နှင့် ရွှေမင်းရာဇာ(မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ဓာတ်ပုံ-ဇာဏီ

**❋ ရွှေခါးပတ်ချန်ပီယံမှ**

အလဲထိုး၍လည်းကောင်း၊ စိုးဝင်းသန်း(ရန်စစ်ငြိမ်း)က အောက်ချင်းလေး(တောင်ဇလပ်)အား အမှတ်ဖြင့် လည်းကောင်း၊ စူပါ(မျိုးဆက်သစ်)က ယျူးခလိန်းမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)အား ဒုတိယအချီ ၄၁ စက္ကန့်တွင် လည်းကောင်း အသီးသီးအနိုင်ရရှိသည်။

၆၀ ကီလိုတန်းဗိုလ်လုပွဲတွင် ဖွဲလင်းအောင်(သုံးပန်လှ)က စိန်လုံးချော(ဗမာ့သွေး)အား လေးချီမြောက်တွင် ဆေးမှတ်ဖြင့်ရှုံးနိမ့်၍ ၆၃ ဒသမ ၅ ကီလိုတန်းတွင် ရန်နိုင်ထွန်း(သုံးပန်လှ)က ကျားပေါက်(ရန်စစ်ငြိမ်း)အား ပထမအချီ ၂ မိနစ် စက္ကန့် ၂၀ တွင် အလဲထိုး၍အနိုင်ရရှိသည်။

၆၇ ကီလိုတန်းတွင် ဖိုးလပြည့်(ရွှေဖူး)က ရွှေမင်းရာဇာ(မြိုင်ကလေးဘိလပ်မြေစက်ရုံ)အား ပထမအချီ ၅၉ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း၊ ၇၁ ကီလိုတန်းတွင် သွေးသစ်အောင်(သုံးပန်လှ)က စိုးထက်ဦး(STL)အား ပထမအချီ ၂ မိနစ် ၅၉ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ရွှေခါးပတ်ဆွတ်ခူးနိုင်ခဲ့သည်။ **(ဇာနည်မောင်)**

# ထိုင်းနိုင်ငံ၌ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ထုတ်ပေးရေးစင်တာများ တိုးချဲ့ဖွင့်လှစ်မည်

**မဟာချိုင် ဇူလိုင် ၁၀**

ထိုင်းနိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ အဆင်ပြေလွယ်ကူချောမွေ့စေရန်အတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးရေးစင်တာများကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ ယနေ့သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများနှင့် ယခင်အထောက်အထားရှိပြီး အကြောင်းအမျိုးမျိုးကြောင့် အထောက်အထားမဲ့ဖြစ်ခဲ့ကြရသော မြန်မာအလုပ်သမားများကို CI စာအုပ် အချိန်မီထုတ်ပေးနိုင်ရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI) ထုတ်ပေးရေးစင်တာများကို တိုးချဲ့ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားအများစုနေထိုင်ရာ ထိုင်းနိုင်ငံတောင်ပိုင်းရှိ စွန်ခလာ၊ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ချင်းမိုင်နှင့် ထိုင်းနိုင်ငံအလယ်ပိုင်းရှိ နကော့စဝမ် စသည့်ဒေသများတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မြန်မာအလုပ်သမားများကို CI ထုတ်ပေးမည့်အစီအစဉ်နှင့်ပတ်သက်၍ အလုပ်သမားသံအရာရှိ ဦးအောင်မိုးခိုင်က "အခုဆိုရင် အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေကို အထောက်အထားထုတ်ပေးနိုင်ဖို့ ထိုင်းအလုပ်သမားဝန်ကြီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အလုပ်သမားစိစစ်ရေးဌာန ၉၉ ခုဖွင့်လှစ်ပြီးတော့ ဇူလိုင် ၂၄ ရက်ကနေ ဩဂုတ် ၈ ရက်အထိ ရက်ပေါင်း ၁၅ ရက်အတွင်း အထောက်အထားမရှိ အလုပ်သမားတွေကို စာရင်းကောက်ယူမှုတွေ လုပ်ဆောင်ပေးနေပါတယ်။ အဲဒီလို စာရင်းကောက်ယူမှုတွေ လုပ်ဆောင်ပြီးတာနဲ့ အလုပ်သမားတွေကို မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ် (CI) ထုတ်ပေးဖို့ကို ကျွန်တော်တို့အနေနဲ့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ပြောသည်။

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(TR-38)ကိုင်ဆောင်သော အလုပ်သမားများအား ပြီးခဲ့သည့် မတ် ၃ ရက်မှစတင်၍ မည်သူမည်ဝါဖြစ်ကြောင်းသက်သေခံလက်မှတ်(CI)စာအုပ်များကို ထိုင်းနိုင်ငံအတွင်းရှိ နေရာ ခြောက်ခု၌ CI ထုတ်ပေးရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ CI စာအုပ်ပြုလုပ်ရန်အတွက် ပတ်စပို့စာအုပ်ဖိုးငွေဘတ် ၃၀၀ ကို မိမိတို့နယ်မြေတွင်ရှိသော 7 eleven စတိုးဆိုင်များတွင် သွားရောက်ကာပေးသွင်းရမည်ဖြစ်ကြောင်း၊ ငွေသွင်းပြီးပါက ငွေသွင်းပြေစာကိုယူကာ CI ထုတ်ပေးရေးစင်တာများတွင် လုပ်ကိုင်ရမည်ဖြစ်ကြောင်း သိရသည်။

CI စာအုပ်ထုတ်ယူသူများအတွက် ကျန်းမာရေး စစ်ဆေးမှု၊ ဗီဇာ၊ Work Permit ပြုလုပ်မှုများကို တစ်နေရာတည်း One Stop Service ဖြင့် လုပ်ဆောင်နိုင်ရန် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန၊ ထိုင်းနိုင်ငံလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနတို့မှ CI ထုတ်ပေးရေးစင်တာများတွင် လာမည့် ဩဂုတ် ၁၈ ရက်မှ စတင်၍ တစ်ပြိုင်တည်းရုံးထိုင်ကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အလုပ်သမားသံအရာရှိ ဦးအောင်မိုးခိုင်က ရှင်းပြသည်။

ထိုင်းနိုင်ငံ၌ ပြီးခဲ့သည့် မတ် ၃ ရက်မှ ဇူလိုင် ၂၉ ရက်ထိ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)စာအုပ် လာရောက်ပြုလုပ်သည့် မြန်မာအလုပ်သမားစုစုပေါင်း ၂၆၀၀၀၀(နှစ်သိန်းခြောက်သောင်း)ခန့် ရှိပြီးဖြစ်ကြောင်း ထိုင်းနိုင်ငံမြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**(ပွင့်သစ္စာ)**

**❍ မြန်မာ ယူ -၂၂ မှ**

ခံစစ်ပိုင်းအားနည်းမှုကြောင့် ၁၃ မိနစ်အတွင်း သုံးဂိုးအထိ သွင်းယူခဲ့သည်။ Ryutsu အသင်းသည် ၈ မိနစ်တွင် လီဆောင်ဟောင်၊ ၁၀ မိနစ်တွင် ဂါမိန်း၊ ၁၃ မိနစ်တွင် ဝါတာနာဘီတို့က သွင်းယူခဲ့သည်။

သုံးဂိုးရပြီးနောက်ပိုင်းတွင် Ryutsu အသင်းက ကစားအားလျှော့ချခဲ့ပြီး မြန်မာယူ-၂၂ အသင်းက ကစားသမားအချို့ပြောင်းလဲကာ တိုက်စစ်အားမြှင့်တင်ခဲ့သည်။ အောင်ကောင်းမာန် ဝင်လာပြီး နောက်ပိုင်းတွင် မြန်မာအသင်းတိုက်စစ်ပိုကောင်းလာသော်လည်း ၄၂ မိနစ်တွင် ဟိုရှီနိုက Ryutsu အသင်းအတွက် စတုတ္ထဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် မြန်မာအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး အောင်ကောင်းမာန်က ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားအများအပြား အပြောင်းအလဲလုပ်ခဲ့သည်။ ဒုတိယပိုင်းတွင် Ryutsu အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်းသည် ရံဖန်ရံခါသာ ထိုးဖောက်နိုင်ခဲ့သည်။ ၆၂ မိနစ်တွင် မြန်မာအသင်းတိုက်စစ်မှူး အောင်သူ တစ်ကိုယ်တော်အစွမ်းဖြင့်ရယူပြီး ကန်သွင်းသော်လည်း ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ Ryutsu တက္ကသိုလ်အသင်း ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပထမပိုင်း ရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

မြန်မာယူ-၂၂ အသင်းနှင့် Ryutsu တက္ကသိုလ်အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဩဂုတ် ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - စိုးညွန့်**

# သမ္မတကမ်းခြေရပ်ကွက်နေပြည်သူများက လမ်းလျှောက်ဆန္ဒထုတ်ဖော်



**ဒလ ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက် အုပ်ချုပ်ရေးမှူးအား ရပ်ကွက်အတွင်း လူမှုရေးကိစ္စအကြောင်းပြ၍ မကြာခဏအလှူငွေများ ကောက်ခံခြင်း၊ ရပ်/ကျေးဥပဒေများကို ဖီဆန်၍ လိုက်နာဆောင်ရွက်ပေးခြင်းမရှိသည့် အုပ်ချုပ်ရေးမှူးကို သမ္မတကမ်းခြေရပ်ကွက်နေပြည်သူများက တာဝန်မှ အမြန်ဆုံးဖယ်ရှားပေးနိုင်ရေးအတွက် ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီခွဲက ဗီနိုင်းပိုစတာများကိုင်ဆောင်ပြီး ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီးရှေ့မှ စတင်ပြီး ဗညားဒလရပ်ကွက် ဗိုလ်ချုပ်ပန်းခြံအထိ ချီတက်လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်မှုတွင် တက်ကြွလှုပ်ရှားသူ ဦးဝင်းနိုင်ဦး(ခ)ဦးနိုင်နိုင် ဦးဆောင်သော ရပ်ကွက်ပြည်သူအင်အား ၅၀ ခန့်သည် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

**နိုင်လင်းကျော်(ဒလ)**

# မိုင်ယာမီ ဂလက်စီကိုမှာ ဘာစီလိုနာက ရီးယဲလ်ကို အနိုင်ကစားပြီး နိုင်ငံတကာချန်ပီယံရှစ်ဖလားကို ရယူ




အမေရိကန်ပြည်ထောင်စု မိုင်ယာမီမှာ ယှဉ်ပြိုင်ခဲ့တဲ့ ဘာစီလိုနဲ့ ရီးယဲလ်မက်ဒရစ်တို့ရဲ့ ဂလက်စီကို ပွဲစဉ်မှာ ဘာစီလိုနာက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူကာ နိုင်ငံတကာ ချန်ပီယံရှစ်ဖလားကို သိမ်းပိုက်သွားခဲ့ပါတယ်။ ဘာစီလိုနာ အသင်းက တိုက်စစ်မှာ မက်ဆီ၊ ဆွာရက်ဇ်၊ နေမာတို့ကို အသုံးပြုခဲ့သလို ကွင်းလယ်ပိုင်းမှာလည်း ဆာဂျီယို၊ အင်နီယေစတာ၊ ရာကီတစ်တို့ ပွဲထွက်လာခဲ့ပြီး ရီးယဲလ် ကလည်း သူတို့ရဲ့ ပထမပွဲထွက်အခင်းအကျင်းမှာ ပါဝင် နေကျ စီရိုနယ်လ်ဒိုနဲ့ တိုနီခရူးစ်ကလွဲရင် ကျန်တဲ့ ကစား သမားအစုံအလင်နဲ့ ယှဉ်ပြိုင်ခဲ့ပေမယ့် မဟာပြိုင်ဘက် ဘာစီလိုနာကိုတော့ အရှုံးပေးလိုက်ရတာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ပွဲအစ ၃ မိနစ်နဲ့ ၇ မိနစ် တို့မှာ မက်ဆီနဲ့ ရာကီတစ်တို့ သွင်းယူခဲ့တဲ့ဂိုးတွေနဲ့ စောစောစီးစီး နှစ်ဂိုးပြတ်ဦးဆောင်ခဲ့ပေမယ့် ရီးယဲလ်အတွက် ကိုဗာဆစ်နဲ့ အဆန်စီယိုတို့က ချေပဂိုးတွေ ပြန်သွင်းလို့ ပထမပိုင်းမှာ နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲချိန် မိနစ် ၅၀ မှာ နောက်ခံလူ ပီကေးက သူဂိုးသွင်းနေကျ ပုံစံအတိုင်း ဘာကာအတွက် အနိုင်ဂိုးကို သွင်းယူသွားခဲ့တာကြောင့် ရီးယဲလ်တို့ ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါ တယ်။ ရီးယဲလ်ကတော့ နိုင်ငံတကာချန်ပီယံရှစ်အမည်နဲ့ ယှဉ်ပြိုင်နေတဲ့ပြိုင်ပွဲမှာ နိုင်ပွဲတစ်ပွဲမှ ရရှိခဲ့ခြင်းမရှိခဲ့သလို ပုံစံကောင်းတစ်ရပ်ကိုလည်း တစ်ပွဲတလေမျှ ပြသနိုင်ခြင်း မရှိခဲ့ပါဘူး။ ဘာစီလိုနာဟာ ယခုပွဲမှာ ရီးယဲလ်ကိုပါ ထပ်မံ အနိုင်ရခဲ့တာကြောင့် သုံးပွဲကစား ပွဲတိုင်းအနိုင်ရပြီး ရမှတ် ကိုးမှတ်နဲ့ နိုင်ငံတကာ ချန်ပီယံရှစ်ဖလားကို ရယူသွားခဲ့တာ ဖြစ်ပါတယ်။ အခြား နိုင်ငံတကာချန်ပီယံရှစ် ပွဲစဉ်တစ်ပွဲမှာ တော့ မန်စီးတီးက ပရီမီယာလိဂ်ပြိုင်ဘက် စပါးကို သုံးဂိုးပြတ်နဲ့ အနိုင်ကစားခဲ့ပေမယ့် ဘာစီလိုနာက ရီးယဲလ် ကို အနိုင်ရခဲ့တာကြောင့် ဒုတိယနဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

## တရုတ်ခရီးစဉ်တွင် ဘာစီလိုနာ အသင်းနှင့် လိုက်ပါမည်ဟု နေမာ အတည်ပြု

အမေရိကားခြေစမ်းပွဲများအပြီး တရုတ်တွင် ဆက်လက် ကျင်းပမည့် ရာသီကြိုခြေစမ်းပွဲများတွင် ဘာစီလိုနာ နှင့်အတူ လိုက်ပါသွားမည်ဖြစ်ကြောင်း တိုက်စစ်မှူး နေမာက ဗီဘိုမှတစ်ဆင့် တရုတ်ပရိသတ်များထံ သတင်း ပေးခဲ့သည်။ ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင်ကြေး ယူရို ၂၂၂ သန်းဖြင့် ပြောင်းရွှေ့မည်ဟူသော သတင်း များထွက်နေသဖြင့် နေမာမှာ တရုတ်ခရီးစဉ်ကို ရှောင်လွှဲကျန်ရစ်မည်ဟု အများက ယူဆခဲ့ကြသော် လည်း နေမာက "တရုတ်ပရိသတ်တွေကို ကျွန်တော် နှုတ်ဆက်စကားပြောကြားလိုပါတယ်။ ကျွန်တော်က နေမာပါ။ ဒါက ကျွန်တော့်ရဲ့ ဗီဘိုအကောင့်ပါ။ ကျွန်တော်တို့ တနင်္လာနေ့ရောက်ရင် ရှန်ဟိုင်းမှာ တွေ့ကြရအောင်ပါ"ဟု သူ၏ ဗီဘိုမှတစ်ဆင့် ပြောကြား ခဲ့သည်။ နေမာ၏ တရုတ်ခရီးစဉ် အတည်ပြုမှုကြောင့် ပီအက်စ်ဂျီနှင့် အပြောင်းအရွှေ့မှာ ခေတ္တအရှိန် ကျလာခဲ့ပြီဖြစ်သည်။



## မော်ရင်ဟို ရာသီမျိုးထပ်မဖြစ်ရန် ရှောင်ကြဉ်ရမည်ဟု ကွန်တီ ယုံကြည်

ချယ်လ်ဆီးနည်းပြ ကွန်တီက မော်ရင်ဟိုလက်ထက် ချယ်လ်ဆီးအသင်းကဲ့သို့ အဖြစ်မျိုးမရောက်အောင် ရှောင်ကြဉ်ပြီး လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင် အောင် အားထုတ်သွားမည်ဟု ထုတ်ဖော်ပြောကြား ခဲ့ပြီဖြစ်သည်။

မော်ရင်ဟိုမှာ ၂၀၁၅ ခုနှစ်တွင် ချယ်လ်ဆီး အတွက် ပရီမီယာလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့ပြီး နောက်ရာသီတွင် အမှတ်ပေးဇယားအဆင့်(၁၆)သို့ ရောက်ရှိခဲ့ရာ ထုတ်ပယ်ခံခဲ့ရသည်။ သို့သော် ကွန်တီက ယင်းအဖြစ်မျိုး ထပ်မံဖြစ်ပေါ်ရန် အကြောင်းမရှိကြောင်း ကတိပြုစကားဆိုခဲ့ပြီး "ကျွန်တော်တို့အတွက် ခက်ခဲ မှာပါ။ ချယ်လ်ဆီးအနေနဲ့ မော်ရင်ဟိုလက်ထက် ရာသီမျိုးမကြုံရအောင် ရှောင်ကြဉ်ဖို့ကြိုးစားရမယ် ဆိုတာ သေချာပါတယ်"ဟု ဆိုခဲ့သည်။

ပရီမီယာလိဂ်လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင် သည့် နောက်ဆုံးအသင်းမှာ မန်ယူဖြစ်ပြီး ၂၀၀၆ ခုနှစ် မှ ၂၀၀၉ ခုနှစ်အထိ သုံးရာသီ ဆက်တိုက်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ယင်းကာလနောက်ပိုင်း မည်သည့်အသင်းမျှ လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခြင်းမရှိဘဲ ဖြစ်နေ သည်မှာ ဆယ်စုနှစ် တစ်ခုနီးပါးပင်ကြာမြင့်နေပြီဖြစ် သည်။ ထို့ပြင် ကွန်တီက ပြီးခဲ့သည့်နှစ်ရာသီဆက်တိုက် ချယ်လ်ဆီးနှင့် လက်စတာတို့ကို ပရီမီယာလိဂ်ဖလား ရရှိအောင် ဦးဆောင်ပေးနိုင်ခဲ့သည့် မော်ရင်ဟိုနှင့် ရာနီ ရေရီတို့ ထုတ်ပယ်ခံလိုက်ရခြင်းကလည်း အကောင်းဆုံး အဖြေရရှိရန် အလုပ်ကို ပိုမိုအားထည့်ဆောင်ရွက်ရမည် ဆိုသည့်အချက်ကို တပ်လှန့်နိုင်ခဲ့ကြောင်း ဝန်ခံခဲ့သည်။

## အပိုဆုကြေး ညှိနှိုင်းမရသေးခြင်းက မာတစ်၏ မန်ယူအပြောင်းအရွှေ့ကို နှောင့်နှေးစေခဲ့




မာတစ်၏ ပေါင်သန်း ၅၀ တန် မန်ယူအပြောင်းအရွှေ့မှာ သဘောတူညီချက်ရထားပြီးဖြစ်သော်လည်း အပိုဆု ကြေးငွေကိစ္စညှိနှိုင်း၍ မရသေးခြင်းကြောင့်သာ ကြန့်ကြာနေရခြင်းဖြစ်သည်။ မာတစ်က မန်ယူသို့ ပြောင်းရွှေ့ရန် ပုဂ္ဂိုလ်ရေး သဘောတူညီချက်ပေးထား ပြီးဖြစ်သော်လည်း မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့ကြား အပိုဆုကြေးကိစ္စမပြေလည်သေးခြင်းက မာတစ်၏ အပြောင်းအရွှေ့ကို နှောင့်နှေးစေတဲ့ အဓိကအကြောင်း တရား ဖြစ်ခဲ့သည်။ မန်ယူက ဝင်ရောက်ကစားသည့် ပွဲအရေအတွက်၊ ရပ်တည်မှုအဆင့်အလိုက် အပိုဆုကြေး ပေးရမည်ဖြစ်သည်။

မော်ရင်ဟိုမှာ မာတစ်၏ ပရိသတ်တစ်ဦးဖြစ်ပြီး မာတစ်ကို ပြန်လည်ခေါ်ယူရန် နွေဈေးကွက် စတင် ဖွင့်လှစ်ချိန်ကတည်းက ခေါ်ယူခွင့်ရရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။ မာတစ်သည် ချယ်လ်ဆီး၏ စင်ကာပူခရီးစဉ် ကို လိုက်ပါသွားခြင်းမရှိခဲ့သောကြောင့် ယခု ရက်သတ္တ ပတ်အတွင်းမှာပင် မာတစ်၏ မန်ယူအပြောင်းအရွှေ့ကို မြင်တွေ့ဖွယ်ရှိသည်ဟု အများစုက ယူဆခဲ့ကြခြင်းဖြစ် သည်။ သို့သော် မန်ယူအသင်းက လာမည့်ရက် သတ္တပတ်အတွင်း အပြောင်းအရွှေ့ကိစ္စရပ်ကို အပြီးသတ် နိုင်မည်ဟု မျှော်လင့်ထားသည်။ မာတစ်သည် ဒဏ်ရာရ ကစားသမားများဖြစ်သည့် ဟာဇက်၊ ပက်ဒရိုတို့နှင့်အတူ ကော့ဟမ်ကွင်းတွင် လေ့ကျင့်မှုများပြုလုပ်နေသည်။ မန်ယူအသင်း၏ ပထမအကြိမ် ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းမှုကို ချယ်လ်ဆီးအသင်းက ပယ်ချခဲ့ပြီးနောက် ပေါင်သန်း ၅၀ ဖြင့် သဘောတူညီချက်ရရှိခဲ့သော်လည်း အပိုဆုကြေးကိစ္စရပ်ကြောင့် ယခုထိ အပြီးမသတ်နိုင် သည့် အနေအထားပင်ဖြစ်သည်။

## လာမည့်ရာသီ စပါးရန်းကန်ရမည်ဖြစ်ပြီး ပရီမီယာလိဂ်ဖလားမှာ မန်စီးတီးအတွက်သာ ဖြစ်မည်ဟု ရက်ပ်နက်ပ် ဟောကိန်းထုတ်

လာမည့်ရာသီတွင် ပရီမီယာလိဂ်ဆုဖလားကို မန်စီးတီး သာရယူရန် အလားအလာကောင်းနေပြီး စပါးအသင်း မှာမူ ယာယီအိမ်ကွင်း ဝင်ဘလေတွင် ရုန်းကန်ရနိုင် ကြောင်း စပါးနည်းပြဟောင်း ရက်ပ်နက်ပ်က ဟောကိန်း ထုတ်ခဲ့သည်။ ရက်ပ်နက်ပ်က ဂွါဒီယိုလာ၏ အရည် အသွေးပိုင်းအပေါ် ယုံကြည်သူ သူ့အတွက် မန်စီးတီးသာ ပရိသတ်များကို စိတ်လှုပ်ရှားမှုအပေးနိုင်ဆုံး ကလပ် အသင်းအဖြစ်သာမက လာမည့်ရာသီ ဗိုလ်စွဲရန် အလားအလာ အကောင်းဆုံးအသင်းဟု မှတ်ချက်ပြု ခဲ့သည်။ မန်စီးတီး၊ မန်ယူ၊ စပါး၊ အဲဗာတန်၊ အာဆင်နယ်၊ လီဗာပူးနှင့် ချယ်လ်ဆီးတို့သာ ထိပ်ဆုံး ခုနစ်နေရာအတွင်းဝင်မည်ဖြစ်ပြီး ချန်ပီယံဆုအတွက် ဆိုလျှင်မူ မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးနှင့် လီဗာပူး တို့ထဲကသာ ရယူနိုင်ခြေရှိကြောင်းလည်း ရက်ပ်နက်ပ် က အဖြေထုတ်ခဲ့သည်။




## အာဆင်နယ်ပရိသတ်များကို သောကဝေစေခဲ့တဲ့ ဆန်းချက်ဇ်ရဲ့ ရာသီတုပ်ကွေး



အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ် ဆန်းချက်ဇ်က ဖျားနေပြီဟု သူ့ရဲ့အင်စတာဂရမ်စာမျက်နှာထက် တင်ခဲ့ရာ အာဆင်နယ်ပရိသတ်များက အာဆင်နယ်သို့ ပြန်မလာချင် သဖြင့် ဆန်းချက်ဇ် အကြောင်းပြနေခြင်းဖြစ်မည်ကို စိုးရိမ် နေသည်။ သို့သော် ဝင်းဂါးက ဆန်းချက်ဇ်မှာ လာမည့် အင်္ဂါနေ့တွင် အာဆင်နယ်နှင့် လေ့ကျင့်ရေး ပြန်ဆင်းမည် ဖြစ်ပြီး စာချုပ်သက်တမ်းတိုးရေးကို ဆက်လက်ဆွေးနွေး မည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

ဆန်းချက်ဇ်မှာ ချီလီအသင်းနှင့်အတူ ကွန်ဖက် ဒရေးရှင်းဖလားနွှဲခဲ့သောကြောင့် ဝင်းဂါးက နားရက် ပိုပေးထားသော်လည်း ဇူလိုင် ၃၀ ရက်တွင် အာဆင်နယ် နှင့်အတူ လေ့ကျင့်ရေးဆင်းရန် အချိန်စေ့နေပြီဖြစ်သည်။

ဆန်းချက်ဇ်၏ အေးဂျင့်ဖြစ်သူက ဆန်းချက်ဇ်မှာ ရာသီတုပ်ကွေးကြောင့် ဖျားနေခြင်းဖြစ်သည်ဟု အတည်ပြု ခဲ့သော်လည်း အာဆင်နယ်အသင်း၏ တစ်ပတ်လုပ်ခ ပေါင် ၂၇၃၀၀၀ တန်စာချုပ်သစ်ကို ဆန်းချက်ဇ်က ပယ်ချ ထားခဲ့ပြီးဖြစ်သဖြင့် အာဆင်နယ်နှင့် ဆန်းချက်ဇ်လမ်းခွဲကို မြင်တွေ့ရမည်ကို ပရိသတ်များက စိုးရိမ်နေခြင်းဖြစ်သည်။ ဆန်းချက်ဇ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းကလည်း ပီအက်စ်ဂျီအသင်းနှင့် ဆွေးနွေးရန် ပဲရစ်မြို့သို့ ရောက်ရှိ နေခဲ့ပြီး လစာကိစ္စညှိနှိုင်းမရခြင်းကြောင့်သာ အပြောင်း အရွှေ့မှာ ဖြစ်မြောက်မလာသေးခြင်းဖြစ်သည်။

မေလှဲ့သင်း - စုစည်းသည်

## မုံရွာပြည်သူ့ဆေးရုံကြီး၌ ဒီပဲယင်းမြို့နယ် ကျီရွာမှရောက်ရှိလာသော သံသယလူနာတစ်ဦး လေးနာရီအကြာတွင် သေဆုံးပြီး မော်လိုက်မြို့နယ်မှ ဂျပန်ဦးနှောက်အမြေးရောင်ဟုယူဆရသောရောဂါဖြင့် လူသုံးဦး သေဆုံး

**မုံရွာ ဇူလိုင် ၃၀**

မုံရွာပြည်သူ့ဆေးရုံကြီးသို့ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က ဒီပဲယင်းမြို့နယ် ကျည်ရွာမှ အသက်(၁၈)နှစ်အရွယ် လူနာတစ်ဦးသည် ပြင်းထန်အသက်ရှူလမ်းကြောင်းဟု ယူဆရသည့် ရောဂါဖြင့်ရောက်ရှိလာရာ ဆေးရုံတာဝန်ရှိသူများက ရောဂါပိုးနမူနာရယူပြီး ကြိုးစားကုသပေးခဲ့သော်လည်း ညနေ ၅ နာရီတွင် လူနာသေဆုံးသွားခဲ့ကြောင်း ခေတ္တ မုံရွာပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကိုကိုလေးထံမှ သိရသည်။

"မနေ့က လူနာက H1N1 လူနာလို့ အတိအကျပြောလို့မရဘူး။ လူနာလာတာက ပြင်းထန်အဆုတ်ရောင်ရောဂါနဲ့လာတာဆိုတော့ အထူးဂရုစိုက်ဆောင်ရွက်ကြရပါတယ်။ ဒါကို သံသယစာရင်းထဲတော့ ထည့်ထားရမှာပါ။ မနေ့က ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ မှာ မုံရွာဆေးရုံကြီးကို ရောက်လာတဲ့လူနာကို Medical ဝပ်မှာ သမားတော်ကြီးက ကြည့်ရှုပေးပါတယ်။ လူနာက ဒီပဲယင်းမြို့နယ် ကျီရွာက ဦးဇော်ဝင်းလွင်-ဒေါ်ခင်မျိုးဌေးတို့ရဲ့သား အသက်(၁၈)နှစ်ရှိပြီဖြစ်တဲ့ လယ်ထွန်စက်မောင်းတဲ့ မောင်စိုးသူရဇော်ဖြစ်ပါတယ်။ ပြင်းထန်အဆုတ်ရောင်ရောဂါနဲ့ ဆေးရုံရောက်လာတာဖြစ်သလို ကျောက်ကပ်မှာ ရောဂါလက္ခဏာရှိတယ်ဆိုတဲ့ သမားတော်ရဲ့ စစ်ဆေးတွေ့ရှိချက်မှာ တွေ့ရပါတယ်။ ညနေ ၃ နာရီခွဲမှာ အဲဒီလူနာရဲ့ နှာခေါင်းကနေ အရည်ကို ယူပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနကို ဒီကနေတစ်ဆင့်ပို့ထားပြီး ဆက်လက်ကုသနေတုန်း ညနေ ၅ နာရီလောက်မှာ လူနာက သေဆုံးသွားပါတယ်"ဟု ဒေါက်တာကိုကိုလေးက ပြောသည်။

သေဆုံးလူနာကို ဒီပဲယင်းမြို့နယ် ကျီရွာသို့ မုံရွာဆေးရုံမှ ပြန်သယ်ဆောင်ရာတွင် ထိတွေ့ရာ၌ စိတ်ချစေရန် PPE ဟုခေါ်သော လူနာဝတ်စုံ သုံးစုံအား သယ်ယူသူ သုံးဦးကို ဝတ်ဆင်စေကာ ကျန်သူများထိခြင်းကိုင်ခြင်းမရှိဘဲ အလောင်းကို နေရပ်ဒေသသို့ ပြန်လည်ပို့ဆောင်ကာ သင်္ဂြိုဟ်ပြီးသည်အထိ လုံခြုံစိတ်ချစွာ စီမံဆောင်ရွက်လျက်ရှိကြောင်း ဒေါက်တာကိုကိုလေးထံမှ သိရသည်။

သံသယရှိသည့် လူနာဆေးရုံသို့ ရောက်လာစဉ်က ကူးစက်နိုင်သည့် ရောဂါဖြစ်သည့်အတွက် သီးသန့်လူနာကုသဆောင်တွင်ထားကာ လူနာကို စမ်းသပ်ကုသပေးခြင်းဖြစ်ပြီး ကုသပြီးပါကလည်း သန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျတိကျ သေချာစွာဆောင်ရွက်ထားကြောင်း သိရသည်။ ကုသသည့် ဆရာဝန်၊ ဆရာမများကို ရောဂါကူးစက်မှုမရှိစေရန် အဆင့်မြင့်နှာခေါင်းအုပ်များ ဝေငှတပ်ဆင်ဆောင်ရွက်စေသလို မုံရွာဆေးရုံကြီးတွင် သေဆုံးသွားသော လူနာသည် ကာယကံရှင်များ၏ ပြောပြချက်အရ ဖျားနာနေသည်မှာ ငါးရက်ခန့်ရှိနေပြီး ချောင်းအနည်းငယ်ဆိုးနေကာ ဆေးရုံသို့ လာစဉ်ကတည်းက သတိမရတစ်ချက် ရတစ်ချက်ဖြင့် ဒီပဲယင်းဆေးရုံသို့ပြသခြင်းမရှိဘဲ မုံရွာဆေးရုံသို့ တိုက်ရိုက်လာရောက်ပြသခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ပန်းသာကျေးလက်ကျန်းမာရေးဌာနခွဲတွင်လည်း ဂျပန်ဦးနှောက်အမြေးရောင်ရောဂါဟု ယူဆရသော ရောဂါသံသယဖြင့် လူနာသုံးဦး သေဆုံးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

သေဆုံးသူများ၏ ရောဂါပိုးနမူနာများကို နေပြည်တော်ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးလျက်ရှိရာ နောက် သုံးရက်ခန့်အကြာတွင် အဖြေပြန်ရမည်ဟုသိရကြောင်း လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ထူးခြားဖြစ်စဉ်များကို ပြည်ထောင်စုအစိုးရသို့ တင်ပြထားပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ၊ အသိပညာပေးလှုံ့ဆော်မှုများကို ပိုမိုတိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း
နိုင်ငံတကာသတင်းဂျာနယ်
2017 JULY 31 TO AUGUST 6 | MONDAY
အတွေးအမြင် ဆောင်းပါးအမြင်
၂၁ ရာစု ကွန်ပျူတာဟင်းလင်းပြင်နှင့် အင်တာနက်ဖက်ရှင်
အစ္စရေးကာကွယ်ရေးတပ် IDF က မဟာပျူဟာ
လေကြောင်းတိုက်ခိုက်မှုအတွက် ပုံးတွေထားရမှာလား၊ ဒုံးပျံတွေထားရမှာလား
အာဘေး ဘာလို့ အခြေအနေမကောင်းနေရတာလဲ
တရုတ်နဂါးကြီးကို ဘူတန် ဘယ်လိုအန်တုမှာလဲ
ယနေ့စစ်လိုလားနေကြသော နိုင်ငံခေါင်းဆောင်များ ၁၉၄၅ခုနှစ် ဩဂုတ်လ ၆ ရက် ဟီရိုရှီးမားအဖြစ်ဆိုးကို သင်ခန်းစာယူသင့်သည်
တနင်္လာနေ့တိုင်း ထွက်ပြီ
နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

## ဆာလာအိတ်များဖြင့် ထုပ်ပိုးထားသော တရားမဝင် သင်းခွေချပ်နှင့် ဖြူကောင်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ဘန့်ဘွေးနယ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းဖွဲ့သည် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်က အိုရီယမ်တယ်တိုးဂိတ်၌ ယာဉ်များ စစ်ဆေးခြင်းဆောင်ရွက်နေစဉ် မန္တလေးဘက်မှ လားရှိုးဘက်သို့ ကွတ်ခိုင်မြို့ ရပ်ကွက်(၂)နေ စံမြင့်(၃၀)နှစ်မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ အားခွေ (၄၅)နှစ် လိုက်ပါလာသည့် အဖြူရောင်ယာဉ်အား ရှာဖွေခဲ့ရာ ယာဉ်နောက်ခန်းအတွင်းမှ ဆာလာအိတ်များဖြင့် ထုပ်ပိုးထားသော တရားမဝင် သင်းခွေချပ် အသေ ငါးကောင်(အလေးချိန် ၃ ဒသမ ၉၉ ပိဿာ)၊ ဖြူ အသေ ၁၂ ကောင် (အလေးချိန် ၆ ဒသမ ၀၅ ပိဿာ၊ သင်းခွေချပ်အကြေးခွံ အလေးချိန် နှစ်ပိဿာတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား နောင်ချိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းအတွင်း တောဆင်ရိုင်းတစ်ကောင် သေဆုံး

**တိုက်ကြီး ဇူလိုင် ၃၀**



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းအတွင်း ဝါဆိုမြောင်အထက် ဥက္ကံချောင်းထဲတွင် ဇူလိုင် ၂၉ ရက်က တောဆင်ရိုင်းတစ်ကောင် သေဆုံးနေကြောင်း မြို့နယ်သစ်တောဦးစီးရုံးမှ သိရသည်။

အဆိုပါဆင်သေဆုံးနေခြင်းကို ဇူလိုင် ၂၇ ရက်က ဝါးခုတ်သမားတစ်ဦး၏ သတင်းပို့ချက်အရ တောအုပ်ဦးကျော်မင်းစိုးပါအဖွဲ့က သွားရောက်စစ်ဆေးရာ ဆင်အသက်မှာ နှစ် ၅၀ ကျော်ခန့်ရှိပြီး အမြင့် ၇ ပေ ၆ လက်မ၊ အလျား ၇ ပေ ၉ လက်မခန့်ရှိကာ လွှန်ခဲ့သော တစ်ပတ်က သေဆုံးသည်ဟု ခန့်မှန်းရကြောင်း၊ ဆင်မှာ အသက်အရွယ် ကြီးရင့်ခြင်းကြောင့် အစာခြေဖျက်မှုအားနည်းကာ အားပြတ်ပြီး သေဆုံးရသည်ဟုယူဆကြောင်း၊ ဆင်သေမှာ ပုပ်ပွရှိရွဲနေကာ ပိုးကောင်များတက်နေပြီဖြစ်၍ သစ်တုံးကြားညပ်နေ၍ မီးရှို့ရန်ခက်ခဲသဖြင့် သက်ဆိုင်ရာကို တင်ပြထားကြောင်း သိရသည်။

"လွန်ခဲ့တဲ့တစ်ပတ်က ဆင်တစ်ကောင် လဲနေတာ ကြားလို့ ကျွန်တော်တို့အဖွဲ့ သွားကြည့်ပါတယ်။ အဲဒီတုန်းက ဆင်ကမသေသေးပါဘူး။ ချောင်းထဲမှာ ဗွက်နစ်နေတာ တွေ့ပါတယ်။ ဒေသခံတွေက အစာရှာကျွေးကြတယ်။ နောက်တော့ လူကိုရန်မူလာတယ်။ ချောင်းထဲတိုင်းသွားပြီးတော့ အားပြတ်သေတာလို့ထင်ပါတယ်"ဟု သစ်တောဦးစီးအရာရှိ ဦးစိုးမြင့်သူက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

## ပေါင်းတည်မြို့၌ ဘောလုံးကွင်းအုတ်တံတိုင်းပြိုကျ

**ပေါင်းတည် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် အုတ်ဖို(၁)ရပ်ကွက် ရှမ်းစုလမ်းရှိ မြို့နယ်အားကစားဘောလုံးကွင်း၌ ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီကျော်က ဘောလုံးကွင်း၏ ဘယ်ဘက်ဘေး ပရိသတ်ကြည့်စင်နောက်ရှိ အမြင့် ၈ ပေ ၃ လက်မရှိသည့် အုတ်တံတိုင်း ၁၀ ပေခန်း၊ ၁၂ ပေခန်းနှင့် ၁၅ ပေခန်း တစ်ခန်းမှာ မိုးရွာသွန်းမှုကြောင့် ရေများဝပ်ပြီး အတွင်းဘက်သို့ ပြိုကျခဲ့ရာ လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းနှင့် အဆိုပါနေရာသို့ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

## မော်ဟန် ဘူတာစုကွက်သစ်တွင် နေအိမ်မီးရှို့သူကို အရေးယူဆောင်ရွက်

**မိုးညှင်း ဇူလိုင် ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ဘူတာစုရပ်ကွက်၌ စိတ်ဖောက်ပြန်သူတစ်ဦးကိုယ်တိုင် နေအိမ်ကိုမီးရှို့ရာမှ မီးလောင်ခဲ့သဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ဘူတာစုကွက်သစ်ရပ်ကွက်ရှိ မောင်တို(ခ)ကျော်အောင်၏ နေအိမ်တွင် ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မော်ဟန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့်အဖွဲ့၊ မော်ဟန်ရဲကင်းစခန်းမှူး ရဲအုပ်စိုးဝင်းနှင့်အဖွဲ့၊ မိုးညှင်းမြို့နယ်မီးသတ်တပ်ဖွဲ့မှ လက်ထောက်မီးသတ်ဦးစီးမှူး အောင်ကိုဝင်း၊ မော်ဟန်ကျေးရွာမှ အရန်မီးသတ်တပ်ခွဲမှူး ခင်မောင်ကျော်အဖွဲ့နှင့်အတူ ဒေသခံများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။

မောင်တို(ခ)ကျော်အောင်က မိခင်ဖြစ်သူ ဒေါ်သန်းခင်၏ အိပ်ခန်းအတွင်းရှိ စောင်အားမီးရှို့ခဲ့၍ မီးလောင်မှုကြောင့် ၎င်းတွင် မီးလောင်ဒဏ်ရာအနည်းငယ်ရရှိခဲ့ပြီး သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံးနှင့် နှစ်ခန်းပတ်လည်သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း စပါးတင်း ၅၀ ပါ စပါးကျီတစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်ဟန်ကျေးရွာနေ မောင်တို(ခ)ကျော်အောင်(၄၄)နှစ်အား မိုးညှင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၅၈)**



ကျော်ဌေးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၀**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီက နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးပြည်ထောင်စုကားလမ်းမပေါ်တွင် ကျော်ဌေး မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၇၁၅၀၊ ဘိန်းဖြူ သုည ဒသမ ၅၂၈ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်သုံးသိန်း တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၄၇)စစ်တွေမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့နယ် အမြင့်ကျွန်းနယ်မြေ ကျောက်တန်းတံတား စစ်ဆေးရေးဂိတ်တွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် သန်းရည်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၂၆၅၀၀ တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့နံနက် ၂ နာရီခန့်ကလည်း တပ်မတော်(ရေ) ဓညဝတီရေတပ်စခန်းဌာနချုပ်မှ တပ်ဖွဲ့ဝင်များသည် လှည့်ကင်းတာဝန်ထမ်းဆောင်စဉ် မောင်တောမြို့နယ် စပါယ်ပင်ရင်းချောင်းဝအနီးတွင် လှေတစ်စင်းကို တွေ့ရှိ၍ မီးအချက်ပြရပ်တန့်ခိုင်းရာ ကမ်းနားဘက်သို့ ပြန်လှည့်လှော်ခတ်သဖြင့် လိုက်လံဖမ်းဆီးရာ ဂျာနင်အာလောင်နှင့် ရော်ဖီးလ်တို့ကို လက်ခတ်ပိုက်လှေနှင့်အတူ တွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(ခ) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်ခြင်းကြောင့် အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ပေးလျော်ရန် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးပေးဆောင်ရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ် တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူက ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်စလုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့ အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန် အမိန့်။

၆၉။ (က) တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမလုပ်ထုံး လုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက် အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ချမှတ်နိုင်သည်-

(၁) ထိပါးချိုးဖောက်ကြောင်း တွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် တားမြစ်စေခြင်းနှင့်

(၂) ထပ်မံထိပါးချိုးဖောက်မှုကို လျော့နည်းစေရေးအတွက် လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းသို့ မဝင်ရောက်စေရန် တားမြစ်စေခြင်း။

(ခ) တရားရုံးသည် ပုဒ်မခွဲ (က) အရ မိမိဆင်ခြင်တုံတရားကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့် ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျ ကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့်၊

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၇၀။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့်တရားပြိုင်အား လျှောက်ထားသူက လျော်ကြေးပေးဆောင်ရမည့်အပြင် တရားပြိုင်၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၇၁။ (က) တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သောကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံ အထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံ အထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန် စွပ်စွဲငြင်းဆိုသည့် အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်၊

၇၂။ တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးနှင့်စပ်လျဉ်း၍ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖြန့်ဖြူးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတွင် ပါဝင်ပတ်သက်သော အခြားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားစေရန် ထိပါး ချိုးဖောက်သူအပေါ် အမိန့်ချမှတ်နိုင်သည်။

၇၃။ တရားရုံးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန် ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း (၂၂)**
**ပြစ်ဒဏ်များ**

၇၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) လျှို့ဝှက်ထားရှိရမည့် စက်မှုဒီဇိုင်းကို လျှို့ဝှက်ထားရှိရမည့်ကာလအတွင်း၌ မသက်ဆိုင်သူအား ထုတ်ဖော်အသိပေးခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်ထားသည့် ကာလအတွင်း၌ မသက်ဆိုင်သူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၇၅။ မည်သူမဆို တရားရုံးက ပုဒ်မ ၇၂ အရ ချမှတ်သော အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၂၃)**
**အထွေထွေ**

၇၆။ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ စက်မှုဒီဇိုင်းနှင့်စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၇၇။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကိုအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက ထိုသူကို တင်ပြကြားနာခွင့် ပေးရမည်။

၇၈။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာ တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၇၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော တရားမမှုများတွင် သက်သေခံပစ္စည်းသည် တရားရုံး ရှေ့တင်ပို့ရန် မလွယ်ကူပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားသက်သေခံစာရွက် စာတမ်း အထောက်အထားများကို တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့တွင် သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဤဥပဒေနှင့်အညီ အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်ချမှတ်နိုင်သည်။

၈၀။ ဤဥပဒေပါ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာမဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူဘေးအန္တရာယ်ကိစ္စများတွင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာအသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၈၁။ စက်မှုဒီဇိုင်းအငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက်ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၈၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည်-

(၁) နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၈၃။ The Myanmar Patents and Designs (Emergency Provisions) Act, 1946 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း
( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၉ ခုနှစ်၊ လ ရက်
(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို တီထွင်မှုမူပိုင်ခွင့်ဥပဒေ ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကော်မတီ**ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကော်မတီကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ ဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(စ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှု မူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလည်း ပါဝင်သည်။

(ဆ) **တီထွင်မှု**ဆိုသည်မှာ နည်းပညာနယ်ပယ်ရှိ သီးခြားအခက်အခဲပြဿနာတစ်ရပ်ကို ဖြေရှင်းပေးနိုင်သည့် ထုတ်ကုန် သို့မဟုတ် ထုတ်လုပ်မှုနည်းစဉ်ဆိုင်ရာ ဖန်တီးမှုကို ဆိုသည်။ ယင်းစကားရပ်တွင် အသေးစားတီထွင်မှုလည်းပါဝင်သည်။

(ဇ) **တီထွင်မှုမူပိုင်ခွင့်**ဆိုသည်မှာ တီထွင်မှုတစ်ခုကို အကာအကွယ်ပေးရန် ဤဥပဒေအရ ခွင့်ပြုသည့် မူပိုင်ခွင့်ကိုဆိုသည်။

(ဈ) **အသေးစားတီထွင်မှု**ဆိုသည်မှာ ထုတ်ကုန်တစ်ခု၏ပုံပန်းသဏ္ဌာန် သို့မဟုတ် အစိတ်အပိုင်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံအသစ်ကိုဖြစ်စေ၊ အသုံးဝင်မှု သို့မဟုတ် လုပ်ဆောင်မှုပိုင်းကို မြှင့်တင်ပေးနိုင်သည့် ထုတ်ကုန်၏ အစိတ်အပိုင်း တစ်ခုကိုဖြစ်စေ ဖန်တီးထားသော နည်းပညာဆိုင်ရာ ဖန်တီးမှုတစ်ရပ်ကို ဆိုသည်။

(ည) **တီထွင်မှုမူပိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် တီထွင်မှု မူပိုင်ခွင့် ရရှိသူအဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **တီထွင်သူ**ဆိုသည်မှာ တီထွင်မှုတစ်ခုခုကို ပြုလုပ်သည့် ပုဂ္ဂိုလ်ကို ဆိုသည်။

(ဌ) အခွင့်အရေးရရှိသူ ဆိုသည်မှာ တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို တရားဝင်ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

**ဆက်လက်ဖော်ပြပါမည်။**



# စိုက်ပျိုးဧက ၄၀၀ ကိုအထောက်အကူဖြစ်စေမည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖွင့်လှစ်

**ပင်လည်ဘူး ဇူလိုင် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပင်းကြိုင်းကျေးရွာအုပ်စု အင်ကြင်းသာကျေးရွာတွင် စိုက်ပျိုးရေးတောင်သူများကို စိုက်ပျိုးရေလုံလောက်စွာရရှိစေရေးအတွက် မူးမြစ်အတွင်းမှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖွင့်ပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့အချိန်အခါတွင် ရာသီဥတုအခြေအနေများ ပြောင်းလဲလာပြီး မိုးအဝင်နောက်ကျကာ မိုးရွာသွန်းမှု နည်းပါးလာသဖြင့် စိုက်ပျိုးရေလုံလောက်မှုမရှိခြင်း၊ သီးနှံများအတွက် အောင်ရေလုံလောက်မှုမရှိခြင်းစသည့် စိုက်ပျိုးရေအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ရာသီမရွေးစီးဆင်းလျက်ရှိသော မူးမြစ်အတွင်းမှ လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေရရှိစေရေး လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ဖို့အတွက် အဓိက စိုက်ပျိုးရေရရှိဖို့ပဲဖြစ်ပါတယ်။ ချောင်းပိတ်၊ မြောင်းပိတ်၊ ဆည်မြောင်းတာတမံများ ဖော်ဆောင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေ လုပ်ဆောင်သလို မြစ်ချောင်းတွေက ရေတွေကို စိုက်ပျိုးရေအဖြစ် အသုံးပြုနိုင်တဲ့ ကျေးရွာတွေမှာလည်း အခုလို မြစ်ရေတင်လုပ်ငန်းတွေကို အကောင်အထည်ဖော်ပြီး စိုက်ပျိုးရေရရှိရေးကို လုပ်ဆောင်ပေးတာပါ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၃၃ ခုနဲ့ ရေတွင်းပေါင်း ၃၅၀၀ ကျော်ရှိပြီး စိုက်ပျိုးဧက ၃၃၀၀၀ ကို စိုက်ပျိုးရေအထောက်အကူပေးလျက်ရှိပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောသည်။

စိုက်ပျိုးဧက ၄၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်သည့် ပင်းကြိုင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် သီးထပ်နှင့်သီးညှပ်များကို စိုက်ပျိုးနိုင်သည့်အပြင် ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိစေပြီး လူနေမှုအဆင့်အတန်းများလည်း တိုးတက်လာတော့မည်ဖြစ်သည်။

ယနေ့ဖွင့်လှစ်သော ပင်းကြိုင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ပင်မတူးမြောင်းအလျား ပေ ၄၀၀၀၊ လက်တံမြောင်းအရှည်ပေ ၈၀၀၀၊ လက်တံခွဲ မြောင်းအရှည်ပေ ၆၅၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၆၉၀ဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့ပြီး ဇွန်လတွင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးခဲ့ပြီး ယနေ့တွင်စီမံကိန်းဖွင့်ပွဲကျင်းပခြင်းဖြစ်ကြောင်းနှင့် စိုက်ပျိုးရေရရှိရေးအတွက် ရေပေးအဆောက်အအုံ ၂၆ ခုဖြင့် ဧက ၄၀၀ သို့ စိုက်ပျိုးရေဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ဥတ္တရသီရိမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်

**နေပြည်တော် ဇူလိုင် ၃၀**
နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် ဇူလိုင် ၂၉ ရက် ည ၈နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ညိုချောင်းမကြီးချောင်းနှင့် သရက်တောကျေးရွာအုပ်စု တံခွန်တိုင်ချောင်းတို့မှ ရုတ်တရက် ရေကြီးနစ်မြုပ်မှုဖြစ်ခဲ့သည်။

ပိုးစားတောကျေးရွာမှ သုံးပင်ပတ်လည်သွပ်မိုး ဝါးထရံကာ နွားစာဂိုထောင်တစ်လုံး၊ မီးဖိုအိမ်တစ်လုံး၊ နွားလှည်းတစ်စီး၊ အ-လ-က ကျောင်း သစ်သားခြံစည်းရိုး ၁၂၅ ပေ ရေစီးနှင့်အတူမျောပါခြင်း၊ တောင်ညိုအုပ်စု ပြည်တော်လင်း-ကျောင်းစု ဆက်သွယ်သည့် အရှည်ပေ ၁၁၀၊ အကျယ် ၆ ပေ၊ အမြင့် ၁၁ ပေရှိ သံပေါင်သစ်သားခင်း တံတား တစ်စင်းပြိုကျကာရေစီးနှင့်အတူပါသွားခြင်း၊ တောင်ညို၊ ဆယ်သိမ်း၊ ကျောင်းစု၊ ကြီးပွား၊ အောင်ချမ်းသိမ်းမရမ်းခုံ၊ ပြည်တော်လင်း၊ သက်မွေးစု ကျေးရွာများရှိ နေအိမ်ဝိုင်းများအတွင်းသို့ ရေများ တစ်ပေခွဲမှ နှစ်ပေခွဲအထိ ဝင်ရောက်ခြင်းများဖြစ်ပေါ်ခဲ့ပြီး ချောင်းမကြီးချောင်းဘေးအနိမ့်ပိုင်းရှိ မရမ်းခုံကျေးရွာ လူနေအိမ် သုံးလုံးမှာ ကြမ်းခင်းများပျက်စီးခြင်း၊ မအူလေးပင်ကျေးရွာရှိ လူနေအိမ် ခုနစ်လုံးမှာ နေအိမ်များယိုင်နဲ့ခဲ့ပါကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါဖြစ်ပွားသည့်နေရာများသို့ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရွှေရဲရင့်**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ကျောင်းသား၊ကျောင်းသူများ ပထမအကြိမ်ပန်းချီပြပွဲ ကျင်းပ

**အောင်မြေသာစံ ဇူလိုင် ၃၀**
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဒုတိယနှစ်ပန်းချီအထူးပြုကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ်စုပေါင်းပန်းချီပြပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက မန္တလေးအောင်မြေသာစံမြို့နယ် ၂၄ လမ်းနှင့်လမ်း ၈၀ ထောင့်ရှိ မန္တလေးယဉ်ကျေးမှုပြတိုက်ပန်းချီပြခန်း၌ ကျင်းပသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာ၊ ဒုတိယပါမောက္ခချုပ်များ၊ ပန်းချီပညာဌာန ပါမောက္ခ/ဌာနမှူးနှင့် ဆရာ ဆရာမများ၊ မန္တလေးမြို့ရှိ ပန်းချီပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပန်းချီအထူးပြု ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

ဒုတိယနှစ်ပန်းချီ အထူးပြုကျောင်းသား ကျောင်းသူများ၏ပန်းချီပြပွဲကို ဇူလိုင်၂၉ ရက်မှ ဩဂုတ်၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ခင်းကျင်းပြမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အက်ခရိုင်းလစ်နှင့် မြန်မာမှုပန်းချီကား ၉၀ ကျော် ပြသထားကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

## မင်းစုံတောင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှ လေ့လာစရာကြယ်လိပ်

**နွားထိုးကြီး ဇူလိုင် ၃၀**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ရှားပါးမျိုးစိတ်များနှင့် တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တွင်ရှားပါး မျိုးစိတ်ကြယ်လိပ်များကို ထိန်းသိမ်းစောင့်ရှောက်ထားရာ အလွယ် တကူလေ့လာနိုင်သည်။

ကြယ်လိပ်များကို စနစ်တကျ မွေးမြူစောင့်ရှောက်ထားပြီး ဥချိန်မှအစ စာရင်းကောက်ယူကာ ပေါက်ဖွားသည့် ခုနှစ်အလိုက်မှတ်တမ်းများပြုထားသည်။ မြန်မာ့ကြယ်လိပ် (Myanmar Star Tortoise) သိပ္ပံအမည် (Geochelone Platynota) သည် မြန်မာနိုင်ငံ၌သာတွေ့ရှိရသော ဒေသရင်းမျိုးစိတ် (Endemic Species) ပင်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းခြောက်သွေ့သောဒေသများတွင် နေထိုင်ကျက်စားလေ့ရှိသည်။ ဒေသအလိုက်ကြယ်လိပ်၊ ဆီချိုလိပ်၊ ပင့်ကူလိပ်၊ ပန်းလိပ်၊ ရွှေလိပ် နတ်လိပ်ဟုခေါ်ဆိုသော လိပ်များပင်ဖြစ်သည်။

ကြယ်လိပ်များသည် မှိုအသီးအရွက် အပွင့်တို့ကိုသာမက တီကောင်၊ ခရုတို့ကိုပါ စားသောက်လေ့ရှိသည်။ အစုံစားသတ္တဝါမျိုးပင်ဖြစ်သည်။ ကြယ်လိပ်၏သဘာဝတွင် တစ်နှစ်အတွင်းတစ်ကြိမ်မှလေးကြိမ်အထိ ဥ ဥလေ့ရှိသည်။ ကြယ်လိပ်များမှာတောမီးလောင်ခြင်း၊ နေထိုင်ရာတောများဆုံးရှုံးခြင်း၊ နိုင်ငံတကာရောင်းဝယ်ဖောက်ကားခြင်းများကြောင့် အရေအတွက်နည်းလာခဲ့သည်။ သို့အတွက်ကြယ်လိပ်များကိုစနစ်တကျ ကာကွယ်ထိန်းသိမ်းထားခြင်းဖြစ်သည်။ ကြယ်လိပ်များကိုထိန်းသိမ်းထားသည့်နေရာသုံးခုရှိသည်။

ပုဂံလောကနန္ဒာ ဥယျာဉ်၊ မင်းဘူးရွှေစက်တော်နှင့် နွားထိုးကြီးမင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် ထိန်းသိမ်းထားလျက်ရှိကြောင်းသိရသည်။

**နွေနဒီ(မြစ်ငယ်)**

## ၂၀၁၇ ခုနှစ် ကမ္ဘာ့အသည်းရောင်အသားဝါရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား မန္တလေး၌ကျင်းပ

**ချမ်းအေးသာစံ ဇူလိုင် ၃၀**
၂၀၁၇ ခုနှစ် ကမ္ဘာ့အသည်းရောင်အသားဝါ ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သည့်သဝဏ်လွှာကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသူဇာချစ်တင်ကလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးမှ ပေးပို့သည့် သဝဏ်လွှာကို WHO မှ Mrs. Phavady Bollen ကလည်းကောင်း အသီးသီး ဖတ်ကြားသည်။ ဆက်လက်ပြီး ရန်ကုန်မြို့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး အသည်းရောဂါဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းဆွေက အသည်းရောင်အသားဝါရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းရာ ပြန်လည်ဖြေကြားသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊WHO, Clinton Health Access Intiative, အသည်းဖောင်ဒေးရှင်း အစရှိသော NGO, INGO များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ အမျိုးသားအသည်းရောင် အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက်ဖြင့် ၂၀၁၄ ခုနှစ်မှ စတင်၍ အသည်းရောင်အသားဝါရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ Clinton Health Access Initiative၊ အသည်းဖောင်ဒေးရှင်းစသည့် မိတ်ဖက်အဖွဲ့အစည်းများ၏ ထောက်ပံ့မှုများဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့အသည်းရောင်အသားဝါရောဂါ တိုက်ဖျက်ရေးနေ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆောင်ပုဒ်မှာ Eliminate Hepatitis အသည်းရောင်အသားဝါရောဂါ ကင်းဝေးဖို့ အားလုံးပူးပေါင်းကြိုးပမ်းစို့ဖြစ်ကြောင်းသိရသည်။ **(၀၀၂)**

အထက်မြန်မာပြည်

## ဗန်းမော်တွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေးကွင်းဆင်းဆောင်ရွက်

**ဗန်းမော် ဇူလိုင် ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့ ခွန်သာရပ်ကွက်တွင် ဒေသခံပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့်အဘိတ်ဆေးခတ်ခြင်း ကွင်းဆင်းဆောင်ရွက်မှုကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဗန်းမော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးနေဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များစသည့် ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့ခွန်သာရပ်ကွက်ရှိ နေအိမ် ၂၆၀ လုံးကို တစ်အိမ်တက်တစ်အိမ်ဆင်းကာ ဘုရားပန်းအိုးများ၊ သောက်ရေ၊ သုံးရေအိုးများ၊ နေအိမ်အတွင်း ထားရှိသော ကားတာရာ အဟောင်းများ၊ ရေလှောင်ကန်များအတွင်း ပိုးလောက်လမ်းပေါက်ပွားမှု ရှိ-မရှိစစ်ဆေးပြီး အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးအသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ၍ အသိပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရန် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းတို့ပြုလုပ်ရန်လိုအပ်

**ဟားခါး ဇူလိုင် ၃၀**

ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့နယ်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွယ်က မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များ ပြင်းပြင်းထန်ထန် ကျရောက်တတ်သည့် အာရှ-ပစိဖိတ်ဒေသအတွင်း ရှိနေခြင်းကြောင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးသည် ချင်းပြည်နယ်အတွက် အရေးပါသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရန် ကြိုတင်ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းစသည့်ကဏ္ဍများ ပိုမိုအားကောင်းလာအောင် ပြုလုပ်ထားရန်လိုအပ်ကြောင်း၊ မိမိတို့ ချင်းပြည်နယ်သဘာဝဘေးလျော့ပါးရေးအတွက် ပြီးပြည့်စုံသော ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ပေါ်ထွက်လာခြင်းဖြင့် ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းမှသည် ထိရောက်သောတုံ့ပြန်ဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့သော ပြန်လည်ထူထောင်ခြင်းဆီသို့ အရောက်လှမ်းနိုင်မည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် IOM မှ စီမံချက်ညှိနှိုင်းရေးမှူး Mr.Dedy Alfiian တို့က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြကာ အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာအကြီးအကဲများ၊ IOMနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**




## ရိခေါဒါရ်မြို့ မြန်မာ–အိန္ဒိယနယ်စပ် ချစ်ကြည်ရေးတံတား ပြုပြင်မည်ဖြစ်၍ ခေတ္တပိတ်ထားမည်

**ရိခေါဒါရ် ဇူလိုင် ၃၀**

မြန်မာ- အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် အဓိကအရေးပါသည့် ချင်းပြည်နယ်(မြောက်ပိုင်း) ရိခေါဒါရ်မြို့ရှိ နယ်စပ်ချစ်ကြည်ရေးတံတားပျက်စီးမှုလုပ်ငန်းကို ဇူလိုင် ၃၁ ရက်မှစတင်၍ ပြန်လည်ပြုပြင်ဆောက်လုပ်သွားမည်ဖြစ်ရာ ကုန်စည်၊ ယာဉ်နှင့်လူဝင်လူထွက်သွားလာမှု ခေတ္တပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

ယင်းတံတားသည် သံပေါင်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၁၉၀၊ အကျယ် ၁၄ ပေနှင့် သံပေါင်အမြင့် ၁၀ ပေ၊ တံတားခံနိုင်ရည်တန်ချိန် ၁၀ တန်ရှိသည်။ ယခုအခါ တံတားကြမ်းခင်းသံပြားများပေါက်ပြဲပြီး သံပေါင်အတန်းများပျက်စီးမှုများရှိလာ၍ ယာဉ်နှင့်လူဝင်ထွက် သွားလာရေးအတွက် အန္တရာယ်ရှိလာနိုင်သဖြင့် ဟောင်းနွမ်းပေါက်ပြဲသည့် ကြမ်းခင်းနှင့် သံပေါင်အတန်းများကို ခွာထုတ်လဲလှယ်ပြုပြင်ခြင်းလုပ်ငန်းကို အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အစိုးရ ပြည်သူ့ဆောက်လုပ်ရေးဌာန (Mizoram Public Work Department- MPWD) က ဇူလိုင် ၃၁ ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တံတားပြုပြင်သည့်လုပ်ငန်းအား တစ်လခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ချစ်ကြည်ရေးတံတားဟာ အိန္ဒိယဖက်ကတာဝန်ယူပြီး ပြီးခဲ့တဲ့ ၂၀၀၁ ခုနှစ်က တည်ဆောက်ထားတာဖြစ်တယ်။ ဒီတံတားဟာ သံပေါင်တံတားအမျိုးအစားဖြစ်ပြီး နှစ်ကာလကြာရှည်တံတားအသုံးပြုမှုများပြားလာခြင်းကတစ်ကြောင်း၊ ရာသီဥတုဒဏ်က တစ်ပိုင်း အဲဒီအခြေအနေတွေကြောင့် တံတားဟာဆိုရင် ကြမ်းခင်းသံပြားနဲ့ သံပေါင်အတန်းတချို့ ပျက်စီးသွားတာ တွေ့ရပါတယ်။ အဲဒီတံတားပြုပြင်ဖို့ ကျန်ဖိုင်ခရိုင်ဆောက်လုပ်ရေးဌာနက တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကုန်စည်ပို့ဆောင်မှု၊ ကူးသန်းသွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အမြန်ဆုံးဆောင်ရွက်သွားမှာပါ။ တံတားပြုပြင်တဲ့ကာလခန့်မှန်းအနေနဲ့ တစ်လလောက်ကြာမြင့်မယ်လို့ထင်ပါတယ်" ဟု ကျန်ဖိုင်ခရိုင်ပြည်သူ့ဆောက်လုပ်ရေးဌာနမှ SDO ဦးစီးလားရင့်ဆန်းငါကပြောသည်။

အဆိုပါနယ်စပ်တံတား ပြုပြင်သည့်ကာလအတွင်း မည်သည့်ကုန်စည်၊ ယာဉ်နှင့် လူ ဝင်-ထွက်သွားလာမှုများ ခေတ္တပိတ်ပင်သွားမည်ဖြစ်ပြီး မလွဲရှောင်သာနာရေးကိစ္စရပ်များ၌မူ နှစ်နိုင်ငံဂိတ်ပေါက်တွင် တာဝန်ကျလုံခြုံရေးရဲတပ်ဖွဲ့တို့၏ အချင်းချင်းညှိနှိုင်းခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်ဖိုင်ခရိုင်ပြည်သူ့ဆောက်လုပ်ရေးဌာနမှ SDO က ဆက်လက်ပြောပြသည်။

ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် ချစ်ကြည်ရေး တံတား(သံပေါင်တံတား)သည် ကုန်စည်၊ ယာဉ်နှင့် လူဝင်လူထွက်များပြားပြီး နှစ်နိုင်ငံကူးသန်းရောင်းဝယ်ဖောက်ကားရာတွင်လည်း အသုံးဝင်သည့် နယ်စပ်တံတားတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**



## ကလေးဝ ဆည်ကြီး–အင်ဒုတ်ကြိုးတံတားနှင့် ယုဇလယ်–ဆည်ကြီးလမ်းရှိ သစ်သားတံတား ရေတိုက်စားမှုကြောင့် မျောပါ

**ကလေးဝ ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ယခုရက်ပိုင်းမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၂၉ ရက် နံနက် ၀၀း၅၅ နာရီက တောင်ကျချောင်းများစီးဆင်းခဲ့ရာ ဆည်ကြီးကျေးရွာနှင့် အင်ဒုတ်ကျေးရွာကြား ဆက်သွယ်ထားသော ကလေးဝမြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ရွှေကံဦးကုမ္ပဏီက တည်ဆောက်ထားသည့် အရှည်ပေ ၄၅၀ ရှိ ဆည်ကြီး-အင်ဒုတ်ကြိုးတံတား အရှေ့ဘက်ခြမ်း ရေတိုက်စားမှုကြောင့် ကြိုးတံတားမှာ ချောင်းအတွင်း မျောပါသွားခဲ့သည်။



အလားတူ ကလေးဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ကောင်းကင်ဇေယျာကုမ္ပဏီက တည်ဆောက်သော ယုဇလယ်-ဆည်ကြီးလမ်းရှိ ပေ ၄၀ သစ်သားတံတားမှာလည်း ရေတိုက်စားမှုကြောင့် တောင်ဘက်ကမ်းချဉ်းကပ်ခုံ ချောင်းအတွင်းမျောပါသွားခဲ့သည်။

အဆိုပါ တောင်ကျချောင်းရေများ ကျဆင်းမှုကြောင့် လူနှင့် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။ **ချင်းတွင်းသား**

## မူခင်းကျဆင်းရေးပညာပေးဟောပြောပွဲကျင်းပ

**ဝိုင်းမော် ဇူလိုင် ၃၀**

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှကြီးမှူး၍ မူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင်၂၉ ရက် နံနက် ၁၀ နာရီက ဝိုင်းမော်မြို့ ရပ်ကွက်(၁) အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ရတနာခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းနိုင်က ခရိုင်အတွင်းရှိ မြို့နယ်များတွင် မူးယစ်ဆေးဝါးသုံးစွဲ ရောင်းချမှုဖြစ်စဉ်များ၊ ယာဉ်မတော်တဆမှုဖြစ်စဉ်များနှင့် အခြားမူခင်းများဖြစ်ပွားရခြင်းတို့မှာ ပြည်သူလူထုအတွင်း မူခင်းကြိုတင်ကာကွယ်ရေး အသိပညာအားနည်းခြင်းကြောင့်ဖြစ်ပြီး မူခင်းများဖြစ်ပွားမှု မရှိစေရေး သိထားသင့်သည့် ပြစ်မှုဖြစ်စဉ်များ၊ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကျောင်းသား၊ ကျောင်းသူများသိရှိသင့်သည့် စက်ဘီး၊ ဆိုင်ကယ်မောင်းနှင်သူများနှင့် ခြေလျင်လမ်းလျှောက်သူများ သိထားသင့်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လူမှောင်ခို၊ လူကုန်ကူးမှုမခံရရေး သိထားသင့်သည်များကို အကျယ်တဝင့် ရှင်းလင်းဟောပြောကာ ရဲတပ်ဖွဲ့ဝင်များက အသိပညာပေး လက်ကမ်းစာစောင်များဝေငှပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးကြီးနှင့် ရဲတပ်ဖွဲ့ဝင်များမှ မူခင်းကြိုတင်ကာကွယ်ရေးအသိပညာပေးမော်တော်ယာဉ်ဖြင့် ဖွင့်လှစ်ပြသရာ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အင်အား ၁၀၀၀ ခန့် လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**ဦးလေးကြီး**

## သွေးလွန်တုပ်ကွေးကြိုတင် ကာကွယ်ရေးခြင်ဆေးဖျန်း

**မော်လိုက် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ကြသည့် စာဖတ်ပရိသတ်နှင့် ပြည်သူများ ရာသီသွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ခြင်ဆေးမှုတ်ခြင်းကို ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် မော်လိုက်မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ပူးပေါင်းကူညီမှုဖြင့် ပြည်သူ့စာကြည့်တိုက်အတွင်းနှင့် ရုံးအတွင်း အပြင်များ၌ ခြင်များမခိုအောင်း၊ မပေါက်ပွားနိုင်အောင် ခြင်ဆေးဖျန်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# သဘာဝဘေးနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေး ပိုလုပ်နိုင်လေ effect နည်းလေ

**တွေ့ဆုံမေးမြန်း – ရှင်မင်း၊ ဓမ္မကြူ၊ ဓာတ်ပုံ – ကိုကိုစိုးညွန့်**

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် အများဆုံးရင်ဆိုင်ခံစားရသည့် နိုင်ငံများတွင် ပါဝင်နေသည့်အတွက် လက်ရှိအစိုးရလက်ထက်တွင် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကို အဓိက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့သည့် ရေသယံဇာတနှင့်ဘေးအန္တရာယ်များဆိုင်ရာ တတိယအကြိမ် ကုလသမဂ္ဂအထူးအစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ စနစ်တကျစီမံခန့်ခွဲနိုင်ရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး လက်ရှိအစိုးရလက်ထက်တွင် သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ နိုင်ငံအဆင့် စီမံခန့်ခွဲနိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ လုပ်ငန်းကော်မတီ ၁၂ ရပ် ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းကော်မတီ ၁၂ ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သည့် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီတွင် တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် တွေ့ဆုံကာ အဆိုပါလုပ်ငန်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။



ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း

**မေး။ ။ လုပ်ငန်းကော်မတီ ဖွဲ့စည်းမှုအပိုင်းကို သိရှိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဦးဆောင်ပြီး ဖွဲ့စည်းထားပါတယ်။ ဒီကော်မတီအောက်မှာ လုပ်ငန်းကော်မတီတွေရှိပါတယ်။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီကို နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတာဖြစ်ပြီးတော့ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌနဲ့ အမြဲတမ်းအတွင်းဝန်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပါတယ်။ ကျွန်တော်က တွဲဖက်အတွင်းရေးမှူးအနေနဲ့ ဆောင်ရွက်ပါတယ်။ အဖွဲ့ဝင်တွေအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနတွေက အဖွဲ့ဝင်တွေအဖြစ်ဆောင်ရွက်ပါတယ်။

**မေး။ ။နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို သိရှိပါရစေ။**

ဖြေ။ ။သဘာဝဘေးကျရောက်ခဲ့ရင် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတွေကို အချိန်နဲ့တစ်ပြေးညီ အကြောင်းကြားပါတယ်။ သတင်းထုတ်ပြန်ချက်တွေ ပေးပို့ပါတယ်။ ကူညီထောက်ပံ့မှုတွေအတွက် ညှိနှိုင်းဆောင်ရွက်မှုတွေလုပ်ပါတယ်။ နိုင်ငံတကာ အသိုင်းအဝိုင်းက အကူအညီပေးအပ်ခဲ့ရင် သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ နိုင်ငံတကာနဲ့ ဆက်ဆံတဲ့အခါ ဒီလုပ်ငန်းကော်မတီကနေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ လာပြီး အကူအညီပေးတဲ့အခါ ပြည်ဝင်ဗီဇာကိစ္စတွေ၊ အကောက်ခွန်ကင်းလွတ်ခွင့်တွေစတဲ့ ကိစ္စတွေကို Facilitate လုပ်ပေးရတဲ့ အပိုင်းတွေလည်း ရှိပါတယ်။

**မေး။ ။သဘာဝဘေး ဖြစ်ပွားခဲ့ရင် ဘယ်လိုအကူအညီတွေရယူပြီး ဆောင်ရွက်တယ်ဆိုတာ သိရှိပါရစေ။**

ဖြေ။ ။ကုလသမဂ္ဂမှာ Central Emergency Response Fund ဆိုပြီးရှိပါတယ်။ သဘာဝဘေးဖြစ်ပွားလာခဲ့ရင် ဒီ Fund UAE အကူအညီတောင်းခံလို့ရပါတယ်။ အကူအညီတောင်းခံတဲ့အခါမှာ နယူးယောက်မှာရှိတဲ့ မြန်မာအဖွဲ့ရုံးကနေတစ်ဆင့် ဖြစ်စေ၊ ဂျီနီဗာမှာရှိတဲ့ မြန်မာအဖွဲ့ရုံးကနေတစ်ဆင့်ဖြစ်စေ ဆောင်ရွက်သွားလို့ရပါတယ်။ ဒီလိုအကူအညီတောင်းခံဖို့အတွက် သဘာဝဘေးကျရောက်တဲ့ ဒေသကို အရေးပေါ်အခြေအနေ ကြေညာရတာရှိပါတယ်။ ဒီလိုကြေညာဖို့အတွက်ကတော့ စီမံခန့်ခွဲမှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုအပိုင်းဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးကျရောက်တဲ့ဒေသကို အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရင် နိုင်ငံတကာဆက်ဆံရေးကော်မတီအနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကနေ အကူအညီရရှိနိုင်အောင် မေတ္တာရပ်ခံဆောင်ရွက်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းက သဘာဝဘေးအန္တရာယ်တွေ ဖြစ်ခဲ့ပေမယ့် အရေးပေါ်အခြေအနေကြေညာခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် နိုင်ငံတကာ ဆက်ဆံရေး လုပ်ငန်းကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာကို ကူညီပေးချင်ရင် ကူညီနိုင်အောင် အကြောင်းကြားခဲ့တာရှိပါတယ်။ နိုင်ငံတကာကလည်း ကူညီပေးခဲ့တာလည်း ရှိပါတယ်။ ပြီးခဲ့တဲ့နှစ် သဘာဝဘေးအတွက် ပြည်တွင်း၊ ပြည်ပကနေ အမေရိကန်ဒေါ်လာ ကိုးသိန်းကျော်လောက် ကူညီပေးခဲ့တာရှိပါတယ်။

ဒီလိုအကူအညီပေးတဲ့အခါ အကူအညီပေးတဲ့ ပစ္စည်းတွေကို အကောက်ခွန် ကင်းလွတ်ခွင့်တွေ၊ ဆိပ်ကမ်းကပ်မယ်ဆိုရင်လည်း ဆိပ်ကမ်းကပ်ခွင့်တွေအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးပါတယ်။

ပြီးခဲ့တဲ့နှစ်က ငလျင်ဒဏ်ကြောင့် ပုဂံမှာ ဘုရားစေတီတွေ ပျက်စီးမှုရှိခဲ့ပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းကို အကူအညီပေးချင်ရင် ပေးအပ်နိုင်အောင်မေတ္တာရပ်ခံခဲ့တာရှိပါတယ်။ ကုလသမဂ္ဂအထွေထွေညီလာခံကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့တုန်းက ယူနက်စကို ညွှန်ကြားရေးမှူးချုပ်နဲ့ တွေ့ဆုံခဲ့ပြီးတော့ ပုဂံဘုရားတွေကို မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်ပေးဖို့ ပြောကြားခဲ့တာရှိပါတယ်။

**မေး။ ။သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာနဲ့ ချိတ်ဆက် ဆောင်ရွက်တဲ့အခါ အခက်အခဲရှိတဲ့အပိုင်းတွေရှိရင် သိရှိပါရစေ။**

ဖြေ။ ။ဆက်သွယ်ဆောင်ရွက်တဲ့အခါ အခက်အခဲ ကြီးကြီးမားမားမရှိပါဘူး။ ဒါပေမယ့် လှူဒါန်းလိုက်တဲ့၊ အကူအညီပေးလိုက်တဲ့ ပစ္စည်းဟာသက်ဆိုင်ရာ ဒေသအတွက် လိုအပ်တဲ့ ပစ္စည်းမဟုတ်တာမျိုးတော့ ဖြစ်တတ်တာမျိုးရှိပါတယ်။ ပစ္စည်းထပ်တာမျိုးလည်းရှိပါတယ်။ ဒါကြောင့်မို့ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ဒေသအတွက် လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပျက်စီးဆုံးရှုံးမှုတွေအတွက် ပြောကြားတဲ့ အချက်အလက်တွေအပေါ် မူတည်ပြီးမှ သက်ဆိုင်ရာ လှူဒါန်းလိုတဲ့ နိုင်ငံတွေကိုအသိပေးပါတယ်။ လှူဒါန်းလိုတဲ့ နိုင်ငံတွေက ဒီဘက်က လိုအပ်ချက်ကို လှူဒါန်းပေးတာရှိပါတယ်။ ဒီလိုလှူဒါန်းတယ်ဆိုရင်တော့ အဆင်ပြေပါတယ်။ ဒါမှမဟုတ် သူတို့လှူဒါန်းလိုတဲ့ ပစ္စည်းကိုလာပြီး လှူဒါန်းတာမျိုးဆိုရင်တော့ လိုအပ်တာနဲ့ မကိုက်တာမျိုး၊ ပစ္စည်းထပ်တာမျိုးတွေတော့ ရှိတတ်ပါတယ်။ လှူဒါန်းတဲ့ သူနဲ့ လက်ခံတဲ့သူကြားမှာ ညှိနှိုင်းလိုက်ရင် အနာဂတ်မှာ လွဲချော်မှုနည်းသွားမှာပါ။

**မေး။ ။ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ ။ကုလသမဂ္ဂနဲ့ နိုင်ငံတကာက ကြိုတင်ကာကွယ်ရေးအပိုင်းမှာ ပိုပြီးအလေးထားဆောင်ရွက်ကြဖို့ ပြောတာရှိပါတယ်။ ကမ္ဘာ့စုံအတွက် ပြောကြားတာဖြစ်ပေမယ့် သဘာဝဘေးနဲ့ ပတ်သက်ပြီးတော့ ကြိုတင်ကာကွယ်ရေးကို ပိုပြီးလုပ်နိုင်လေ effect နည်းလေဖြစ်မှာမို့ awareness အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်တာရှိပါတယ်။ သဘာဝဘေးအတွက် ကြိုတင်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမယ်လို့ ခံယူထားပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီအနေနဲ့လည်း သက်ဆိုင်ရာကော်မတီတွေ၊ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ။



&xm;&wyfü&efuv&xm;&pcef;rS;cef;rS;& t ykd un f0if;ESifh zU nf jref mh;D xm;rS;vm0ef;&Sifh rsm;ES;fh ay;i f;í Zv kdf;v aemufq kH;wfu &efukdbl wm;u;D &xm;p;D&D nf;sm; ab; tEÅ ,fu ifh &Sif a&;? vlukdfu;rhzpf;m;apa&; toyhmay;aq;aE;chu m;ifukdbonf(118)

## ကျောက်ဆည်တက္ကသိုလ်နယ်မြေအတွင်း ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုး

**စဉ့်ကိုင် ဇူလိုင် ၃၀**

မြန်မာနိုင်ငံအပူပိုင်းဒေသများစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်စေရန်၊ တက္ကသိုလ်နယ်မြေအတွင်း စိုပြည်သာယာလှပစေရန် ရည်ရွယ်၍ သစ်တောဦးစီးဌာနနှင့်ကျောက်ဆည်တက္ကသိုလ်တို့ပူးပေါင်းစီစဉ်မှုဖြင့်၂၀၁၇ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက ကျောက်ဆည်တက္ကသိုလ်နယ်မြေအတွင်း ကျင်းပခဲ့သည်။

အစီအစဉ်အရ ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးကကျောက်ဆည်တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများစိုက်ပျိုးမည့် ပျိုးပင်များကို ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာမြင့်လွင်ထံသို့ လည်းကောင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ကျော်ဇောက ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များ စိုက်ပျိုးမည့်ပျိုးပင်များကို စဉ့်ကိုင်မြို့နယ် အုပ်ချုပ်ရေးမှူးဦးမင်းဆွေထံသို့လည်းကောင်းအသီးသီးပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ တက္ကသိုလ်ကျောင်းမှဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် သတ်မှတ်နေရာအသီးသီး၌ ကျွန်း၊ ပိတောက်၊ စိန်ပန်း၊ ငုရွှေဝါ၊ စကားဝါစုစုပေါင်း ပျိုးပင် ၅၀၀ အား တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ စိုက်ပျိုးပြီးအရိပ်ရပင်၊ ပန်းအလှပင်များကို ဆက်လက်ရှင်သန်ကြီးထွားစေရေးအတွက် ကျောက်ဆည်တက္ကသိုလ်နှင့်သစ်တောဦးစီးဌာနတို့မှ ပြုစုထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဝင်းသန်း**

## ရိုခေါဒါရ်မြို့မြန်မာ–အိန္ဒိယနယ်စပ်အဝင်ပေါက်၌ H1N1 ရောဂါနေ့စဉ်စစ်ဆေး

**ရိုခေါဒါရ် ဇူလိုင် ၃၀**

ချင်းပြည်နယ်(မြောက်ပိုင်း) ရိုခေါဒါရ်မြို့ ကျန်းမာရေးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ- အိန္ဒိယ နယ်စပ်အဝင်ပေါက်၌ ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုအနေဖြင့် H1N1 ရောဂါစစ်ဆေးခြင်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Surveillanc for H1N1ဆောင်ရွက်ခြင်းကို ရိုခေါဒါရ်မြို့တိုက်နယ်ဆေးရုံတာဝန်ခံ ဆရာဝန်ဒေါက်တာစိုးသီဟ၏အနီးကပ်ကြပ်မတ်မှုဖြင့်သားဖွားဆရာမ ဒေါ်ဟန်ဇာဝင်းက ဇူလိုင် ၂၇ ရက်မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နယ်စပ်ဂိတ်ပေါက်ဖြတ်သန်းသွားလာသည့် ပြည်သူများအား ကျန်းမာရေးအခြေအနေစစ်ဆေးပေးကြောင်းနှင့် ယနေ့အထိ H1N1 ရောဂါလက္ခဏာနှင့်ထူးခြားမှုတွေ့ရှိခြင်းမရှိကြောင်း၊ အကယ်၍ ထူးခြားမှုတစ်စုံတစ်ရာတွေ့ရှိမိပါက အနီးဆုံးရှိ ရိုခေါဒါရ်တိုက်နယ် ဆေးရုံသို့ ပို့ဆောင်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**ရိုခေါဒါရ်(ပြန်/ဆက်)**

## ကြက်ငှက်တုပ်ကွေးရောဂါ H1N1 နှင့် H5N1ကြိုတင်ထိန်းချုပ်ကာကွယ်ရေးအသိပညာပေးဟောပြော

**ကော့သောင်း ဇူလိုင် ၃၀**

ကြက်ငှက်တုပ်ကွေးရောဂါ H1N1 နှင့် H5N1 ကြိုတင်ထိန်းချုပ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လိုက်လံစစ်ဆေးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက နယ်မြေခံတပ်ရင်းများရှိ မွေးမြူရေးခြံများနှင့် ခုနှစ်မိုင်ကျေးရွာ ပုဂ္ဂလိကကြက်မွေးမြူရေးခြံများသို့ တာဝန်ရှိသူများကွင်းဆင်းဆောင်ရွက်ကြသည်။

အသိပညာပေးဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာနိုင်တင်ထွဋ်က ကြက်ငှက်တုပ်ကွေးရောဂါ H1N1 နှင့် H5N1 ဗိုင်းရပ်ပိုးများအကြောင်း၊ တိရစ္ဆာန်များမှ လူများသို့ကူးစက်ပုံများနှင့် ကြက်ခြံများရှိကြက်များသေဆုံးမှုနှင့် သံသယဖြစ်ဖွယ်ဖြစ်ရပ်များရှိပါက သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံးအကြောင်းကြားနိုင်ရေးပြောကြားသည်။

စားသုံးသူရေးရာဦးစီးဌာနမှခရိုင် ဦးစီးမှူး ဒေါ်မြသီတာက စားသုံးသူကာကွယ်ရေးဆိုင်ရာသိကောင်းစရာများ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ မွေးမြူရေးခြံပတ်ဝန်းကျင်သန့်ရှင်းမှု လူနေအိမ်များနှင့်နီးစပ်မှုနှင့် သက်တမ်းလွန်ကြက်ဥများ ဖြန့်ဖြူးရောင်းချမှု မပြုရေးဟောပြောသည်။

ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေဇင်ဦးက ယနေ့နိုင်ငံ၏ မြို့ကြီးတချို့တွင် ဖြစ်ပွားကူးစက်နေသည့် ကြက်ငှက်တုပ်ကွေးရောဂါ H1N1 နှင့် H5N1 တနင်္သာရီတိုင်းဒေသကြီးအတွင်း ရောဂါပိုးစတင်တွေ့ရှိမှုဆိုင်ရာသိသင့်သည်များ၊ ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာများ၊ ရောဂါကာကွယ်မှုဆိုင်ရာသိသင့်သိထိုက်သည်များ၊ လူမှုကွန်ရက်စာမျက်နှာတချို့၏ မဟုတ်မမှန်သတင်းများအား ချင့်ချိန်သုံးသပ်ကာ စိုးရိမ်မှုမလွန်ကဲကြရေး မြို့နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် သတင်းဖြစ်စဉ်အမှန်များအား အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးမှုလုပ်ငန်းများအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကြက်ငှက်တုပ်ကွေးရောဂါH1N1နှင့် H5N1နှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ကြောက်ကြောက်ကြောက် ရုပ်ရှင်ရိုက်ကူးစဉ် အမှတ်တရများရှိသည်ဟုပြောလာသည့်

## နေတိုး

"ကြောက်ကြောက်ကြောက်" ရုပ်ရှင်ဇာတ်ကားကြီးတွင် သရဲအလွန်ကြောက်သော ကောင်လေးနေရာမှ သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကားရိုက်ကူးစဉ် အမှတ်တရများစွာရှိခဲ့ကြောင်း သရုပ်ဆောင်နေတိုးက ပြောသည်။

"ဒီဇာတ်ကားလေးက ရိုက်နေတဲ့အချိန်မှာကတည်းက အမှတ်တရတွေလည်း အများကြီးရှိခဲ့တယ်။ ကိုဝေမင်းမောင်က ကျွန်တော့်ကိုလည်း ဇာတ်လမ်းမှာ သရုပ်ဆောင်များများနဲ့ ရိုက်ချင်တယ်လို့ ပြောလာတယ်။ ကိုယ်တိုင်လည်း ဒီဇာတ်ကားမှာ အများကြီးပါဝင်ကူညီထားတယ်။ ဒီရုပ်ရှင်ဇာတ်ကားကြီးထဲက သရဲဇာတ်ကောင်တွေကိုလည်း မိတ်ကပ်လိမ်းခြယ်ပေးခဲ့တယ်။ ပြီးတော့ ကျွန်တော်ကိုယ်တိုင်လည်း ကင်မရာပိုင်းမှာ ဒါရိုက်တာတစ်ယောက်အနေနဲ့ တွဲဖက်ပြီးလုပ်ဆောင်ထားတယ်" ဟု သူကပြောသည်။

အဆိုပါဇာတ်ကားကြီးသည် ချောက်ချားထိတ်လန့်ဖွယ်ဇာတ်ကားတစ်ကားအဖြစ်သာမက ကရုဏာသက်ဖွယ်ရသကိုပါ ပေးစွမ်းနိုင်သည့် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ကြောင်း သိရသည်။ "ဒီဇာတ်ကားက သေခြင်းတရားဆိုတာက လူတိုင်းမှာ ဘယ်အချိန် ဘယ်အခါမှန်း ကြိုမသိနိုင်တဲ့အတွက် ကြိုတင်ပြင်ဆင်ထားရမယ်ဆိုတာကို အသိပေးတဲ့ဇာတ်ကားပေါ့။ ကြောက်စရာတင်မဟုတ်ဘဲနဲ့ အလွမ်း၊ အဆွေးတွေ၊ သနားစရာကောင်းတာလေးတွေ ရသစုံပေးနိုင်တဲ့ပုံစံပါ"ဟု နေတိုးက ဆက်လက်ပြောသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# အလွမ်းအဆွေးဇာတ်ကားတွေ ပိုရိုက်ချင်တယ်ဟု ဆိုလာသည့်

## မို့မို့မြင့်အောင်



ပရိသတ် ကြိုက်နှစ်သက်ဆဲ မင်းသမီးအဖြစ် ရပ်တည်နေသည့် အကယ်ဒမီများရှင် မို့မို့မြင့်အောင်က အလွမ်းအဆွေးဇာတ်ကားများကိုသာ ပို၍ ရိုက်ကူးသရုပ်ဆောင်ချင်ကြောင်း ယခုကဲ့သို့ ပြောသည်။

"မမို့ကို သိကြတာက အရင်ကတည်းက ဒရမ်မာဇာတ်ရုပ်နဲ့ သိကြတာလေ။ အဲဒါကြောင့် အလွမ်းအဆွေးဇာတ်ရုပ်တွေကို ပိုပြီးတော့ ရိုက်ချင်တယ်။ မမို့လည်း ဟာသဇာတ်ကားတွေကြိုက်တဲ့ ပရိသတ်တွေအတွက် ရိုက်သင့်သလောက်တော့ ကြိုးစားပြီးတော့ ရိုက်ပါတယ်။ အခုနောက်ပိုင်းလည်း မမို့ ဒရမ်မာဇာတ်ကားတွေ ပိုရိုက်လာရတယ်။ အဲဒါကြောင့် ပိုပြီးတော့ အားရမိပါတယ်" ဟု သူက ပြောသည်။

အကယ်ဒမီများရှင် မို့မို့မြင့်အောင်သည် လက်ရှိတွင် Channel- 7 တွင် ပြသနေသော Myanmar Got Talent ပြိုင်ပွဲ၌ ဒိုင်တစ်ယောက်အဖြစ် ဆောင်ရွက်နေသည်။

**မေနှင်းဆီ ခုစည်းသည်**

# ချစ်တီးမကြီးများရုပ်ရှင်ကို ပုပ္ပားတွင် ရိုက်ကူးမည့်

## ဒါရိုက်တာ ရာဇဝင်ကို

မာန်ထက်ချီထုတ်လုပ်ရေးမှ ရိုက်ကူးမည့် ချစ်တီးမကြီးများရုပ်ရှင်ဇာတ်ကားကို ယခုလနောက်ဆုံးပတ်တွင် ပုပ္ပား၌ ရိုက်ကူးသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ရာဇဝင်ကိုက ပြောသည်။

"ဒီလထဲမှာ ချစ်တီးမကြီးများ ဆိုတဲ့ဇာတ်ကားရိုက်ဖို့ရှိပါတယ်။ ဇူလိုင်နောက်ဆုံးပတ်မှာ ရိုက်မှာပါ။ ဇာတ်ကျောရိုးကတော့ ကပ်စေးနှဲတဲ့ မိန်းမတွေအကြောင်းပေါ့။ ဟာသဇာတ်ကားပါပဲ။ ဇာတ်ကတော့ ကျွန်တော်ရေးထားတဲ့ ဇာတ်ပါပဲ။ ဒီဇာတ်ကားက မာန်ထက်ချီနဲ့ ကျွန်တော်နဲ့ ပထမဆုံးစတွေ့မယ့်ဇာတ်ကားပါ။ သရုပ်ဆောင်ရွေးတာကအစ ကျွန်တော်နဲ့ ထုတ်လုပ်ရေးတိုက်နဲ့တိုင်ပင်ပြီး သေချာရွေးထားပါတယ်။ အဓိကတော့ ဇာတ်နဲ့လိုက်မယ့်သူကို ရွေးတာပေါ့။ ကျွန်တော့်အနေနဲ့ လုပ်သမျှအလုပ်တိုင်းကို စေတနာထားပြီး အကောင်းဆုံးလုပ်တဲ့အတွက် အဲဒီအကျိုးကို ခံစားရမယ်လို့ ထင်ပါတယ်"ဟု ဒါရိုက်တာရာဇဝင်ကိုက ပြောသည်။

အဆိုပါဇာတ်ကားတွင် ပါဝင်မည့်သရုပ်ဆောင်များမှာ ခန့်စည်သူ၊ ဟိန်းဝေယံ၊ ဇေရဲထက်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ ပိုင်ဖြိုးသု နှင့် အခြားဇာတ်ပို့၊ ဇာတ်ရန်သရုပ်ဆောင်များစွာပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

# SG 9 ထုတ်လုပ်ရေးမှ ပွဲဦးထွက်ရုပ်ရှင်ဇာတ်ကား ရိုက်ကူးမည်

SG 9 ထုတ်လုပ်ရေးမှ ပွဲဦးထွက်ရုပ်ရှင်ဇာတ်ကားအဖြစ် အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်ကွဲဖြစ်ခဲ့ရသည့် အမျိုးသမီးများ၏ ဘဝအခြေအနေများကို ထင်ဟပ်ပြသမည့် ဇာတ်ကားရိုက်ကူးရန်စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

"အမျိုးသမီးတွေရဲ့ဘဝမှာ ဖြစ်တတ်ကြတဲ့အခက်အခဲကို အစ်မတို့ကိုယ်စားပြုပြီးရိုက်မှာပါ။ အဲဒါ စိစစ်ရေးကိုတင်ထားပါတယ်။ အဲဒီကနေ ရိုက်ကူးခွင့်ပြန်ကျတာနဲ့ စရိုက်မှာပါ"ဟု SG 9ထုတ်လုပ်ရေးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာညွန့်မြန်မာညီညီအောင်က တာဝန်ယူရိုက်ကူးသွားမည်ဖြစ်ကာ ရိုက်ကွင်းတည်နေရာများအနေဖြင့် ရန်ကုန်မြို့နှင့် နယ်မြို့များတွင် သွားရောက်ရိုက်ကူးသွားမည်ဖြစ်သည်။

"ဇာတ်လမ်းမှာ မင်းသမီးတွေက မျိုးသန္တာထွန်းရယ်၊ ခင်ဇာခြည်ကျော်ရယ်၊ လင်းဇာနည်ဇော်ရယ် သူတို့ကို အဓိကထားပြီးရိုက်မှာပေါ့။ သူတို့ရဲ့ တကယ့်ဘဝအကြောင်းတွေတော့ မဟုတ်ပါဘူး။ စာရေးဆရာ သမီးမြတ်ကျော်ဖန်တီးပြီး ဇာတ်ညွှန်းရေးထားတာပါ။ အဓိကတော့ တစ်ခုလပ်လို့ကြားလိုက်တာနဲ့ ယောကျ်ားလေးတွေဘက်ကကြည့်ရင် သိပ်ပြီး အထင်မကြီးချင်တော့ဘူး။ လူတိုင်းကိုပြောတာတော့မဟုတ်ဘူး။ တချို့ယောကျ်ားလေးတွေက သွေးတိုးစမ်းချင်တယ်။ ဟိုပြောဒီပြော ပြောချင်တယ်။ အိမ်ထောင်မကွဲတဲ့အမျိုးသမီးတစ်ယောက်ကို မပြောရဲတဲ့စကားတွေကို တစ်ခုလပ်ကို ပြောရဲတယ်။ အမျိုးသမီးချင်းဆိုရင်လည်း တစ်ခုလပ်ဆို နှိမ်ချင်ကြတယ်။ အဓိကတော့ အဲဒီအမြင်လေးကိုပြောင်းချင်တာပါ။ ဒီကားကို ရန်ကုန်နဲ့ အခြားနယ်တွေမှာပါ သွားရိုက်မှာပါ"ဟု ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က ပြောသည်။

ယင်းဇာတ်ကားအတွက် ဇာတ်လမ်း၊ ဇာတ်ညွှန်းကို သမီးမြတ်ကျော်က ရေးသားပေးထားပြီး ပါဝင်သရုပ်ဆောင်ကြမည့် သရုပ်ဆောင်များအနေဖြင့် မျိုးသန္တာထွန်း၊ ခင်ဇာခြည်ကျော်၊ လင်းဇာနည်ဇော်၊ အောင်လေး၊ တိုင်ရွှန်း၊ လင်းအောင်ခေတ်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

# ယခုသီတင်းပတ်ရဲ့ ရုံတင်ဇာတ်ကားသစ် ည ရုပ်ရှင်ဇာတ်ကားကြီး

ထိတ်လန့်ချောက်ချားဖွယ် ဇာတ်လမ်းမျိုးဖြစ်သည့် ည ရုပ်ရှင်ဇာတ်ကားကြီးကို ပြီးခဲ့သည့် သောကြာနေ့မှ စတင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံကြီးများတွင် ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကြီးတွင် သရုပ်ဆောင်များအဖြစ် ချမ်းမင်းရဲထွဋ်၊ အောင်ရဲထိုက်၊ ရပ်ဆဲလ်၊ ငြိမ်းသော်၊ နက်ရှိုင်းကို၊ နန်းထရေစီ၊ မိုးယသော်၊ မေဆူးမောင်၊ နန်းခေးမိုနှင့် မြတ်နိုးအေးတို့ဖြင့် တင်ဆက်ပုံဖော်ထားခြင်း ဖြစ်သည်။

"ဇာတ်လမ်းကတော့ ကိုယ်ပိုင်ဇာတ်လမ်းစစ်စစ်ပါ။ အဓိကကတော့ ဇာတ်လမ်းကျောရိုးအရ ခပ်ဆင်ဆင်ဇာတ်ကားတွေတော့ အများကြီးရှိတာပါ။ Apirl Fool နေ့ကိုအခြေခံပြီးတော့ ရိုက်ပြထားတာပါ။ အဓိကကတော့ ကိုယ့်တင်ပြမှုပါပဲ။ ကျွန်တော်က ဗီဒီယိုရိုက်တာထက်စာရင် ရုပ်ရှင်ဇာတ်ကားကြီးဆိုရင် ပရိသတ်တွေကလည်း ပိုပြီးတော့ သိလာမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြောင့် ရိုက်ဖြစ်တာ။ ပြီးတော့ ကျွန်တော့်ဇာတ်လမ်းအရ အသစ်တွေနဲ့ရိုက်မှဖြစ်မှာကြောင့် ဇာတ်ဆောင်တွေအကုန်လုံးကို အသစ်တွေချည်းပဲ သုံးထားတာပါ"ဟု ဒါရိုက်တာ ထူးပိုင်ဇော်ဦးက ပြောပြသည်။

ည ရုပ်ရှင်ဇာတ်ကားသည် Good Old Days ထုတ်လုပ်ရေး၏ပွဲဦးထွက်ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားဖြစ်ကာ မြန်မာ့ရုပ်ရှင်လောက၏ မျိုးဆက်သစ်အနုပညာရှင်များစွာဖြင့် ဖန်တီးထားသည့် ရုပ်ရှင်ကားကြီးတစ်ကားလည်း ဖြစ်သည်။ မျက်နှာသစ်သရုပ်ဆောင် ၁၀ ဦးကို ခေါင်းဆောင်တင်ကာ ရိုက်ကူးထားသော ညရုပ်ရှင်ဇာတ်ကားကြီးသည် ဆိုက်ကိုဒရာမာ အမျိုးအစားဖြစ်သည်။

## နိုင်ငံတကာအနုပညာသတင်းတိုများ

❖ ကနေဒါလူမျိုး ကမ္ဘာကျော်ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာက ပြီးခဲ့တဲ့သီတင်းပတ်အတွင်း လက်ရှိပြုလုပ်နေတဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲမှ ကျန်ရှိနေတဲ့ဖျော်ဖြေပွဲတွေအားလုံးကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပါတယ်။ အဲဒီနောက် ပေါ့ပ်ကြယ်ပွင့်ဟာ သူ့ရဲ့တေးဂီတလှုပ်ရှားမှုတွေကို နှစ်နှစ်ခန့်ရပ်နားသွားမှာဖြစ်ကြောင်း လတ်တလောမှာတော့ သတင်းတွေပေါ်ထွက်နေတာဖြစ်တယ်လို့ မစ်ရာဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။ ဒါပေမယ့်လည်း အချို့သောသတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရ ဂျက်စတင်ဘီဘာဟာ လက်ရှိမှာ အနားယူနေတာဖြစ်ပေမယ့် မကြာမီမှာ တေးဂီတလောကအတွင်း ပြန်လည်လှုပ်ရှားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

❖ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် ဟယ်ရီစတိုင်ဟာ အလှဆုံးသောမျက်လုံးနဲ့မေးစေ့ကို ပိုင်ဆိုင်ထားသူဖြစ်ကြောင်း ဗြိတိန်ရဲ့ ခွဲစိတ်ကုသမှုစင်တာကြီးတစ်ခုက လတ်တလောမှာ ကြေညာခဲ့ကြောင်းသိရပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရုံတင်ခဲ့တဲ့ "Dunkirk"မှာ ဇာတ်ဆောင်တစ်ဦးအဖြစ်ပါဝင်ထားပြီး သရုပ်ဆောင်နယ်ပယ်အတွင်း ခြေချလာတဲ့ ဟယ်ရီကို ယင်းအလှအပရေးရာစင်တာကြီးက ကမ္ဘာ့အလှဆုံး မျက်လုံးတစ်စုံနဲ့ မေးစေ့ကို ပိုင်ဆိုင်ထားတဲ့ အမျိုးသားတစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့တာလည်း ဖြစ်ပါတယ်။

❖ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့ဖြစ်တဲ့ "BIGBANG"မှ အဖွဲ့ဝင် T. O. P ဟာ လတ်တလောမှာတော့ စိတ်ပိုင်းဆိုင်ရာမငြိမ်သက်မှုတွေနဲ့ စိုးရိမ်မှုတွေကြောင့် စစ်မှုထမ်းရာမှ ခေတ္တရပ်နားထားရကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။ **(အေးပြည့်)**

# သံလွင်မြစ်ကူးတံတား(တာတမော့) တည်ဆောက်မည့် မြေနေရာသို့ ကယားပြည်နယ်ဝန်ကြီးချုပ် သွားရောက်ကြည့်ရှု



**လွိုင်ကော် ဇူလိုင် ၃၀**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို သည် ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲက ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဝန်ကြီး များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ရှားတောမြို့နယ် စုပေါင်းရုံးအစည်းအဝေး ခန်းမ၌ ပြုလုပ်သည့် မြို့မြေငှားဂရန်ပေးအပ်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်း ရှိုက အဖွင့်အမှာစကားပြောကြားပြီး ရှားတောမြို့ရှိ မြေငှားဂရန် လျှောက်ထားသူ ၁၈ ဦးအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေ ချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက မြေငှားဂရန်များပေးအပ်ခဲ့သည်။

ဆက်လက်၍ ရှားတောမြို့နယ်ရှိ ဒေသခံတိုင်းရင်း သားပြည်သူများနှင့်တွေ့ဆုံပြီး တိုင်းရင်းသားပြည်သူ များ၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ရရှိရေး၊ မြို့တွင်းလမ်းမီးရရှိရေး၊ လယ်ယာစိုက်ပျိုး ရေးအတွက် လုံလောက်သောရေရရှိရေး၊ ဆရာ၊ ဆရာမများ၏ ဝန်ထမ်းအိမ်ရာရရှိရေး၊ ဆက်သွယ် ရေးတာဝါတိုင်များရရှိရေး၊ ကျောင်းအဆင့် တိုးမြှင့် ပေးရေးစသည့်တင်ပြချက်များနှင့်စပ်လျဉ်း၍ သက် ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ အ-ထ-က(ရှားတော)မူလ တန်းခွဲကျောင်းအတွက် အလှူငွေ ကျပ်ငါးသိန်း အား ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိ သူများသည် ရှားတောမြို့နယ် အားကစားကွင်း တည်ဆောက်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ရှားတောမြို့ရှိ ရေပူစမ်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် ရှားတောမြို့နယ် စလောင်းကျေးရွာ မူလတန်းကျောင်း သင်ကြား သင်ယူနေမှုနှင့် ဆရာ၊ ဆရာမများ ဝန်ထမ်းအိမ်ရာအား ကြည့်ရှုစစ်ဆေး ၍ ဝန်ထမ်းအိမ်ရာလုံလောက်စွာ ဖြည့်ဆည်းပေးနိုင် ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ကာ ကျောင်းသား၊ ကျောင်းသူများ အာဟာရကျွေးမွေး ရန် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် ကယားပြည်နယ်၏ ဒုတိယမြောက် သံလွင်မြစ်ကူးတံတားဖြစ်သော သံလွင်မြစ်ကူး တံတား(တာတမော့) တည်ဆောက်မည့် အဆိုပြု မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် ရှားတောမြို့ရှိ လေးခန်းတွဲသုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေ အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပွန်းချောင်း ကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းအဝင် လမ်း ကျောက်ခင်းလမ်းဆောင်ရွက်နေမှုအား ကြည့်ရှု စစ်ဆေးကာ ကျောင်းအဝင်လမ်း ကွန်ကရစ်လမ်း ခင်းရန် ကုန်ကျငွေ ၃၅ သိန်းနှင့် ရေကန်တည် ဆောက်ရန် ကုန်ကျငွေကျပ် ၁၀ သိန်း စုစုပေါင်း ကျပ် ၄၅ သိန်းအား ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များထံ ပေးအပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။ **ပြည်နယ်ပြန်/ဆက်**

## ဒေသတွင်းငါးစားသုံးမှုဖူလုံစေရန် ရေဘုတ်ရေလှောင်တမံအတွင်း ငါးမျိုးစိုက်ထည့်

**ဘားအံ ဇူလိုင် ၃၀**
ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ် ရေလှောင်တမံအတွင်းသို့ ဒေသတွင်းငါးစားသုံးမှုဖူလုံစေရန် ငါးမျိုးများစိုက် ထည့်သည့်အခမ်းအနားကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ သည်။

ငါးမျိုးစိုက်ထည့်သည့်အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးစောအောင်ရဲထွန်းလွင်နှင့် ပြည်နယ် အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရေဘုတ်ရေလှောင်တမံအနီးရှိ ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြပြီး ငါးမျိုး စိုက်ထည့်မှုအနေဖြင့် ငါးသားပေါက် ငါးမြစ်ချင်းကောင်ရေ သုံးသောင်း၊ ငါးခုံးမကြီးကောင်ရေ နှစ်သောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ငါးသောင်းအား ငါးမျိုးစိုက်ထည့်ခဲ့ကြသည်။

ငါးမျိုးထိန်းသိမ်းရန်နှင့် အရှည်တည်တံ့ပြန့်ပွားစေရန် ရေဘုတ်ရေ လှောင်တမံအတွင်း နှစ်စဉ်နှစ်တိုင်း ငါးမျိုးများစိုက်ထည့်ခဲ့ပြီး စိုက်ထည့် လိုက်သည့် ငါးမျိုးများ ရှင်သန်ပေါက်ပွား၍ ရေလှောင်တမံမှ ရေလွှတ် သည့်အခါ အင်းအိုင်ချောင်းမြောင်းများသို့ရောက်ရှိကာ ပြည်သူလူထုမှနေ ၍ အလွယ်တကူဖမ်းယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာန အနေဖြင့် ငါးမျိုးများကို အခမဲ့စိုက်ထည့်ပေးခြင်းဖြစ်သည့်အတွက် ပြည်သူ လူထုမှလည်း အခမဲ့ဖမ်းယူစားသောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ် အတွင်းရှိ မြစ်၊ ချောင်း၊ မြောင်း၊ အင်း၊ အိုင်နှင့် တောင်သူများ၏ လယ်ကွက် များအတွင်းသို့ ငါးသားပေါက်ကောင်ရေ ခုနှစ်သိန်းခန့်အား ငါးမျိုးများ ပြန့်ပွားစေရေးအတွက် အခမဲ့စိုက်ထည့်ပေးသွားမည်ဖြစ်ပြီး ဇွန်လနှင့် ဇူလိုင်လအတွင်း ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ တီလားပီးယား၊ ရွှေဝါငါးကြင်း ငါးသားပေါက် ကောင်ရေ ငါးသိန်းခြောက်သောင်းခန့်အား ငါးမျိုးစိုက်ထည့် ပြီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် ဇူလိုင် ၃၀**
အထွေထွေရောဂါကုဆရာဝန်များအတွက် Thyroid Disorders သင်တန်း ကို ဩဂုတ် ၅ ရက်နှင့် ၆ ရက်တွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (အေ)၌ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသော ဆရာဝန်များသည် ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအတွင်း ကိုယ်တိုင်စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။ **ကြေးမုံ**

## တာမွေမြို့နယ်အတွင်းရှိ မုန့်ကြိတ်စက်၊ မုန့်ဟင်းခါးဖိုနှင့် ပဲပင်ပေါက် ပဲပြားစက်ရုံများအား စစ်ဆေး

**တာမွေ ဇူလိုင် ၃၀**
ရန်ကုန်တောင်ပိုင်းခရိုင် စည်ပင်သာယာအုပ် ချုပ်ရေးမှူး၏စီမံမှုဖြင့် တာမွေမြို့နယ်စည်ပင် သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် တာဝန်ရှိ သူတို့သည် မြို့နယ်အတွင်း၌ထုတ်လုပ်ရောင်းချ လျက်ရှိသည့် မုန့်ကြိတ်စက်နှင့် မုန့်ဟင်းခါးဖို လေးဖို၊ ပဲပင်ပေါက်ပဲပြားစက်ရုံနှစ်ရုံနှင့် ခေါက် ဆွဲစက်ရုံတစ်ရုံတို့အား FDA မှ တားမြစ်ထားသည့် ဖော်မလင်ဆေးနှင့် အခြားဓာတုဗေဒဆေးဝါး များသုံးစွဲကာထုတ်လုပ် ဖြန့်ချိရောင်းချမှု ရှိ-မရှိ ကို ဇူလိုင် ၂၉ ရက်ညနေပိုင်းက မြို့နယ်အတွင်း ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

"အများပြည်သူစားသုံးသူတွေအတွက် ဘေး ဥပဒ် မဖြစ်စေရေး ကြိုတင်ပြီးသတိပေး နို့တစ် စာတွေပို့ထားပြီးပါပြီ။ ဓာတုဆေးတွေအသုံးပြုပြီး ထုတ်လုပ်ရောင်းချမှုမပြုပါ" ဟု လက်မှတ်ထိုး မှတ်တမ်းတွေလဲရှိပါတယ်။ စားသုံးသူအကာ အကွယ်ပေးရေးအဖွဲ့က ချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းနဲ့အညီ ထုတ်လုပ်ရောင်းချဖို့၊ စည်း ကမ်းဖောက်ဖျက် စစ်ဆေးတွေ့ရှိရင်ပြင်းထန်စွာ အရေးယူမည့်အပြင် စည်ပင်သာယာဥပဒေနဲ့ အညီ လိုင်စင်ပိတ်သိမ်းသွားမှာဖြစ်ပါတယ်။ ဒါ့ ကြောင့် လုပ်ငန်းရှင်များကို ကျန်းမာရေးနှင့်ညီ ညွတ်သည့်စားသောက်ကုန်များ ထုတ်လုပ်ရောင်း ချကြရန်စစ်ဆေးခြင်းနှင့် ပညာပေးခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင် သာယာအုပ်ချုပ်ရေးမှူးဦးသန်းဦးက ပြောကြား သည်။ **မောင်မောင်**

## ပြည်သူများအား ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးရှင်းလင်း

**တနင်္သာရီ ဇူလိုင် ၃၀**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း ကြက်ငှက်တုပ် ကွေးရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် မြို့နယ်အတွင်းမှ ကြက်မွေးမြူသူများ၊ ကြက်ဥ၊ ကြက်သားရောင်းချသူများနှင့် ရပ် ကွက်၊ ကျေးရွာအသီးသီးမှ ဒေသခံပြည်သူ များအားလုံး (H5N1)/(H1N1) ကြက်ငှက် တုပ်ကွေးရောဂါအကြောင်း ကျယ်ကျယ် ပြန့်ပြန့်သိရှိစေရန် အသိပညာပေး ရှင်းလင်း ဟောပြောပွဲကို တနင်္သာရီခန်းမအတွင်း၌ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ပြုလုပ်ခဲ့သည်။

ရှေးဦးစွာတိုင်းဒေသကြီးလွှတ်တော် ကိုယ် စားလှယ်(၂) ဦးရဲမြင့်ဆွေက ကြက်ငှက် တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကုသခြင်း ထက် ကြိုတင်ကာကွယ်ခြင်းက ပို၍ ထိရောက် မည်ဖြစ်၍ မိဘပြည်သူများမှပူးပေါင်းပါဝင် ကြဖို့ လိုအပ်သလို မိမိတို့ဘက်မှလည်းတတ် နိုင်သလောက် စွမ်းဆောင်ပေးမည်ဖြစ် ကြောင်းပြောကြားခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်က ပြည်သူအများအကျိုးကို ထိခိုက်စေနိုင်မည့် တားမြစ်ထားသည့်ပစ္စည်းများ၊ ရောနှော ပစ္စည်းများကို ရောင်းချပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဇူလိုင် ၂၈ ရက်မှစ၍ မိမိတို့မြို့နယ်အတွင်း ကြက်သား၊ ကြက်ဥများ ရောင်းချခွင့် မပြု တော့ကြောင်း သိရှိလိုက်နာနိုင်ရန် ရှင်းလင်း ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကုသရေးမှူး ဒေါက်တာလင်းထိုက်က ကြက်၊ ငှက်၊ ဝက် တုပ်ကွေးသည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့်အလွယ်တကူ အန္တရာယ်ရှိသော ကူးစက်မြန်ရောဂါဖြစ်ကြောင်း၊ ရောဂါ၏ လက္ခဏာ၊ ရာဇဝင်များကြိုတင်ကာကွယ် နည်းများနှင့်လက်ဆေးနည်း၊ နှာခေါင်း ပိတ်စည်းနည်းများကို လက်တွေ့သရုပ်ပြရှင်း လင်းပေးခဲ့သည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးအရာရှိဒေါက်တာဇော်မြင့် အောင်က အပြင်းစား ကြက်၊ ငှက်တုပ်ကွေး အကြောင်းကို Power Point ဖြင့် ရှင်းလင်း ဟောပြောခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ် တော်ကိုယ်စားလှယ် (၂) ဦးရဲမြင့်ဆွေ၊ မြို့ နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု အသီးသီးမှအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် စာရေးများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

အခမ်းအနားသို့ တက်ရောက်လာသူများ အား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနတို့မှ ကြက်ငှက်တုပ်ကွေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## H1N1 ရာသီတုပ်ကွေးကြိုတင်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်နှင့် mask များအခမဲ့ဖြန့်ဝေ

**ငါးသိုင်းချောင်း ဇူလိုင် ၃၀**
ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိအများပြည်သူ စည်ကားရာ မြို့မဈေး၊ ရွှေတောင်လမ်းနှင့် မြဝတီ လမ်း လမ်းဆုံနှင့်ငါးသိုင်းချောင်းမြို့ပြည်သူ့ ဆေးရုံအတွင်းတို့တွင် ဇူလိုင် ၃၀ ရက် နံနက်ပိုင်း က အာယုပါလဆေးနှင့် သွေးအလှူတော်အဖွဲ့မှ လူမှုရေးအသင်းအဖွဲ့ဝင်များက ဒေသခံပြည်သူ များ H1N1ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာ ကွယ်ရေးအတွက် အသိပညာပေးလက်ကမ်းစာ စောင် စောင်ရေ ၄၀၀၀ နှင့် mask နှာခေါင်းစည်း အခုရေ ၄၀၀၀ ကို အခမဲ့စုပေါင်းဖြန့်ဝေပေး လျက်ရှိကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ငါးသိုင်းချောင်းမြို့ အာယုပါလဆေးနှင့် သွေးအလှူတော်အဖွဲ့မှ အသင်းဝင်ဦးကိုဇော်က နေ့စဉ်ဆက်သွယ်သွား လာလှုပ်ရှားနေကြသော ဒေသခံပြည်သူများ ရာသီတုပ်ကွေးရောဂါကို ကျန်းမာရေးအသိပညာ များရရှိသတိပြုမိ၍ ရောဂါကြိုတင်ကာကွယ်နိုင် ရန် ယခုကဲ့သို့ အသင်းဝင်များစုပေါင်း၍ အများ ပြည်သူစည်ကားရာနေရာများနှင့် ကြိုတင်ကာ ကွယ်မှုလိုအပ်သောနေရာများတွင် လက်ကမ်း စာစောင်နှင့် mask များကို အခမဲ့လိုက်လံဖြန့်ဝေ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြား သည်။ **စိုးမင်းဦး(ပြန်/ဆက်)**






# ၁၇ နှစ်မြောက်ထုတ်ဝေခြင်း

## ရန်ကုန်စီးပွားရေးလမ်းညွှန်
## မန္တလေးစီးပွားရေးလမ်းညွှန်

YANGON MANDALAY BUSINESS DIRECTORY DESKTOP & MOBILE APP 2017

တကယ် အသုံးတည့်တဲ့ လမ်းညွှန်

မြန်မာပြည် မြို့ပေါင်း ၁၃၀၊
လုပ်ငန်းအမျိုးအစား ၈၀၀ ကျော်၊
လုပ်ငန်းလိပ်စာပေါင်း ၂ သိန်းကျော်ပါဝင်ပါသည်။

Windows စနစ်သုံးကွန်ပျူတာများအတွက်
Desktop App CD ကိုအခမဲ့ရယူနိုင်ပါသည်။
www.myanmarbusinessdirectory.com
မှာလည်း Download ရယူနိုင်ပါသည်။

---

**ကိုသန့်ဇင်**
**CAR RENTAL**
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

---

**ယာဉ်မောင်းအလိုရှိသည်**
လိုင်စင်သက်တမ်း အနည်းဆုံး (၃)နှစ်၊ အသက်(၃၀မှ ၅၀)အတွင်း၊ ဗဟန်းမြို့နယ်အနီးနေထိုင်သူ ဦးစားပေးမည်။
ဖုန်း-၀၉-၂၅၄၁၉၁၃၀၄

---

**ဆုံသစ္စာ**
**CAR RENTAL**
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
Ph: 09799566761
095504667

---

Organizer by CREATION STRENGTH CO., LTD. Partnership : Myanmar's Best Property Website House.com.mm

# MEGA EXPO
HOUSING | LIVING | CAR SHOW

**DATE :**
**5-10-2017 to 8-10-2017**
**TIME : (9:00) am to (6:00) pm**
**PLACE : Tattmataw Hall, Uwisara Road, Yangon.**

19(B), PARAMI ROAD, SOUTH OKKALAPA TSP, YANGON. 09-450045003, 09-450050005, 09-450055888, 09-250513383

---

# BBA စီးပွားရေးစီမံခန့်ခွဲမှုပညာဘွဲ့

MCC.i



MCC Institute နှင့် ထိုင်းနိုင်ငံ SIAM University တို့ ပူးပေါင်းသင်ကြားသော Twinning Program ဖြစ်ပါသည်။ SIAM University သည် ထိုင်းနိုင်ငံ၏ စတုတ္ထမြောက်အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်ကြီးတစ်ခုဖြစ်ပြီး အမေရိကန်နိုင်ငံတက္ကသိုလ်များနှင့် ချိတ်ဆက်ထားပြီး အမေရိကန်တက္ကသိုလ်များ၏ Curriculum အတိုင်း သင်ကြားပါသည်။

**သင်တန်းကာလ (၄) နှစ်**

- ပထမနှစ် MCC Institute
- ဒုတိယနှစ် MCC Institute
- တတိယနှစ် SIAM University
- စတုတ္ထနှစ် SIAM University

**ဆက်လက်တက်ရောက်နိုင်သော သင်တန်းများ**

(1) International Business Management
(2) Service Industry Management

ထူးချွန်ကျောင်းသူ၊ ကျောင်းသားများကို ပညာသင်ဆု (Scholarship) ပေးမည်ဖြစ်၍ Online မှ လျှောက်ထားနိုင်ပါသည်။
www.facebook.com/mcc.institute

**Call - 01-246634, 245762 Opening Date - August 1**

---

Customer များရရှိမည်အားသာချက်

# DREAM ALUMINUM

လက်လီလက်ကားဝယ်ယူသူများရရှိမည်အားသာချက်

- Euro System 45° ထောင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့်သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊လေလုံ၊ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ပြေးလမ်းအောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ အေးချော်မထွက်ခြင်း။



- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ခန့်ညားခြင်း၊ လူအင်အား အသုံးပြုရနည်းခြင်း။
- လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် နိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ချောင်း၊ Acessories နှင့် စက်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

**Dream Aluminium** မှ Marketing (မ) ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရဖြစ်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။



**Frame နှင့် Accessories** များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၃/၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664




**Shwe Taung Group** မှ ဆောက်လုပ်လှူဒါန်းသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ ငွေးပင်တောရွာ
အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (RC) ၁-ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားနှင့်
စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ ထီးဆောင်းကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ပြန်လည်မွမ်းမံပြင်ဆင်လှူဒါန်းခြင်းအခမ်းအနားတို့အား
၂၆-၇-၂၀၁၇ ရက်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -

- **U Ni (Managing Director)**
  Shwe Mi Industrial Co., Ltd.
- **U Kyaw Khaing (Chairman (CEO))**
  Myanmar AHla Construction Group
- **U Kyin Tun (Managing Director)**
  Newest Garment Manufacturing Co., Ltd.
- **U Aung Thein (Managing Director)**
  Aung Thiha Co., Ltd.
- **U Kyaw Aung (Managing Director)**
  BENHUR Trading Co., Ltd.
- **U Aye Thaung (Director)**
  Comet Co., Ltd.
- **U Maung Maung Gyi (Managing Director)**
  Maung Maung Gyi Construction & Trading Co., Ltd.
- **Dr. Aung Lwin (Managing Director)**
  Pyi Phyo Tun International Co., Ltd.
- **U Thein Han (Chairman)**
  Myanmar Edible Oil Dealers' Association
- **U Tin Latt (Managing Director)**
  Sein Diamond Paint Co., Ltd.
- **U Tun Lwin (Managing Director)**
  Shwe Me Co., Ltd.
- **U Kyi Soe (Managing Director)**
  Khit Thit Trading Co., Ltd.
- **U Myint Maung (Managing Director)**
  Hmwe Plastic Bag Enterprise Co., Ltd.
- **U Soe Hlaing (Managing Director)**
  Taunggyi Gem-Master Enterprise Ltd.
- **U Maung Maung Oo (Managing Director)**
  Shwe Super Light Co., Ltd.
- **U Kyaung Yu Wan (Vice Chairman)**
  Great Ayeyarwaddy Co., Ltd.
- **U Min Ko Oo (Managing Director)**
  Ngwe Moe Family Co., Ltd.
- **U Myo Thant (Director)**
  Myo Thatn Aung Trading Co., Ltd.
- **U Myint Thein (Managing Director)**
  REVA Co., Ltd.
- **U Soe Paing (Chairman)**
  Paing Family International Co., Ltd.
- **U Tin Maung Soe (Director)**
  Pyae Sone Trading

# STRATEGY FIRST INSTITUTE

EDINBURGH
BUSINESS SCHOOL
HERIOT-WATT UNIVERSITY

# MBA

| စက်တင်ဘာတန်းခွဲသစ်စမည် |



STRATEGY FIRST INSTITUTE is an approved learning partner of Edinburgh Business School.

# 8, Panchan Tower, Myaynigone, Sanchaung Township, Yangon.
# 239, Pyay Road, Near Myaynigone City Mart, Sanchaung Township, Yangon.

CALL NOW: (09) 450 1777 70 , (09) 250 7171 68


JASMINE PALACE HOTEL
YANGON · MYANMAR
(၁ – ၈ – ၂၀၁၇) မှစ၍
JASMINE PALACE HOTEL YANGON
30% OFF
ကမ္ဘောဇဘဏ်ကတ်အသုံးပြုသူများ
အတွက် အထူးအစီအစဉ်
(အခန်းအမျိုးအစားအားလုံးအပါအဝင် စားသောက်ဆိုင်များနှင့်
Jasmine Spa အတွက်ခံစားခွင့်ရှိပါသည်။)
KBZ BANK
JASMINE NGAPALI RESORT
(၁ – ၁၁ – ၂၀၁၇) မှစ၍
JASMINE NGAPALI RESORT
341 Pyay Road, Sanchaung Township, Yangon, Myanmar
Tel : +95 (1) 230 4402-03 , Fax : +95(1) 230 6398-99
For more information : info@jasminepalacehotel.com
For Reservation : rsvn1@jasminepalacehotel.com, rsvn2@jasminepalacehotel.com
www.jasminepalacehotel.com


တောင်သူဦးကြီးများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း ...
တရုတ်နိုင်ငံထုတ်
TD95
မြင်းကောင်ရေ (၉၈)
တောင်သူဦးကြီးများအတွက် TT4.90, TD95
နယူးဟော်လန်လယ်ထွန်စက်များကို
ဩဂုတ်လဆန်းမှစတင်ပြီး
ရိုးမဘဏ်နှင့်ချိတ်ဆက်၍
၅ နှစ်အရစ်ကျစနစ်ဖြင့်
အဆင်ပြေစွာဝယ်ယူ အသုံးပြုနိုင်ပြီဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
အိန္ဒိယနိုင်ငံထုတ်
TT4.90
မြင်းကောင်ရေ (၉၀)
“ လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းဖို့ နယူးဟော်လန် ထွန်စက်များကို သုံးကြစို့ ”
နယူးဟော်လန် TT75, TD90 လယ်ထွန်စက်များကို
သက်ဆိုင်ရာ စက်မှုလယ်ယာစခန်းများနှင့် ချိတ်ဆက်၍ ၁၀% ကနဦးပေးသွင်းပြီး
(၃) နှစ် (၇) ရစ်ဆပ်စနစ်ဖြင့် ဝယ်ယူနိုင်ပါသည်
YOMA
STRATEGIC HOLDINGS LTD.
CPCL
NEW HOLLAND
AGRICULTURE
တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီ
ရန်ကုန်ရုံးချုပ် : အမှတ် (၁၁၅၉)၊ (အက်ဖ်အမ်အိုင်) ပဒေသပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဆက်သွယ်ရန်ဖုန်း - ရန်ကုန် - ၀၁ - ၆၈၇၀၀၂~၃၊ ၆၈၇၈၈၁။
နယ်ရုံးခွဲများ : မန္တလေး - ၀၉ ၄၃၀၁၄၄၅၂၊ နေပြည်တော် - ၀၉ ၄၄၈၅၄၁၄၅၈၊ ပုသိမ် - ၀၉၇၈၄၃၅၀၁၉၇၊ တောင်ကြီး - ၀၉ ၄၅၇၄၅၅၄၀၉၊ နောင်ချို - ၀၉ ၄၅၇ ၄၅၅၄၀၈၊ မောင်းကုန်း - ၀၉ ၇၇၁ ၃၄၃၂၃၈၊ ပခုက္ကူ - ၀၉ ၄၅၇ ၄၅၅၄၁၀၊ ပြည် - ၀၉ ၇၈၃ ၃၈၈၀၅၇၊ မကွေး - ၀၉ ၇၆၁ ၀၉၅၀၂၄၊ ဟင်္သာတ - ၀၉ ၄၅၃၂၃၅၈၈၀၊ မအူပင် - ၀၉ ၇၇၃၈၂၆၅၇၉၊ မိတ္ထီလာ - ၀၉၇၇၉၉၇၇၈၂၀၊ လှိုင်ကော် - ၀၉ ၇၆၉၂၀၅၂၉၂၊ ရွှေဘို - ၀၉ ၉၆၃၄၇၃၉၄၃။
မြင်းကောင်ရေ ၄၅ ကောင်မှ ၁၈၀ ထိ
နယူးဟော်လန်လယ်ထွန်စက်များကို
အဆင်ပြေစွာဝယ်ယူနိုင်ပါသည်။

## ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း

**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)၏**
**ရာသက်ပန်အသင်းဝင်နှင့် သက်ကြီးကန်တော့ခံ**

**ဒေါ်အုန်းရွှေ**
**အသက်(၁၀၄)နှစ်**

ဆရာကြီး(ဦးဘန္ဒယ်)၏ဇနီး ဘုရား၊ ရဟန်း၊ ပိဋကတ်သုံးပုံ၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အုန်းရွှေ အသက်(၁၀၄)နှစ်သည် ၂၈-၇-၂၀၁၇ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)**

### ဝမ်းနည်းကြေကွဲခြင်း

**ဦးစိုင်းတင်မြင့်**
**အသက် (၆၉) နှစ်**
**(73-B.Arch)**

မနန်းချစ်ချစ် (၇၆-ဗိသုကာ)၏ခင်ပွန်းဖြစ်သူ ဦးစိုင်းတင်မြင့်သည် ၂၇-၇-၂၀၁၇ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၇၃-ဗိသုကာသူငယ်ချင်းများ**

## သင့်
## သွေးဖြင့်
## အသက်ကယ်ပါ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးမောင်သန်း (ပြည်မြို့)
**အသက် (၉၀)**

ပြည်မြို့၊ အမှတ်(၆၅၅)၊ ပွဲစားလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ ဒေါ်ခင်နွဲ့(ရွှေဟင်္သာခမောက်ဆိုင်နှင့် ရွှေဗိမာန်သက်န်းတိုက်)၏ ချစ်လှစွာသောခင်ပွန်း၊ ပြည်မြို့နေ ဦးမျိုးမြင့်ဦး-ဒေါ်မာလာကျော်(မျိုးရောင်းဝယ်ရေး)၊ ဦးသန်းဌေး(ဒု-ညွှန်မှူး၊ ငွေစာရင်း-ငြိမ်း၊ ဆ/မ)-ဒေါ်မွန်မွန်သန်းတို့၏ ဖခင်၊ ကိုစည်သူသန်းဌေး-မမီမီခိုင်မွန်၊ ကိုဝေဟင်သန်းဌေး-မယဉ်ယဉ်သန်း၊ ကိုပြည့်ဖြိုးဇင်-မဝေမွန်မွန်အောင်၊ ကိုရဲထက်အောင်တို့၏အဘိုး၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီး ဦးမောင်သန်းသည် ၃၀-၇-၂၀၁၇ (တနင်္လာနေ့) ညနေ ၃း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် အေးငြိမ်းရာသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဦးသိုက်(ခ)ပေကုတ်တိတ်
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၄၄)နေ ဒေါ်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ခင်လေး (ညောင်ပင်လေးဈေး)၊ ဒေါ်ခင်ခင်အေး(နှင်းရွှေခင်)၊ ဦးအောင်အောင်-ဒေါ်စန္ဒာသိန်း၊ ဒေါ်ခင်ခင်ဌေး-ဦးမင်းသူတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မထက်ဦးခင်၊ မလဲ့ရတီလင်း၊ မမေသန္တာအောင်တို့၏အဘိုး ဦးသိုက်သည် ၃၀-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၈း၃၅နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၇ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ကိုအာကာဝင်း
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၁၃၃၅)၊ မြေညီ(ခေါင်းရင်းခန်း)နေ ဦးခင်မောင်စိုး-ဒေါ်မိမိခင်တို့၏ သားကြီး၊ ဒေါ်ခင်စု(မှော်ဘီ)၏ တူသား၊ ကိုရာဇာဝင်း-မချိုချိုစန်း၊ ကိုသူရဝင်း၊ မအိအိခင်တို့၏ အစ်ကိုကြီး၊ မကေခိုင်ဇော်တင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စည်သူနိုင် (အလက-၂၊ တာမွေ)၊ မချောငယ်ငယ်(ခ)လဝန်းဖြူ (အမက-၂၊ ဒဂုံဆိပ်ကမ်း၊ ၈၈-ရပ်ကွက်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ တူ/တူမ လေးယောက်တို့၏ဘကြီး ကိုအာကာဝင်းသည် ၃၀-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၈း၃၆နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၇ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုသတင်းထုတ်ပြန်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ စတင်ကျရောက်ဖြစ်ပွားခဲ့ရာ ၂၀၁၆ခုနှစ်ထိ စုစုပေါင်း(၈)ကြိမ် ကျရောက်ဖြစ်ပွားခဲ့ပြီးဖြစ်ပါသည်။

၂။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်ကွက်ရှိ ကြက်မွေးမြူရေးခြံတွင် Influenza Type A/ H5N1 Positive ကျရောက်ခဲ့ကြောင်းကို(၂၆-၇-၂၀၁၇)ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာ ထိန်းချုပ်နိုင်ရန်အတွက် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်ပါလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

၃။ (၂၈-၇-၂၀၁၇)ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၌ မွေးမြူထားသော ဒေသကြက် သေဆုံးခဲ့သဖြင့် ပေးပို့လာသောရောဂါနမူနာပစ္စည်းများကို ရန်ကုန်မြို့၊ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် မော်လီကျူလာနည်း(RT-PCR & Real Time PCR)ဖြင့်စစ်ဆေးခဲ့ရာ Influenza Type A/ H5N1 Positive ဖြစ်ကြောင်းကို(၂၉-၇-၂၀၁၇)ရက်တွင် အတည်ပြုနိုင်ခဲ့ပြီး ရောဂါဖြစ်ပွားမှုအားထိန်းချုပ်နိုင်ရန် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးစီမံချက်ပါလုပ်ငန်းစဉ်များနှင့်အညီဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

၄။ အခြားသောတိုင်းဒေသကြီး/ပြည်နယ်များရှိကြက်၊ ငှက်များတွင်သာမက လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရန် အတွက် အောက်ပါအချက်အလက်များအားလိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်-

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ငှက်၊ ဘဲ၊ ငုံးများဆက်စပ်ထိတွေ့မှုမရှိစေရေးဂရုပြုဆောင်ရွက်ရန်။
(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကိုအထူးဂရုပြုဆောင်ရွက်ရန်။
(ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်ဘဲအရှင်ဈေးများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။
(ဃ) ကြက်မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကိုကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများဆောင်ရွက်ရန်။
(င) ကြက်၊ ငှက်၊ အသား၊ ဥ စသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှစားသုံးရန်။
(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။
(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားနေကြောင်းကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်များ အရသိရှိရပါသည်။ သို့ဖြစ်ပါ၍ ကြက်/ဘဲ/ငုံးမွေးမြူရေးခြံများကို ဇီဝလုံခြုံမှုစနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲနှင့် ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကိုအထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများစနစ်တကျဝတ်ဆင်ရန်၊
(ဃ) ကြက်ငှက်များကိုကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(င) အသား၊ ဥတို့ကိုသေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်၊
(စ) ကြက်ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့်ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အနိစ္စ

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### Pu Hau Kho Pau
**လ/ထမန်နေဂျာ၊ စား/ထွေ(ငြိမ်း)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် (၉/၂၈)နေ (Pu Pum Kham-Pi Niang Lian) တို့၏သား၊ Pi Ning Lian Vung ၏ ချစ်လှစွာသောခင်ပွန်း၊ U Kham Siam Kam, Daw Lian Go Cing (စာကြည့်တိုက်မှူး၊ ကလေးတက္ကသိုလ်), Daw Cing Za Niang (USA), Daw Vung Hau Man, Daw Lang Go Ciin, U Sian Lian Mung(USA)တို့၏မွေးသဖခင်၊ Tg Do Sian Piang (Second Year-Physics၊ ကလေးတက္ကသိုလ်)၊ Lia Vung En Lun (Grade-VIII) တို့၏အဘိုးသည် ၂၉-၇-၂၀၁၇ ရက် ည ၇း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၈-၂၀၁၇ ရက် မွန်းလွဲ ၁နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ရေဝေးဓမ္မရိပ်သာ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်၊ TBC-Y ဘုရားကျောင်း၊ ယုဇနဥယျာဉ်မြို့တော် (ပိတောက်ကွေ့)၊ ဓမောန္နေလ ဘုရားကျောင်းရှေ့တို့မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသက်ဝင်း (၇၉)နှစ်
**(ကုန်သွယ်/လယ်ယာ-ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ချောင်းကြီးကျေးရွာနေ (ဦးထွန်းတင်-ဒေါ်သိန်း)တို့၏သား၊ ဦးပြောင်းမောင်-ဒေါ်ရင်နုတို့၏မောင်၊ အမှတ် (C/3)၊ အထက်ပုဇွန်တောင်လမ်း၊ ကူးတို့ဆိပ်ရပ်ကွက်၊ စက်ဆန်းရုံးလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ကြီးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမိုးနိုင်-ဒေါ်မျိုးသီတာ၊ ဦးအေးမင်းထွန်း-ဒေါ်ထိုက်စံတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၁၇ (စနေနေ့) ညနေ ၄း၄၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ဖြိုးပြည့်ပိုင်(ခ) ဆရာမ ဒေါ်ဌေးဌေး(ပဲခူး)
**အသက်(၅၂)နှစ်**

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ (၆) ရပ်ကွက်၊ ဆည်မြောင်းကျောင်းလမ်း၊ အမှတ် (၃၆၉)နေ ဦးမင်းဆွေဦး-(ဒေါ်မြရွှေ)တို့၏ သမီး၊ ဟင်္သာတမြို့နေ ဦးခင်မောင်သောင်း - ဒေါ်စိန်စိန်၊ ဥဿာမြို့သစ်၊ (၁၅)ရပ်ကွက်၊ (၂) လမ်းနေ (ဦးခင်ထွန်း)-ဒေါ်တင်ဝင်း၊ ပဲခူးမြို့၊ ကျောက်ကြီးစုနေ (ဦးလှကြည်)-ဒေါ်သန်းလှ၊ ဇောင်းတူကျေးရွာနေ (ဦးစန်းကြည်)-ဒေါ်လှလေး၊ ကျောက်ကြီးစုရပ်ကွက်နေ ဒေါ်တင်ပြုံး၊ ဥဿာမြို့သစ် (၂)ရပ်ကွက်နေ ဦးသန်းထွန်း-ဒေါ်ညွန့်ညွန့်၊ ရွာသစ်ရပ်ကွက်နေ (ဦးမျိုးမြင့်-ဒေါ်ညွန့်ညွန့်)၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးရဲမြင့်-ဒေါ်ခင်ဆန်းအေး)တို့၏တူမ၊ ဒေါ်ဝေဝေသန့်၊ မင်္ဂလာဒုံမြို့နယ်နေ ဦးမင်းထွဋ်ဦး-ဒေါ်ဌေးဌေးရီ၊ ဦးနေမျိုးကျော်-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ယဉ်ယဉ်သန့်တို့၏ ညီမ၊ မယဉ်ယဉ်သူ၏အစ်မ၊ တူ/တူမ သုံးယောက်တို့၏အဒေါ် ဒေါ်ဖြိုးပြည့်ပိုင်(ခ) ဆရာမဒေါ်ဌေးဌေးသည် ၂၉-၇-၂၀၁၇ (စနေနေ့)နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၇(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ဆည်မြောင်း ကျောင်းလမ်းနေ ဦးမင်းဆွေဦး၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ [၄-၈-၂၀၁၇ (သောကြာနေ့)တွင် ဦးမင်းဆွေဦး၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးတိတ်ရှိန် (မြိတ်မြို့)
**အသက် (၈၅)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ကြံခင်းလမ်း၊ အမှတ်(၂၂)၊ လေးလွှာနေ ဒေါ်သန်းရီ(ခ)ဒေါ်ချုပ်၏ခင်ပွန်း၊ ဦးတင်ဝေ-(ဒေါ်ခင်ချိုထွန်း)၊ ဦးစိန်အီ-ဒေါ်မြမြဝင်း၊ ဒေါက်တာလှဝင်း-ဒေါ်စန်းစန်းလွင်၊ ဦးမြင့်နိုင်-ဒေါ်စန်းစန်းမော်၊ ဦးခင်မောင်ထွေး-ဒေါ်မြင့်မြင့်မော်၊ ဦးမြင့်စိုး-ဒေါ်အေးအေးအောင်တို့၏ဖခင်၊ မြေး ၁၅ယောက်တို့၏အဘိုး၊ မြစ်သုံးယောက်တို့၏အဘေးသည် ၃၀-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ထိန်ပင် သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၇ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်နု
### သံတွဲ/သန်လျင်
**အသက် (၇၅)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့နေ (ဦးမောင်အေး-ဒေါ်အေးလှ)တို့၏ သမီး၊ (ဦးဘထွန်း-ဒေါ်သိန်းကြွယ်)တို့၏ သမီးချွေးမ၊ ဒေါ်သောင်းနု၏ ညီမ၊ ဒေါ်တင်နု၏ အစ်မ၊ သန်လျင်မြို့၊ ထားမလုံ၊ လက်ယက်စမ်းကျေးရွာ၊ ခြံအမှတ်(၂၁)နေ (ဦးသောင်းထွန်း)၏ဇနီး၊ (ဦးမောင်မောင်မြင့်)-ဒေါ်သင်းသင်းအေး၊ ရဲမှူးကြီး ဝင်းဗိုလ် (ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး)-ဒေါ်နုနုအောင်တို့၏ မိခင်၊ မအေးမြတ်သဉ္ဇာဗိုလ်၊ မောင်သက်ထင်ဗိုလ်၊ မောင်သက်လွင်ဗိုလ်၊ မအင်ကြင်းမွှေးတို့၏ အဘွားသည် ၃၀-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

### ဒေါ်ခင်ခင်စု
**အသက် (၇၀)**

မင်းကင်းမြို့၊ ဈေးတန်းရပ်နေ (ဦးကံညွန့်-ဒေါ်ညို)တို့၏ သမီး၊ မန္တလေးမြို့၊ (၃၂)လမ်း၊ ၇၂×၇၃ လမ်းကြား၊ အမှတ်(၅/၄)၊ ရန်မျိုးလုံရပ်နေ မောင်ကိုကိုအောင်-မကြွယ်ကြွယ်စိုး၊ မောင်ညီညီအောင်၊ မဇင်မီမီအောင်၊ ဗိုလ်မှူးရဲမျိုးသူ-မကေသီအောင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မနှင်းရတနာသန့်၊ မောင်ညာဏ်ရဲထက်၊ မောင်ထင်လင်းထက်တို့၏အဘွား၊ ဦးအောင်သန်း၏ ဇနီးသည် ၂၉-၇-၂၀၁၇ (စနေနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကျင်ရီ
**အသက် (၅၉) နှစ်**
**ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အေးလမ်းသွယ်၊ ဝါဝါဝင်းအိမ်ရာ၊ တိုက်(၁၉)၊ အခန်း(၀၀၁)နေ (ဦးစိန်ကြူးမိုင်-ဒေါ်ခင်သူ)တို့၏သမီး၊ ဒေါ်တော၏တူမ၊ (ဦးစဝင်းကြည်)-ဒေါ်ကျင်သန်း၊ ဦးတင်စိုး-ဒေါ်ခိုင်ခိုင်ဝါ၊ ဒေါ်ကျင်အေး၊ ဦးစိုးအုပ်-ဒေါ်ဌေးဌေးရှိန်၊ ဦးမြသိန်း-ဒေါ်မြင့်မြင့်အေးတို့၏ ညီမ၊ ဦးမြင့်ဆွေ-ဒေါ်ကျင်ကျင်ညွန့်၊ ဒေါ်ကျင်ကျင်ဝင်းတို့၏အစ်မ၊ ဦးချစ်ကိုကို၏ ဇနီး၊ မခင်ကြူကြူထွန်း(ခ)ပိုချစ်၊ မောင်အာကာတို့၏ ချစ်လှစွာသောကျေးဇူးရှင် မွေးသမိခင်၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ်သည် ၂၉-၇-၂၀၁၇ (စနေနေ့) ည ၉း၃၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၇ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးသက်ပိုင်
**အသက် (၅၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ် (၂၃၆-က)၊ ဓမ္မစေတီလမ်းနေ (ဦးစောလှိုင်)-ဒေါ်ခင်စိန်တို့၏ သားကြီး၊ ဦးရဲခေါင်(ခ)ဦးမိုးကျော်-ဒေါ်ဥမ္မာအေး၊ ဗိုလ်မှူးဇော်မိုးထက်-ဒေါ်မြတ်သန္တာတို့၏အစ်ကို၊ မပွင့်သီရိပိုင်၊ မအင်ကြင်းပွင့်ဦးတို့၏ဖခင်၊ ဒေါ်တင်တင်ကျော်(ခ) ဝါဝါတင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၇-၂၀၁၇(စနေနေ့) နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၇ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**

### ဦးမောင်မောင်စိုး(လေ-၂၀၃၀၁)
**တပ်မတော်လေ(ငြိမ်း)**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့နေ ဦးလှထွန်း-(ဒေါ်မြစိန်)တို့၏သား၊ (ဦးသန်းရွှေ-ဒေါ်သောင်းသောင်း)တို့၏ သားသမက်၊ ဒေါ်တင်တင်အေး၏မောင်၊ ဦးခိုင်စိုး၊ ဒေါ်စိန်စိန်မြင့်၊ ဒေါ်စောစောမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ မြဝတီမင်းကြီး (၃)လမ်း၊ အမှတ် (၇၃၄)နေ ဒေါ်မြင့်မြင့်ဝင်း(မြို့နယ်တရားသူကြီး၊ မော်တော်ယာဉ်တရားရုံး၊ ပန်းဘဲတန်း၊ ရန်ကုန်တိုင်းဒေသကြီး)၏ခင်ပွန်း၊ မအိအိချော၊ မောင်ဟိန်းထိုက်စိုး (ခေတ္တ-ဂျပန်)-မမေသူကျော်တို့၏ ချစ်လှစွာသောဖခင်၊ မချယ်ရီယွန်းအိမ်၏ အဘိုး ဦးမောင်မောင်စိုးသည် ၃၀-၇-၂၀၁၇ ရက် နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၇ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၇ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ရွှေပေါက်ကံမြို့သစ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# မြန်မာ ယူ-၂၂ အသင်း Ryutsu အသင်းကို ရှုံးနိမ့်



မြန်မာယူ-၂၂ အသင်းနှင့် Ryutsu keizai တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇူလိုင် ၃၀**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ဂျပန်နိုင်ငံမှ Ryutsu keizai အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။

**Ryutsu keizai တက္ကသိုလ် - လေးဂိုး**
**မြန်မာ ယူ - ၂၂ - တစ်ဂိုး**

ဆီးဂိမ်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ခြေစွမ်းမြင့်မားသည့် ဂျပန်နိုင်ငံမှ Ryutsu keizai တက္ကသိုလ်အသင်းနှင့် ကစားရသည့်အပြင် ကစားသမားများ၏ တစ်ဦးချင်းနှင့် အသင်းလိုက်ကစားပုံမှာ သာမန်အောက်ရောက်နေခဲ့သောကြောင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာယူ-၂၂ အသင်းသည် အမာခံကစားသမားများဖြစ်သည့် အောင်သူ၊ စည်သူအောင်၊ လှိုင်းဘိုဘို၊ မောင်မောင်လွင်တို့ကို အသုံးပြုခဲ့သော်လည်း ခံစစ်ပိုင်းကို ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဂိုးသမား ဆန်းဆက်နိုင်ကို ပထမဆုံးပွဲထွက်စေခဲ့သည်။ Ryutsu အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး မြန်မာအသင်း၏ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ○**

# ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲနှင့် နိုင်ငံတကာအထူးစိန်ခေါ်ပွဲ ကျင်းပ



နိုင်ငံတကာစိန်ခေါ်ပွဲအဖြစ် သပြေညို(Adventure)နှင့် ဒိုင်ခိခနဲကို(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။ *ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)*

**ရန်ကုန် ဇူလိုင် ၃၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် ၂၀၁၇ ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲနှင့် နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတစ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

နိုင်ငံတကာရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် သပြေညို(Adventure)နှင့် ဒိုင်ခိခနဲကို(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ဒိုင်ခိခနဲကိုမှာ အသားစီးရထိုးသတ်နိုင်သော်လည်း သပြေညို၏ ခေါင်းတိုက်ချက်ကြောင့် ညာမျက်ခုံးအောက်ကွဲသွားပြီး ဒုတိယအချီမှာပင် ဆရာဝန်၏ဆေးစစ်ချက်အရ ဆက်လက်ယှဉ်ပြိုင်ခွင့်မရှိဘဲ အရှုံးပေးလိုက်ရသည်။

ယနေ့ ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲကို ဝိတ်တန်းအလိုက်စုစုပေါင်း ခုနစ်ပွဲယှဉ်ပြိုင်ထိုးသတ်ရာ (၅၁)ကီလိုတန်းတွင် သပြေအောင်(သုံးပန်လှ)က ဒုတိယအချီ ၂ မိနစ်တွင် သိန်းစိုး(အဖြူရောင်သွေးသစ်)ကို **စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ❋**

စစ်တောင်း၊ ဝေန

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၃၀**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေနမြစ်**

ဝေနမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ ဝေနမြစ်ရေသည် သာပေါင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အဆိုပါ မြစ်ကမ်းများအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

# (H1N1)pdm09 Positive လူနာ ၅၁ ဦးရှိပြီး အတွင်းလူနာအဖြစ် ကိုးဦး တက်ရောက်ကုသနေ သံသယလူနာများအနက်မှ ယနေ့အထိ သေဆုံးသူ ၁၀ ဦးရှိပြီဖြစ်ပြီး သေဆုံးမှုနှုန်းမှာ ၅ ဒသမ ၄၉ ရာခိုင်နှုန်းရှိနေ

**နေပြည်တော် ဇူလိုင် ၃၀**

ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီမှ ယနေ့မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၄၄ ဦးအား ထပ်မံဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ Seasonal Influenza A(H1N1) pdm 09 အတည်ပြုလူနာ ၁၀ ဦးတွေ့ရှိခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဇူလိုင် ၁၅ ရက်တွင် စတင်တက်ရောက်သော လူနာ တစ်ဦး၊ ဇူလိုင် ၂၈ ရက်တွင် တက်ရောက်သောလူနာ တစ်ဦးနှင့် ယင်းနေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံ(ဝေဘာဂီ)သို့ လွှဲပြောင်းကုသမှုပေးခဲ့သော လူနာတစ်ဦးတို့သည် ယနေ့သေဆုံးသွားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**စာမျက်နှာ ၁၁ ကော်လံ သို့ ❖**

“ နှီးဆော်ချက်များ အရေးတယူလိုက်နာပါက Seasonal Influenza A(H1N1)pdm09 ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းသွားမည် ”



